http://www.cherrythitsar.org

# ငြိမ်းကျော်

# ကိုငှက်ရိုးနှင့်

## ... သနပ်ခါးလူးခြင်း





## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

ရွှေစာပေတိုက်

ငြိမ်းကျော်

# ကိုငှက်ရိုးနှင့်
# ... သနပ်ခါးလူးခြင်း

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း- ၂၂၁၉၅၇၊ ၂၉၂၀၂၃။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် ... ၁၇၇/၂၀၀၂ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၈၃၄/၂၀၀၂ (၉)

ပထမအကြိမ်
၂၀၀၂၊ အောက်တိုဘာလ
အုပ်ရေ (၁၀၀၀)
တန်ဖိုး - (၅၀၀) ကျပ်
ဒီဇိုင်း - ရွှေ

ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ၊
အမှတ် ၅၃၃-အေ၊ ၈ ရပ်ကွက်၊ ပြည်လမ်း၊ ရန်ကုန်မှ ထုတ်ဝေ၍
ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (မြ-၀၅၇၀၁)၊
အမှတ်(၅)၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်တွင် ပုံနှိပ်သည်။

ရွှေ စာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်း- ၂၂၁၉၅၇၊ ၂၉၂၀၂၃။

# မာတိကာ


သရုပ်ပြင်းကျော်၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ၁။ မှားယွင်းသွားကြောင်းပါခင်ဗျာ | ၁ |
| ၂။ အချိန်မီသေးတယ်တဲ့ | ၁၃ |
| ၃။ သံဝေဂ | ၂၇ |
| ၄။ ဦးငက်ရှိုး၏ရေစက်ချ | ၄၁ |
| ၅။ ပိန္နဲသရက်ကြီး ငက်နိုး | ၅၉ |
| ၆။ ပုဏ္ဏားတော်ကြီး ငက်နိုး | ၇၇ |
| ၇။ သုသာန်၌ သနပ်ခါလူးခြင်း | ၁၀၃ |
| ၈။ စာဆိုတော်ကြီးသရက်ငက်နိုးနှင့် ကိုယ်တွေ့ထူးဆန်း | ၁၁၇ |
| ၉။ ကိုကိုညီမတွေကို ပြောထားနော်... ဒါပဲ | ၁၄၁ |
| ၁၀။ မွေ့လောက အင်းဝရာဇာ | ၁၅၉ |
| ၁၁။ ငက်နိုးနှင့်အပေါင်းပါများအတွက် ပညာပေးအစီအစဉ် | ၁၈၁ |

http://www.cherrythitsar.org

# ဆရာငြိမ်းကျော်၏ ကိုယ်ရေးအကျဉ်း

- ၁၉၄၃ – အဖဦးအေးမောင်၊ အမိဒေါ်အုန်းတို့မှအင်းစိန်၊ပေါက်တော ရပ်၌ ဇန်နဝါရီလ(၂၁)ရက်၊ကြာသပတေးနေ့တွင်မွေးဖွား၊ တစ်ဦးတည်းသောသား၊ ငယ်နာမည် အပါ၊ အမည်ရင်း မောင်မောင်ကြီး။
- ၁၉၄၉ –ဆရာမကြီးဒေါ်ချစ်မေကျောင်းတွင်စတင်ပညာသင်ကြား။
- ၁၉၅၂ – အင်းစိန်၊ ဆရာကြီးဦးငွေထွန်းကျောင်း၌ စတုတ္ထတန်း စကောလားရှစ် ပညာသင်ဆုရရှိ။
- ၁၉၅၉ –အင်းစိန်၊အစိုးရအထက်တန်းကျောင်းမှဟိုက်စကူးဖိုင်နယ် (ကိုးတန်းအစိုးရစစ် စာမေးပွဲ)ကို အောင်မြင်။
- ၁၉၆၄ – မောင်ယမုန်အမည်ဖြင့် ‘ချစ်သည်သာဆိုရုံမျှနှင့်’ ဝတ္ထုတို ကို မြဝတီမဂ္ဂဇင်း၌ စတင်ရေးသားခဲ့။
- ၁၉၆၄ – အင်းစိန်မြို့နယ် နည်းပြသိပ္ပံအလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းကို အောင်မြင်။
- ၁၉၆၅ – ငြိမ်းကျော်ကလောင်အမည်ဖြင့် ‘ကိုဘောဂ’ ဝတ္ထုတိုကို မြဝတီမဂ္ဂဇင်း၌ စတင်ရေးသားခဲ့။

– ၁၉၆၅ – ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် မြန်မာစာအဓိကဖြင့် ပညာဆက်လက်သင်။

– ၁၉၆၆ – နိုဝင်ဘာ (၁၃)ရက်နေ့တွင် ဦးကျော်လှ၊ ဒေါ်ကြည်တို့၏ သမီးဖြစ်သူ ဒေါ်ခင်သန်း(မတူး)နှင့် လက်ထပ်။

– ၁၉၆၉ – မြန်မာပြဇာတ် ရေစီးကြောင်း၊ သုတေသန ဆောင်းပါး (မြန်မာပြဇာတ် စာရင်း ၆၄၁ပုဒ်ကို ကျမ်းကိုး ၁၂၃အုပ်ဖြင့် ဖော်ထုတ်တင်ပြထားသော နာမည်ကျော်ဆောင်းပါး)ကို ရေးသားတင်ပြခဲ့။

– ၁၉၇၂ – မြန်မာနိုင်ငံသုတေသနအသင်းတွင် လက်ထောက်အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်။

– ၁၉၇၃ – 'ငွေတောင်၊ သုခနေ၊ မနော်ဟရီဇာတ်နှင့် သမိုင်းကြောင်း သုတေသန' စာအုပ်ဖြင့် ၁၉၇၃ခုနှစ်အတွက် အမျိုးသားစာပေ (သုတပဒေသာ ဝိဇ္ဇာ) ဆု ရရှိ။

– ၁၉၇၄ – ဘီအေ ခေါ် ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ဘာသာရပ်အားလုံး၌ စကားပြေ အထူးဆုဖြင့် အောင်မြင်၊ မဟာဝိဇ္ဇာတန်း တက်ခွင့် အရည်အချင်း အဆင့်မီ။

– ၁၉၇၅ – 'နှလုံးသားမြို့ဟောင်းတူးဖော်ချက်နောက်ဆုံးအစီရင်ခံစာ' ပထမဦးဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားထုတ်ဝေ။

–၁၉၇၆–၉၃ ဆောင်းပါး၊ စာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုများစွာ (ရုပ်ရှင်ရိုက်ရသောဝတ္ထုများ အပါအဝင်)ကို ရေးသားပြုစုထုတ်ဝေ။

– ၁၉၉၄ – ‘ထားခဲ့ပြီ’ ကိုယ်ပိုင်လုံးချင်းဝတ္ထုကို ကိုယ်တိုင်ဒါရိုက်တာလုပ်၍ ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးတင်ပြ။

– ၁၉၉၅ – ‘ဇနီးကောင်း၊ အမေကောင်း၊ အမျိုးသမီးကောင်း’ မဂ္ဂဇင်းဝတ္ထုရှည်ကို ရွှေကိန္နရီမဂ္ဂဇင်း (ဩဂုတ်လထုတ်) တွင်နောက်ဆုံး အဖြစ်ရေးသားခဲ့။

– ‘အချစ်ရယ် တောင်စွယ်မှာ နေကွယ်မှတော့’ ကိုနောက်ဆုံးလုံးချင်းဝတ္ထု (နှစ်တွဲ)အဖြစ် ရေးသားထုတ်ဝေ။

– ၁၉၉၅ – အောက်တိုဘာ (၁၇)ရက်၊ ပေါက်တောရပ်ကွက်၊ အင်းစိန်နေအိမ်တွင်ကွယ်လွန်သည်

ကွယ်လွန်သွားချိန်၌ဇနီးဒေါ်ခင်သန်း(မတူး)နှင့် သား သမီး (၇)ဦး ကျန်ရစ်။

ကွယ်လွန်ချိန်အထိ လုံးချင်းစာအုပ် (၈၉)အုပ်(ငွေတောင် သုတေသနစာအုပ် ၁ အုပ်နှင့် ဝတ္ထုလုံးချင်း ၈၈ အုပ်)၊ ဝတ္ထုရှည်(၂၉)ပုဒ်၊ ဝတ္ထုလတ်(၃၈)ပုဒ်၊ ဝတ္ထုတို(၁၁၂)ပုဒ်၊ သုတေသနစာတမ်း (၇)စောင်၊ ဆောင်းပါး (၂၅)ပုဒ်နှင့်တကွ ပျူပြက္ခဒိန်ဆိုင်ရာ သုတေသနကိစ္စရပ်တို့ကို ရေးသားပြုစုထားခဲ့ပါသည်။

http://www.cherrythitsar.org

# မှားယွင်းသွားကြောင်းပါခင်ဗျာ

## [ ၁ ]

စိတ်ညစ်ညစ်ရှိတာနဲ့ ရှာဦးကျောင်းက စာချကိုယ်တော်လေးဆီ သွား၊ ဟိုစကားဒီစကား ပြောရတာပေါ့။ စကားထဲ စိတ်ရောက်နေလို့ ထင်ပါ့၊ အိမ်ကမိန်းမ မိဗိန်မတို့၊ သားသမီးတို့ကို သတိမရဖြစ်ဘူး။ စောစောက ဒေါပွနေတာလေးတွေ ပျောက်သွားပါရဲ့။ တွဲရေးခွဲရေး နောက်ကြောင်းပြန်ကိစ္စတွေထဲ၊ ကိုးဆယ့်တစ်ဌာနထဲမှာ စကားတွေ နစ်သွားတာနဲ့ အိမ်ကိုသဘောမတွေ့တာ ဘယ်ရောက်မှန်းမသိတော့ဘူး။ ညနေ နေစောင်းတော့မှ ကျောင်းကပြန်လာရင်း အိမ်ကိုမပြန်ချင်သေးဘူး။ အိမ်ရောက်ရင် မကျေနပ်တဲ့စကား ပြန်စမိဦးမယ်။ ဒါနဲ့ ရှေ့ကခြံထဲ လှမ်းကြည့်တော့ အိမ်ရှေ့မှာ စံပယ်ပင်ရေလောင်းနေတဲ့ ဘကြီးဦးကြာဖူး ကို တွေ့ရော။ ဘကြီးဦးကြာဖူးက စည်းရိုးကြခတ်တွေ ကြားကနေ

http://www.cherrythitsar.org



'ဟကောင်၊ ခုနလေးတောင် မင်းတို့အိမ် ငါရောက်သေးရဲ့၊ မင်းမရှိလို့ ခဏတစ်ဖြုတ်ထိုင်ပြီး ပြန်လာခဲ့ရတယ်၊ လာလေကွာ၊ ပန်းပင်တွေ ရေလောင်းလို့ ပြီးပါပြီ' တဲ့။

ဒါနဲ့ အိမ်မပြန်ချင်သေးတာနဲ့ ခြံထဲ စွေ့ခနဲဝင်ဖြစ်သွားရော။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

သံဆုံလေးထဲကို ကွမ်းရွက်၊ ကွမ်းသီးစုံ အကုန်ထည့်ထောင်းပြီး အတော်ညက်တော့မှ ပါးစပ်ထဲပက်သွင်းရင်း မြုံ့နေတဲ့ ဘကြီးဦးကြာဖူးက...

'မင်းမိန်းမကရော၊ ကလေးတွေကရော ပြောပါတယ်၊ မင်းစိတ်ဆိုးလို့ အပြင်သွားတာတဲ့၊ ဘာဖြစ်ကြတာတုန်း၊ မင်းတို့ဟာ တကျက်ကျက်နဲ့'

'ပြောမရဆိုမရတာများလွန်းတော့ ကျုပ်လဲ စိတ်ထွက်လာတာနဲ့ ထဆဲပစ်တာ ဘကြီးကိုကြာဖူးရ'

'မင်းနှယ်... ငှက်ရိုးနှယ်ကွာ၊ စိတ်ကို လျှော့လဟ၊ စိတ်ဆိုတာ လျှော့ရတဲ့ပစ္စည်း ငါ့လူရ'

http://www.cherrythitsar.org



'လျှော့ပါသော်ကောဗျာ၊ ဟို... ဆယ့်လေးငါးနှစ်နဲ့ ခုစိတ်နဲ့ ကွာပါရဲ့၊ ပြောမရဆိုမရတာက တစ်ကြောင်း၊ တစ်ဖက်က ပရိယေသန ရှာရဖွေရတာက တစ်ခက်၊ မနှစ်ကလဲ စပါးက အထွက်မကောင်း၊ မိုးက ခေါင်၊ ပိုးကကျ၊ ချစ်တီးကြွေးက ထပ်တက်၊ တိုင်းရေးပြည်ရေးက ခပ်လှုပ်လှုပ်၊ ဟိုပူ ဒီပင်ရနဲ့၊ ပြောစကား နားမထောင်၊ ကိုယ်ဖြစ်စေချင် သလို မနာခံတော့ သင်းတို့ကို စိတ်ဆိုးသပေါ့ဗျာ'

ဘကြီးဦးကြာဖူးက ကွမ်းမှုန့်မြုံ့ရင်း စွေစောင်းစောင်းကြည့် တယ်လေ။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး 'အင်း'တဲ့၊ ရင်ခေါင်းသံနဲ့ သံရှည်ဆွဲပြီး...

'ငါ့မှာ သားငါးယောက်၊ သမီးငါးယောက်၊ အခု မြေးဆယ့် တစ်ယောက်၊ ငါက မင်းထက် စိတ်ကြီးချင်တောင် ကြီးမယ်၊ စကားက နောက်၊ လက်ကအရင်၊ ဒါဆိုဒါ၊ ဘူးဆို ဖရုံမသီးနဲ့၊ ငါ့တုန်းက ငါ့ မိဘတွေ ပုံသွင်းသလို ငါလဲ ပုံသွင်းတာပဲ၊ ထင်သလောက်မရခဲ့ဘူး ငှက်ရိုး၊ ဒေါသူပုန်ပေါ့ကွာ၊ လောကဓာတ်ကျောင်းထားပေးတာ ပျင်းတယ်ပြောတဲ့သူကပြော၊ ကျောင်းကထွက်ပြေး၊ ရှာရဖွေရ၊ စုံစမ်းရ၊ အဲဒီတုန်း လင်နောက်ထလိုက်တဲ့သူက လိုက်၊ မင်းတို့အရီး ဒါလောက် မျက်ကြောသေရ ကောင်းလားဆိုပြီး ဆဲဆို ကြိမ်းမောင်း၊ မှတ်မယ်၊ သင်ခန်းစာယူမယ်ထင်လား၊ လူကုန်၊ ပြဿနာကုန်မှ မီးတစ်ဆက် ငြိမ်းတာမထင်နဲ့၊ လာပြန်ပြီ၊ မြေးအကြီးဆုံးက ကျောင်းပြေးတယ် ဆိုလား၊ သူ့အဖေနဲ့ ငါ့သမီးနဲ့ လင်မယား စကားများကြရော၊ မပြီးတာ ငါပြောပြတာ'

လေအေးအေးနှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောတတ်သူလို့ ဘကြီးဦးကြာဖူးကို ခေါ်ဝေါ်ထိုက်ပါပေတယ်။ အခုလည်း အေးအေးပဲ။ အသံချိုချိုနဲ့၊ အသံ

http://www.cherrythitsar.org



သာသာနဲ့ နားထောင်လို့ကောင်းပါတယ်။ တရားဓမ္မစကားလုံးသာ မပါတာ၊ တရားသံဝေဂသဘောက ပါပြီးသား။ ဘကြီးဦးကြာဖူးနဲ့ ကျုပ်နဲ့ မတူတာတွေ အများကြီးရယ်။ ကျုပ်က အိမ်ကဟာမကြီးနဲ့ ဟာတွေကို ရွှေပေါ်မြတင်ထားတာ။ အရီးက ကိုယ်တိုင်ကောက်စိုက်ရတယ်။ ဗိန်မက လယ်ထဲကိုထမင်းပို့တောင် မလာစေရဘူး။ အိမ်မှာ ထမင်းဟင်းချက်ရုံပဲ။ အဝတ်လျှော်ရင် အငှားဒိုဘီမကိုအပ်။ သူ့တာဝန်က သားသမီးတွေရဲ့ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ လောကဓာတ်ကျောင်းမှာ အတန်း မှန်မှန်အောင်ရေး။ ကျုပ်က စီးပွားဖိရှာတယ်။ တစ်နေ့တစ်နေ့ လယ်ထဲ ချောင်းထဲမှာ၊ နွေလသီတင်းမှာ နားမယ်မထင်နဲ့။ လယ်တစ်ပယ် တစ်ဧက နှစ်တိုင်းတိုးချဲ့ရလို့ ပြင်ရဆင်ရ။ လယ်ထဲ ကိုယ်တိုင်ဆင်း၊ နွားနဲ့ဖက် ကျုံးရုန်း။ သူရင်းငှားနဲ့ ကောက်စိုက်သမတို့ကို လယ်ကူလီနဲ့ချည်း မျက်နှာလွှဲထားကျင့်က မရှိ။ ဒီတော့ တစ်ခါတလေ ဖျားပြီဆိုရင် ကိုင်ရိုက်ထားသလား၊ မောင်းဆုံထဲ ထည့်ထောင်းထားသလား ထင်ရတယ်။ ကျုပ်ခေါင်းထဲမှာက ကိန်းဂဏန်းတွေပဲ ရှိတယ်။ ပိုင်စေ့၊ ပြားစေ့၊ မူးစေ့၊ မတ်စေ့၊ ငါးမူးပြား၊ ကျပ်ပြား၊ ရွှေဒင်္ဂါး၊ မြင်းစီးလုံထိုးနဲ့ ဆံမြိတ်ထုံးချည်း မြင်တယ်လို့တောင် အပေါင်းအသင်းတွေက နောက်ကြ ပြောင်ကြတယ်။ ရွှေဒင်္ဂါးပြားရဲ့ ခေါင်းပန်းပုံတွေလေ။ ဆံမြိတ်ထုံးနောက်ကိုချည်း လိုက်တယ်လို့ ဆိုလည်းဆိုကြပေါ့။ စားဝတ်နေရေး၊ တိုးတက်ကြီးပွားရေးက မြင်းစီးလုံထိုးမှ၊ ဆံမြိတ်ထိုး မိန်းမချောအဝိုင်းလေးတွေ ရှိမှကိုး။ ဒီတော့ သားသမီးတွေနဲ့ ကင်းကွာရကောင်းလား ပြောချင်ပြောပေါ့ဗျာ။ ကျုပ်က မိန်းမကို ယုံကြည်ပြီးသားပဲ၊ သူ့တာဝန်ပါတဲ့။ ကလေးတွေကြောင့် ရှာရဖွေရနောက်ဆံမငင်စေရပါဘူးတဲ့။ သူ့ပဋိညာဉ်ပဲ။ ကျုပ်ယုံတာပေါ့။ ယုံ

http://www.cherrythitsar.org



မိတ္တာ စမှားပြီ။ မှားမှန်းသိတော့ နောက်ကျပြီ။ အဲဒီနှစ်က ကျုပ်လယ် အထွက်ကောင်း၊ စပါးဈေးကောင်း၊ တိုင်းပြည်ကလဲ အေးလို့။ ဒါနဲ့ နှစ်ဆောင်ပြိုင်အိမ်ကြီး ဆောက်ရော၊ ဆောက်နေတုန်းပဲ သမီးအကြီးမက ဆိုင်းမဆင့်ဗုံမဆင့်နဲ့ လင်နောက်ထလိုက်ရော။ ကျုပ်က သဘာဝတရား သိပါရဲ့။ 'လောကတံထွာ လူတို့ရွာ၊ ဘာသာဓလေ့ သိကောင်းပေ့' ဆိုတဲ့ စကားနဲ့အညီပါ။ လောကဓာတ်ကျောင်းက အောင်လို့ ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်ကြီးကို ပို့ထားတုန်း ထလိုက်သွားတာ။ စိတ်က ဆိုးလို့ သူရိယသတင်းစာထဲမှာ သမီးအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာပစ်ထည့်လိုက်ရော၊ အဲ... ဒါပေတဲ့ မွေးဖွားခါနီး ဗိုက်တကား ကားနဲ့ ဗိန်မက တစ်ဖက်လှည့်နဲ့ ခေါ်လာတယ်လေ။ ကျုပ်အိမ်က မီးနေခန်းဖြစ်သွားရော...။

ဗိန်မက သားသမီးချစ်တာ ခွေးသားအုပ်မ၊ ကြက်သားအုပ်မ ချစ်သလိုချစ်တာ။ ကျုပ်က သားသမီးတွေကို ဘယ်သူက ဘာဖြစ်ရမယ် ဆိုတဲ့ အမြော်အမြင်စိတ်နဲ့။ သူက ချွေးခံအိတ်ထဲက မူးစေ့၊ ဒင်္ဂါးပြားတွေ ထုတ်ထုတ်ပြီး ရှော့ အင့်၊ ရှော့ အင့် လုပ်နေရရင် မိဘမေတ္တာထင်နေ တာ။ သားသမီးပြောသမျှ အကုန်ယုံတာချည်း။ နံနက်ဈေးသွား၊ ဈေးခြင်း တောင်း ဆွဲပြန်လာ၊ ချက်ပေ့။ သားသမီးတွေနဲ့ ဝိုင်းဖွဲ့စား၊ ဟုတ်ပေ့ပဲ။ ကျုပ်ကျတော့ လယ်တောထဲကို ထမင်းပို့ နောက်ကျလို နောက်ကျ။ နံနက် ထမင်းလေးစားပြီး လယ်ထဲဆင်းရခါနီး ထမင်းမစားရ၊ စားတော် ပဲပြုတ်သည် ခေါ်မထားဖြစ်တာနဲ့...။

ကျုပ်ကိုယ်ကို ငွေရှာပေးတဲ့နွား၊ ငွေရှာတဲ့စက်နဲ့နှိုင်းပြီး တန်သရွေ့ ဂရုစိုက်ဖော်ရပါလို့ အတန်တန်ပြောဖူးတယ်။ လယ်တောထဲ ဆင်းခိုင်းမယ့်နွားကို အစာရေစာမမှန်၊ မှက် ခြင်ယင် မကာကွယ်ရင်

http://www.cherrythitsar.org


ပိန်ချုံးချည့်နဲ့မယ်။ ခိုင်းအားမကောင်းရင် အလုပ်မတွင်ကျယ်ဘူး။ ကြာကြာမခိုင်းရဘူး၊ ငွေလုပ်တဲ့စက်ဆိုရင်လည်း အင်ဂျင်ဝိုင်၊ ဓာတ်ဆီ၊ ရေနံဆီ၊ ရေ ထည့်တန်ထည့်။ ဒီလို ဂရုစိုက်တာမျိုး ရှိဖို့ပြောလည်း အလကားပါ။ ပြောရလွန်းလို့ လျှာရှည်တဲ့ဖြဟ္မာမင်းတွေတောင် ကျုပ်ကို ဆလံသသွားပါပြီ...။

'ဒီလောက်ပြောရလွန်းတော့ ဟုံသွားပြီ၊ ဘာမှမမှတ်မိတော့ဘူး'တဲ့၊ ဗိန်မစကား၊ သင်းစကားလေ။ ပြောလွန်းတဲ့ ကျုပ်ပဲ အပြစ်တောင်ဖြစ်အောင် လီဆယ်တာလေ။ မပြောဘဲနေခဲ့တုန်းကတော့ရော...။

'ပြောမှသိမှာပေါ့၊ နဖူးမှာ ကျောက်သင်ပုန်းရှိတာမှ မဟုတ်ဘဲ' တဲ့...။

ဒါနဲ့ အိမ်မှာ သားခြောက်ယောက်၊ သမီးခြောက်ယောက်က တစ်ပြဿနာပြီး တစ်ပြဿနာ။ ရည်းစားစာခိုးရေးတာ ကျုပ်တွေ့လို တွေ့ရ။ ညခုနစ်နာရီ ဘုရားရှိခိုးရမယ်ဆိုတဲ့ ကျုပ်ရဲ့ မဟာဒါန် သံမဏိ စည်းကမ်းဥပဒေသကြီးကလည်း ပျော့စိပျော့စိဖြစ်လာပြီ။ ဗိန်မက ဘာမဆို စိတ်လိုစိတ်ရ ဘုရားရှိခိုးမယ်ဆိုရင်လည်း ရှိခိုးနေပြန်ရော။ တစ်ခါတလေပျက်တာများ လနဲ့နှစ်နဲ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာ သက်တော်ထင်ရှားရှိရင် 'ဟဲ့... ဒါယိကာမ၊ သင်ကား မည်သူနည်း'လို့ မမှတ်မိနိုင်တဲ့အထိ စိမ်းခဲ့တာ...။

ကျုပ်နဲ့ ယူခါစက စာပေ ပရိယတ္တိဖတ်တယ်။ မြန်မာ့အလင်း မဂ္ဂဇင်းတို့၊ သူရိယသတင်းစာ၊ သံတော်ဆင့်သတင်းစာ၊ ဟံသာဝတီ မဂ္ဂဇင်းတို့ ဖတ်တယ်။ နံပတ်တစ်ရာ့နှစ်ဆယ် ပြဇာတ်ဘုတ်အုပ်တွေ၊ တရားစာတွေ ဖတ်သဗျ။ အထင်ကြီးစရာကြီးရယ်။ ကျုပ်နဲ့ရလို့ သုံးနှစ် သုံးမိုးလည်း နေရော၊ ပျင်းကြောထူလာတာ ဗိုက်ခေါက်နဲ့ အမျှပါပဲ။

http://www.cherrythitsar.org



ဓာတ်ပွဲလက်ကမ်းစာရွက်တို့၊ ဆေးအညွှန်းစာရွက်တို့လောက်တောင် ကြည့်ဖော်မရသလောက်...။

သားသမီးတွေကို တိုးတက်ထွန်းကားစေချင်တဲ့ စေတနာ မေတ္တာနဲ့ ချစ်တာမှမဟုတ်ဘဲလို့ ကျုပ်ဖြင့် ထင်လာတယ်။ ကလေးတွေ က ပြောရဆိုရ ကျပ်ကျပ်လာတယ်။ ကျုပ်က ကောင်းတယ်ဆိုတဲ့ဟာ ဆိုရင် ကောင်းတယ်မထင်ဘူး။ ကျုပ်စကား မအောင်တော့သလိုလို ဖြစ်လာတော့ စိတ်လဲပျက်၊ ဒေါလဲပွလာတာပေါ့၊ ကြာပြီ...။

'ဒါတော့ဒါပေါ့ ဘကြီးရာ၊ အိမ်မှာက အကြိုက်ချင်းမတူကြ တာက တစ်နေ့ထက်တစ်နေ့ ပိုပိုသိသာလာတယ်၊ ဥပမာဗျာ.. အဖိုးတန် သက္ကလတ်အင်္ကျီကို ရိုးကုမ္ပဏီက ကျုပ်ဝယ်ပေးတယ်၊ မဝတ်ချင်ကြဘူး၊ ကော်လံတိုတို ပခုံးချပ်ချပ်၊ ဆင်းရဲသားတွေဝတ်တာမျိုးမှ သဘောကျ တယ်၊ ဈေးကတော့ ဘလေဇာကုတ်ထက် ကြီးပါရဲ့။ အကြိုက်က တစ်မျိုးစီ၊ ဓာတ်ပြားသီချင်းကအစ သူတို့က ခေတ်ဆန်းတီးလုံးမှ၊ ဗောက်ပြားမှ၊ ခက်သားကသား'

'အလတ်ကောင်က ကုန်သည်လုပ်ချင်တယ်ဆို'

ကျုပ်က ဘကြီးကို ခေါင်းညိတ်ရင်း...

'ဂုဏ်သရေရှိတဲ့ အရာရှိ အရာခံဖြစ်စေချင်လို့ ကျုပ်ပဲ ကျုံးရုန်း ရှာပေးနေတာပေါ့၊ ဒါကြောင့် အတန်းကျောင်းထားတာပေါ့'

'သူတို့က အတန်းကျောင်းဆိုလဲ အင်္ဂလိပ်ကျောင်းစစ်စစ်မှာပဲ တက်ချင်တယ်ဆိုလားပဲ'

'ဒါတော့ မဖြစ်ဘူး ဘကြီး၊ ဘိုဆံတောက်နဲ့ ရိုးရာမဟုတ်တာ တော့ အားမပေးဘူးဗျာ'

http://www.cherrythitsar.org



'မင်းမလဲ ဟိုလူ ဟိုလိုဖြစ်စေချင်၊ ဒီလူ ဒီလိုဖြစ်စေချင်နဲ့ မိသားစုသောက တယ်လဲများတာပဲ ငှက်ရိုး'

'သူတို့အတွက်ပါ ဘကြီးရဲ့'

'သူတို့အတွက်ဆိုပေတဲ့ ကုန်ကူးသန်းရောင်းဝယ်တာကို ဝါသနာပါတဲ့ကောင်ကို မင်းက ကျောင်းပဲနေရမယ်ဆိုပြီး အတင်းပြန်ထားတော့ သူ့အလို ကိုယ့်အလို ကဏ္ဍကောစဖြစ်ကုန်ရော'

'ကောင်းတာစီစဉ်ပေးတာပဲ ဘကြီးရာ'

'မင်းလို ငါကြုံခဲ့ ၊ တွေ့ခဲ့ဖူးတာပဲ ငှက်ရိုး၊ ကိုယ်ပြုပြင်စီရင်သလို ဖြစ်ချင်မှဖြစ်တာ'

'အဲဒီစကားကို လက်ခံဖို့ ကျုပ်မှာ အတော်အခက်သားဗျ'

ဘကြီးဦးကြာဖူးက တစ်ချက်ရယ်၏။ ထို့နောက်...

'ငါအသက်ခြောက်ဆယ်အထိ မင်းအခုပြောတာမျိုး ပြောခဲ့သေးတယ်၊ ခြောက်ဆယ်စွန်းစမှာပဲ ဖြစ်ချင်သလို ဖြစ်ချင်မှဖြစ်တာလို့ သိလာတာဟ၊ ညှပ်ပုံနဲ့ ဒင်္ဂါးပြား ပုံသွင်းသလို လူတိုင်းကို၊ အိမ်ထောင်တိုင်းကို ရကိုရရစေ့မယ်ပေါ့၊ ရွှေငွေသစ်သားလို၊ ရွှံ့လိုဟာကိုတော့ ဆောက်ဖြတ်၊ ရွှေပေါ်ထိုး၊ လှီးဖြတ်ဖဲ့ရတာပေါ့ ငှက်ရိုး၊ လူကျတော့ ခက်သားကွ၊ ဘီအေအုပ်ပေါင်းတဲ့၊ တိုက်ပုံတဲ့၊ တွေ့လား ခေတ်က၊ လက်ရှည်ကနေ လက်စကတဲ့၊ ဇာသော်လီမှာ ဇာနားဇာတွန့်တဲ့၊ အမျိုးသမီးဝတ်အသင်းတဲ့၊ သခင်မတဲ့၊ ဘုရင်ခံနဲ့ အတွင်းဝန်ရုံးကို ဝိုင်းဟယ်ပြုဟယ်တဲ့၊ မျက်စိအောက်တွင် ခုတစ်မျိုး တော်ကြာတစ်မျိုး၊ စကြာမင်းတဲ့၊ စကြာမင်း အလိုမရှိတဲ့၊ ဘာတတ်နိုင်မှာလဲကွာ၊ စဉ်းစားနော်... စဉ်းစား...'

http://www.cherrythitsar.org



'ကျုပ်ကတော့ ကျုပ်စိတ်တိုင်းကျ ရအောင်ကို ပြုပြင်ယူမယ် ဘကြီးရာ'

'အားလုံးကို ကိုယ်က သဘောမတွေ့၊ အားလုံးကလဲ ကိုယ့်ကို သဘောမတွေ့ ဖြစ်လာမယ်၊ တော်ကြာ ရွာအရှေ့ပိုင်းက ဟို... အဘိုးကြီးလို ဖြစ်လာဦးမယ်၊ တစ်ရွာလုံးနဲ့ မတည့်တဲ့ဘဝရောက်ရော'

'ကျုပ်က အဲသလိုတော့ အားလုံးကို အလိုမကျ လျှောက်ဖြစ်နေတာမျိုးတော့ မဟုတ်ဘူးဗျာ၊ မိန်မနဲ့ကလေးတွေကို ကျုပ်ဖြစ်စေချင်တဲ့၊ ကောင်းတဲ့၊ တော်တဲ့ဟာမျိုးတွေ ဖြစ်စေချင်တာပါ'

ကွမ်းမှုန့်တွေကို မြုံ့လျက်နှင့်နေရင်း ခဏတွေနေပြီးမှ...

'ကိုယ်ဖြစ်စေချင်သလို ဆိုတာလဲ တစ်ကဏ္ဍပေါ့ကွာ၊ သူဖြစ်စေချင်သလို ဆိုတာလဲ မင်းနှလုံးသွင်းပေါ့၊ ငါသိသမျှတော့ လောကကြီးကို ကျေနပ်လို့ သေသွားတဲ့သူ အတော်ရှားမယ်၊ ကိုယ့်ကိုယ်နဲ့ ကိုယ့်စိတ်တောင် အစေးမကပ်တာ ရှိသေးတာပဲ၊ ခုနေ ငါ့မှာက သွားမရှိ၊ ကြက်ရိုးကို ခြွမ်းခြွမ်းကိုက်စားချင်တာက စိတ်၊ ခက်ကရော၊ မင်းက ချက်ကျွေးတာကြက်ရိုး၊ သူတို့မှာက သွားမရှိရင်ခက်ရော'

'ကံဆိုတာ ကမ္မ အလုပ်၊ လုပ်ရင်ဖြစ်ပါတယ်ဗျာ'

'လုပ်တိုင်းမဖြစ်တတ်ပါကလားဆိုတာ ငါ့အသက် ခြောက်ဆယ်ကမှ သိလာတာ၊ ကိုယ်တွေ့ ငှက်ရိုး၊ မင်း အသက်ခြောက်ဆယ်ဆို အင်း... ငါရှစ်ဆယ့်ရှစ်၊ ရှိကောင်းရှိပါရဲ့၊ သူငယ်မပြန်သေးလို့ ရှိနေသေးရင် မင်း အခုမှ ငါးဆယ်သာသာလေး၊ မင်း အဲဒီတော့ ငါ့လာပြော၊ မင်းဖြစ်ချင်သမျှ ဖြစ်မဖြစ်၊ မင်းရအောင် ဖန်တီးတာတွေ ဖြစ်မဖြစ်၊ မကောင်းဘူးလား'

http://www.cherrythitsar.org



ကျုပ်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝနဲ့ပဲ။ ဘာလို့ မဖြစ်ရမှာလဲ။ အိမ်ကဟာတွေမှာ မြင်တဲ့မျက်လုံး၊ ကြားတဲ့နား အပြည့်အစုံ ရှိထားကြတာပဲ။ ထမင်းနဲ့မစင်နဲ့ မှားယွင်းစားတာမျိုး ရှိမှမရှိကြတာ။ သူတို့မှာ အဆိုးအကောင်း ခွဲခြားနိုင်နေတာပဲ။ ဈေးသွား၊ ကျောင်းသွား ဆော့ကစားပြီး အိမ်မှား၊ ရွာမှား ပြန်တဲ့အထိ မှတ်ဉာဏ်ချွတ်ယွင်းနေတာမှ မဟုတ်ဘဲ။ အကောင်းဆုံး၊ အဖိုးတန်ဆုံးတွေ လိုချင်၊ ရချင် ခံစားချင်တဲ့ ဟာတွေပဲ။ ပြောရင် ရရမယ်။ ဆုံးမရင် လိုက်ကိုလိုက်နာရမယ်။ ခိုင်းရင် လုပ်ရမယ်။ ညွှန်ပြရင် နာခံရမယ်။ တားမြစ်ရင် နာယူရမယ်။ သင်ရင် တတ်ရမယ်။ မကောင်းမြစ်တာ အစချီတဲ့ ကျုပ်ဝတ္တရားတွေ မပျက်သရွေ့ သူတို့ဝတ္တရား ကျေပွန်ရမယ်။ လင့်ဝတ္တရား ကျေတဲ့အတွက် မယားဝတ္တရားကျေပွန်ရမယ်။ ဘာလို့ မဖြစ်ရမှာလဲ။ ဖြစ်ကိုဖြစ်ရမယ်။ တစ်ဆံခြည် တစ်သဝေမတိမ်း မလျော့စေရ...။

* * * * *

http://www.cherrythitsar.org

# [ ၃ ]

ကနေ့ ကျုပ်ငှက်ရိုး အသက်ခြောက်ဆယ် တင်းတင်းပြည့်ခဲ့ပြီ။

ကန်တော့ဖွယ်ပစ္စည်းတွေကို ထမ်းပြီး ဘကြီးဦးကြာဖူးတို့ အိမ်ဘက် ထွက်ခဲ့တယ်။ ဦးချပြီးတော့မှ တစ်ချိန်က ကျုပ် တစ်ယူသန်ပြီး ဇွတ်ခေါင်းမာရင်း ပြောဆိုခဲ့တဲ့ စကားတွေ မှားပါကြောင်း တောင်းပန် ရမယ်လေဗျာ...။

အင်း... ကျုပ်လိုလူတွေ အများကြီးရှိဦးမှာပါ။ ။

■ *ကလျာမဂ္ဂဇင်း၊ ၁၉၉၂ ခုနှစ်၊ ဧပြီလ။*

http://www.cherrythitsar.org

# အချိန်မီသေးတယ်တဲ့

## [ ၁ ]

ကျုပ်က တစ်ယူသန်သမားလို့ ကျုပ် မထင်ပါဘူး။ ကျုပ်မှာက ကျုပ်ရဲ့အကြောင်းပြချက်နဲ့ ကျုပ်ပါ။ လူငယ်လူရွယ်ကတည်းက ကျုပ်က စကားတစ်ခွန်းကို အမှတ်မဲ့မပြောဘူး။ ဒါပေမယ့် အများနဲ့ကတစ်မျိုး ဖြစ်နေတယ်။ အများရဲ့ ထင်မြင်ပြောဆိုနေတာနဲ့က ကျုပ်နဲ့က မတူဘူးလေ။ မတူတာမှ တစ်ပုံတစ်ပင်။ အများဆို တခြားမပြောနဲ့။ အဘိုးအဘွား၊ အဖေ အမေတို့နဲ့တောင် ကျုပ်နဲ့က တစ်မျိုးစီ။ ငယ်ငယ်ကတည်းကဗျ။ ကဏန်းတွင်း မနှိုက်ရဘူးတဲ့။ ဘာလို့ မနှိုက်ရမှာလဲ။ လူကြီးတွေက မြွေဝင်အောင်းနေရင် လက်ကိုခဲမယ်တဲ့။ တုတ်ထိပ်မှာ သံချိတ်ချိတ်ပြီး နှိုက်တာပဲ။ ဘယ်လာ လက်ကိုထိမလဲ။ ဒီတော့ သူများအသက်ငရဲကြီးမယ်တဲ့။ ငရဲဆိုတာ ဘယ်သူမှ လက်ညှိုးထိုးပြနိုင်တာလည်း

http://www.cherrythitsar.org



မဟုတ်။ ငရဲပြန်က ဘိလပ်ပြန်လို ဘယ်ရွှေ့ဘယ်ဝါ ပြန်ပြောပြနိုင်တာလည်းမရှိ။ ကျုပ်ကို စကားကတ်သတ်တယ်တဲ့။ လျှာရှည်တယ်တဲ့။ ငါ့စကားနွားရတဲ့။ အငြင်းသန်သတဲ့။ ငရဲဆိုတာထားတော့။ ကျုပ် နှိုက်လာတဲ့ ကဏန်းလိုပဲ။ 'အဲဒီကငါး'ဆိုပြီး လာရောင်းတော့ ဝယ်ကြရော။ ငါးရံ့၊ ငါးခူအကောင်ကြီးကြီး၊ ငါးရှဉ့်အကောင်ကြီးကြီး လက်ညှိုးထိုးဝယ်ရော။ ရောင်းတဲ့သူက တုတ်နဲ့ ခေါက်ဂုတ်ရိုက်ပေးပြီး ချိန်ခွင်ပေါ်တင်ရောင်းတာ ဝယ်စားတာပဲ။ ပုံ့သကူသားပဲလေ။ ကျုပ်ကလည်း ကြွက်ထောင်၊ ချိုးထောင်၊ ဖားရိုက်၊ ကဏန်းနှိုက်၊ ကျုပ်ကိုယ်တိုင်သတ္တဝါကိုချွတ်ပေးတာ။ သတ္တဝါဆိုတာ ကိုယ်ချွတ်မှ ကျွတ်တာဆိုပြီး ပြောတော့ အမေကအစ မျက်စောင်းခဲပြန်ရော။ လေးခွနိုင်တဲ့ အရွယ်ကျတော့ သရက်သီးပစ်တယ်။ ငှက်ပစ်တယ်။ တချို့အိမ်က...

'ဟဲ့... ငှက်ရိုး၊ ဘုရားစင်ကမှန်ကူကွက် နင့်ကြောင့် ကွဲသွားပြီ၊ လျော်ပေး၊ မပေးရင် သူကြီးနဲ့သွားတိုင်မယ်' တဲ့။ ကျုပ်က အဖက်တောင်မလုပ်ဘူး။ အိမ်လာတိုင်ရော၊ သူကြီးအိမ်ရောက်ရော၊ ကျုပ်ကကျုပ်စကားကိုပဲ ထပ်ပြောတယ်...။

'ကျုပ် သူ့ဘုရားစင်မှန်ကို ပစ်တာမဟုတ်ဘူး၊ ဘုရားပေးပေး၊ ကျမ်းပေးပေး မြေကိုင်ပြောဆို ပြောပါတယ်၊ ပစ်တာငှက်၊ သစ်ကိုင်းမှန်ပြီး သစ်ကိုင်းကနေ လောက်စာလုံးလွင့်သွားတာ ဘယ်တတ်နိုင်မှာလဲဗျ'

သူကြီးက နှုတ်ခမ်းမွေးသရင်းနဲ့ ကျုပ်ကိုပြောတယ်။

'မင်းလေးခွကြောင့်ထိတာ မင်းတာဝန်ပေါ့ ငှက်ရိုးရ'

'ငှက်က အဲဒီအိမ်ရှေ့မှာလာမနားရင် ကျုပ်ဘယ်လာပစ်မိမှာလဲ၊ ဘုရားစင်မှန်ကွဲရတာ ကျုပ်ကြောင့် မဟုတ်ရပေါင်ဗျာ၊ ရှင်းနေတာကြီး၊ ငှက်ကြောင့်မှန်ကွဲရတာ ထမင်းစားတဲ့လူဆို သိတာချည်းပဲ'

http://www.cherrythitsar.org



လက်ခံခဲ့ရတာပေါ့။ ကျုပ်ပြောတာကိုး။ ကျုပ်ပြောတာ အမှန်တရားပဲ။ သူတို့မျက်နှာတွေ ရှုံ့တွသွားကြတာပေါ့ဗျာ။ ကျုပ်က ပြောစရာ ရှိပြီဆိုရင် အဲသလို...။

ကျောင်းတက်ခဲ့တုန်းကလည်း အတန်းထဲမှာ ကျုပ်နဲ့ အခြေအတင်ဖြစ်ခဲ့ရတာတွေ အများကြီးရှိတာပေါ့ဗျာ။ ဆရာပေးထားတဲ့ အလီတွေကို ကျုပ်ကလွဲရင် တစ်တန်းလုံးရကြတယ်။ မရတဲ့ကျုပ်ကို မတ်တတ်ရပ်ခိုင်းတယ်။ ကျုပ်က မရပ်ဘူး။ ကျောင်းအုပ်ဆရာကြီး ရောက်လာရော။

'သြော်... ငှက်ရိုး၊ မင်းစာရအောင် ဘာလို့ကျက်မလာသလဲ' တဲ့။

'ကျွန်တော်ကျက်ပါတယ် ဆရာကြီး'

'ကျက်ရင် ရရမှာပေါ့ကွ၊ ကိုင်း... ဆိုစမ်း' တဲ့။

ခုနစ်အလီ၊ ခုနစ်တစ်လီ ခုနစ်၊ ခုနစ်နှစ်လီ ဆယ့်လေးလည်း ပြီးရော ကျုပ် ရှေ့ဆက်မရဘူး...။

'မင်းမကျက်လို့ မရတာပေါ့ ငှက်ရိုး'တဲ့။

'ကျက်ပါတယ် ဆရာကြီး၊ ကျက်မရအောင်ခက်လို့ မရတာပါ'

'ရအောင်ကျက်ရင် ရလို့ပဲ တစ်တန်းလုံးရကြပြီ၊ မရတာ မင်းတစ်ယောက်တည်း၊ မင်းအလီရအောင် မကျက်ခဲ့လို့ မရတာ၊ မင်းမှာ အပြစ်ရှိတာပေါ့ကွ' တဲ့။ ဒေါသဖြစ်လာပုံရတယ်၊ မျက်နှာကြီးနီလာတယ်၊ လက်ထဲက ကြိမ်လုံးကလဲ လှုပ်ရှလှုပ်ရှနဲ့၊ ကျုပ်က ဘယ်ကြောက်လိမ့်မလဲ၊ ကိုယ့်မှာ အပြစ်မှမရှိတာပဲဟာ၊ ဒါကြောင့်လည်း...

'မရှိဘူး ဆရာကြီး၊ ကျက်မရအောင်ခက်တဲ့ ခုနစ်အလီ လုပ်ထားတဲ့သူသာ အပြစ်ရှိတာပါ'

http://www.cherrythitsar.org



'ခေါင်းထဲစွဲအောင် မင်းမကျက်ဘဲ လျှောက်ဆော့နေလို့၊ ပျင်းလို့ စာမရတာဘဲကွ'

ဆရာကြီးရဲ့လေသံ သိပ်မာလာတယ်၊ တစ်တန်းလုံးလည်း အပ်ကျသံ မကြားရ၊ အတန်းပိုင်ဆရာက စိတ်ပျက်လက်ပျက်မျက်နှာနဲ့ ကျုပ်ကိုကြည့်နေတယ်...။

'ကျွန်တော် ကျက်လို့မရအောင် လုပ်ထားတဲ့အလီကြောင့် မရတာပါ ဆရာကြီး'

ကျုပ်ကိုဗျာ တိတ်တဲ့၊ ဆရာကြီးက ကြိမ်ဒဏ် သုံးချက် မတရားရိုက်ခဲ့တယ်၊ အိမ်ကျတော့ ကြိမ်ဒဏ်ကို နန္ဒင်းသိပ်ရ တာပေါ့၊ အမေတို့က မင်းစာမကျက်လို့ အရိုက်ခံရတာ နည်းတောင် နည်းသေးသတဲ့ဗျာ၊ မခက်ခက်အောင် လုပ်ထားတဲ့စာကိုတော့ အပြစ်မမြင်ကြတာ တွေ့လား...။

ကာလသားဘဝမှာ ကာလသားပဲဗျာ၊ အပေါင်းအသင်းစုမိရင် ကြက်လေးခိုးတာ၊ ထန်းရည်စုသောက်ကြတာကို ပြောလားဆိုလား လုပ်ချင်ကြတယ်၊ ကျင်စွမ်တို့ဘဲတဲက ဘဲသွားခိုးမယ်လို့ ကျုပ်ကပြောတော့ ဖြစ်ပါ့မလားတဲ့ ဘဦးက၊ တော်ကြာ ဆယ်အိမ်ခေါင်းအိမ်ရောက်၊ ဘယ်ရောက်ဖြစ်မယ်နော်တဲ့ ဟာရှင်က၊ ခဏခဏ ဘဲခိုးစားနေတော့ မကောင်းဘူးကွတဲ့၊ မောင်အုန်းက...။

'ဟ... ရွာမှာ ကာလသားရှိရင် ကာလသားအလုပ် ကာလသားက လုပ်မှာပေါ့၊ ဘယ်သူက စီးပွားဖြစ် ခိုးစားလို့လဲ၊ ဒေါ်အိတို့ ဘူးစင်က ဘူးတစ်လုံး၊ ဘဲတဲက ဘဲတစ်ကောင်၊ ဒါမှမဟုတ် တစ်အိမ်အိမ်က ကြက်တစ်ကောင် ခိုးပြီးရောင်းစားရင် ငါတို့အလွန်၊ ချက်ပြီး

http://www.cherrythitsar.org



ဟင်းလျှောက်ရောင်းပစ်ရင် ငါတို့အလွန်၊ အပျော်ချက်စားတာ၊ အပြစ်ပြောကြည့်၊ ငါနဲ့အတွေ့ပဲ၊ ဒါ ကမ္ဘာဦးကတည်းက လုပ်လာကြတာ ကာလသားတိုင်းပဲ၊ ငါပြောတာ မင်းတို့စဉ်းစားကြည့်၊ ငါပြောတာမှန်လို့ ဘဲပျောက်ကြက်ပျောက်၊ ဘူးသီးပျောက်ကြပေမယ့် ဘယ်သူက ငါ့ကို ပြောလဲ၊ မှန်တာမို့ ဘယ်လာပြောဝံ့ကြမှာလဲကွ’

ကျုပ်က ရှင်းပြတော့ ဘာမှပြန်မပြောကြဘူး။ ဒီလိုနဲ့ ကျုပ်နေလာခဲ့တာပဲ။ လူတွေဟာ မှန်မှန်ကန်ကန် မတွေးတောတတ်ကြဖူးပဲဗျ။ ဒါကြောင့်လည်း ကျုပ်နဲ့အချီအချ မပြောဘူးသူရယ်တော့ မရှိသလောက်ပါပဲ။ ဒီရွာတွင်မကပါဘူး၊ ဒီအပိုင်၊ ဒီခရိုင်အဆန့် ရွာတကာအနှံ့ပါပဲ...။

တချို့ကိစ္စတွေကို ကျုပ်လိုမစဉ်းစားတတ်တာ ပြန်ပြီးအံ့တောင် အံ့ဩယူရရော။ တစ်ယောက်ရဲ့လယ်ကွက်ထဲမှာ ငါးတော်တော်ခိုနေတာ တွေ့လို့ ကန်သင်းချိုးပြီး ငါးဖမ်းတယ်ဗျာ။ အဲဒါကန်သင်းချိုးရကောင်း လား၊ သူ့စပါးပင် သေအောင်လုပ်တယ်၊ ဘာတယ်နဲ့ပြောတာ ကြုံရ တယ်။ ကျုပ်ဖမ်းတာငါး၊ ပလိုင်းထဲက ငါးတစ်ပိဿာခွဲ၊ နှစ်ပိဿာ သက်သေပြပြီး...

‘ငါးဖမ်းတာပါဆိုမှ မင်းစပါးပင်တွေ ပျက်စီးအောင်လုပ်တယ် ဆိုတာ ဘာမှမဆိုင်ဘူး၊ ကန်သင်းလဲ ငါပြန်ဖို့ပေးခဲ့ပြီးပြီ၊ မိုးရွာရင် ရေပြန်ရမှာပဲ၊ ရေးကြီးခွင်ကျယ် လုပ်ပ့ါကွာ’လို့...။

တစ်ခါက ကျုပ်လှေဖာလို့မပြီးတာနဲ့ အနောက်ပိုင်းအိမ်တစ်အိမ်က လှေငှားသွားခဲ့တယ်။ ရောက်တဲ့ရွာ မတက်ခင် လှေကိုခနိုငုတ်မှာ သေသေချာချာချည်ထားခဲ့တာ၊ ကျုပ်ကြောင့်တော့ မဟုတ်ပါဘူး။ ဘယ်ကလေးလက်ဆော့သလဲ မသိဘူး၊ လှေမျောရော။ ကျုပ်က သူများ

http://www.cherrythitsar.org



သမွန်ကြံ့နဲ့ ပြန်ပြီးပြောပြတော့ သူကြီးဆီတောင် ရောက်ကရော၊ လျော်ပေးဖို့ပေါ့...။

'ကျုပ်က ငှားတုန်းက ငှားတာ၊ ပျောက်ရင်လျော်ပေးပါ့မယ် ဆိုတာ ကျုပ်စကားထဲမှာ ပါလို့လား၊ ပြီးတော့ ကျုပ်ရောင်းစားတာလဲ မဟုတ်၊ သူများကို ပေးပစ်တာလဲမဟုတ်၊ ကျကျနနချည်ခဲ့တာ၊ ကျုပ်ကိုယ်စောင့်နတ် ခြောက်ပါးအသိ၊ တစ်ယောက်ယောက် လက်ကမြင်းလို့ ဖြစ်ရတာ၊ အဲဒီလူစုံစမ်းပြီး တရားစွဲပေါ့'လို့ ကျုပ်က အကျိုးသင့် အကြောင်းသင့် ပြောပစ်လိုက်တာပေါ့...။

လူတွေဟာ တော်တော်ခက်တာကလားဗျ။ ရွာထဲမှာ မြို့က ကျန်းမာရေးဌာနကဆိုလား လာကြတယ်။ သရောကြီးခိုင်းမှာစိုးလို့ ရောဂါဘယမဖြစ်အောင် ထိုးဆေးထိုးရမယ်၊ စားဆေးတွေ စားရမယ်တဲ့။ ကျုပ်မိသားစုကိုပြောရင်း ဘေးကကြားအောင်...

'ဟော့... လူဆိုတာ သေနေ့စေ့ရင် သေကြတာချည်း၊ ဘုရားသော်မှ မလွန်ဆန်နိုင်တဲ့ သေခြင်းတရားကို ဘာတွေညာတွေ လုပ်မနေနဲ့၊ အပိုတွေ'

တရားမွေ့နဲ့အညီ ကျုပ်ပြောခဲ့တာပဲ။ ဘုရားစကား၊ တရားစကား ကျုပ်ကပြောတော့ တစ်ယောက်က ခနဲ့တယ်။

'အမယ်... ငှက်ရိုးက ပိဋကတ်အိုးကွဲပါလားဟ၊ ကောင်းပါ သကွာ၊ ဒါပေမယ့် အိမ်က မိန်းမနဲ့ကလေးတွေ ပြောမရ ဆိုမရတိုင်း အရပ်ကိုပါ သိမ်းကျုံးဆဲတာကတော့ မကောင်းပါဘူး ငှက်ရိုးရာ'တဲ့။

ကျုပ်က ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောတာ။

'သားမယားဆိုတာ ကျုပ်ပိုင်တယ်၊ ဒါပေမယ့် မိန်းမဘက်က မိဘတွေ၊ မိကြီး ဘကြီးတွေ၊ ဆွေမျိုးတွေ၊ ကလေးတွေရဲ့ ဦးလေး၊

http://www.cherrythitsar.org



ဦးကြီးတွေ၊ ကြီးတော်တွေရော၊ တစ်ရွာလုံးက ရပ်ဆွေရပ်မျိုးတွေရော ဆိုင်ကြပါသော်ကော၊ မိန်းမနဲ့ကလေးတွေ အသုံးမကျတာဟာ အရှေ့ ခုနစ်အိမ် အနောက်ခုနစ်အိမ်မှာပါ တာဝန်မကင်းလို့ ဆဲရေးပြီး သတိ ပေးတာ ကျုပ်အလွန်မရှိပါဘူးဗျ' လို့…။

မိန်းမဘက်က ဘကြီးက 'မင်းပြောရင် ချွန်းနေတာချည်းတဲ့၊ မင်းကက်ဆွဲတာ၊ မြင်းလောင်းတာလဲ ပြောဦးမှပေါ့'တဲ့။ လောကတံထွာ လူတို့ရွာမှာ ကက်ဆွဲတာ၊ မြင်းလောင်းတာ၊ အနီထောင်ချောက်ချက် လေးကောင်ဂျင်၊ သုံးဆယ့်ခြောက်ကောင်၊ အောင်ဘာလေဆိုတာ ဘယ်လာကင်းမှာလဲဗျာ။ အပျင်းပြေဖြစ်ဖြစ်၊ ပေါင်းသင်းဆက်ဆံရေး ဖြစ်ဖြစ် အသုံးဝင်လို့ ရှေးလူကြီးတွေ တီထွင်ခဲ့တာပေါ့။ ရှေးထုံးမပယ်တဲ့ သဘောပါလို့ ကျုပ်က ဆီဆီလျော်လျော် ပြောရတာပေါ့။

'ဒီမယ်… ကိုငှက်ရိုး၊ ကလေးတစ်ကျိပ်ရှိပြီ၊ အလုပ်ကလေး ဘာလေး လက်ကြောတင်းအောင် လုပ်ဦး'တဲ့၊ ဗိန်မက…။

ကျုပ်က မိန်းမကိုပြုံးပြီး 'လူထွင်းတဲ့ခံတွင်းဆိုတာမရှိဘူး ရှင်မ၊ နတ်ထွင်းတဲ့ခံတွင်းပဲရှိတယ်၊ ဘာမှ ပူမနေနဲ့'

'ရှင်က ရန်လျှောက်လျှောက်ဖြစ်၊ အေးအေးနေ တော်သေးရဲ့'

'ဟ… ငါက ရန်လိုတာမှမဟုတ်တာဘဲ၊ ငါက ဟော့.. ထန်းရည် တိုက်ဆို တိုက်လိုက်ရင် ပြီးတာပဲ၊ ကဏ္ဍကောစ ပြန်လုပ်တာကိုက ငါ့ကို ရန်လိုတာ၊ ငါက ကြိမ်းမောင်းရင် ခံနေပေါ့၊ အံကြိတ်ပြီး ပြန် ဘုကြည့်ကြည့်ရင်ကိုပဲ ငါ့ကို ရန်စောင်တာပဲကွ၊ ငါက တုတ်နဲ့ရိုက်ရိုက်၊ ဓားနဲ့ခုတ်ခုတ် ငြိမ်ခံပေါ့၊ ရှောင်တာတိမ်းတာကိုက ပမာမခန့် လုပ်တာ၊ ပြန်ပြီးတုတ်နဲ့ဓားနဲ့ ခုခံတာကို မင်းစဉ်းစားကြည့်၊ အာခံတာ၊ ဒီတော့ ငါတီးထည့်တာပေါ့ဟ၊ ငါလဲ ဘုရားရဟန္တာမှ မဟုတ်တာဘဲ၊ ငါ့မှာ

http://www.cherrythitsar.org



လောဘ၊ ဒေါသ၊ မောဟ ရှိနေသေးတာပေါ့'လို့ တရားသဖြင့် ပြန်ပြောတာ နားမလည်ဘူး…။

ကျုပ်ကဗျာ၊ လမ်းတွေ့တဲ့နွား ရောင်းပစ်တယ်၊ နွားခိုးဆို အမှုဆွဲချင်တယ်၊ နွားနံမှာ စာရေးထားပါလား။ ဘယ်သူ့နွားလို့။ ရွာပြင် တွေ့တဲ့ တရုတ်အမဲကောင် ဆွဲပေါ်ပစ်တယ်။ သူကြီးဆီ တိုင်ပြန်ရော။ သူများခြံထဲ ကျုပ်ဝင်ဆွဲရင် ကျုပ်အလွန်ပေါ့။ ပိုင်ရှင်မဲ့မို့ ရောင်းတာ၊ ပေါ်တာမှားသလား။ ကက်ဝိုင်းမှာ ငွေဆွဲပြီးကစားတယ်။ ရှုံးတယ်။ ကြုံရင်ပေးမယ်ဆိုတော့ စိတ်ဆိုးကြတယ်။ မှန်တာပြောတော့ မကြိုက် ကြဘူး…။

ကျုပ်နွားကို ရွာလယ်ကကန်မှာ ရေချိုးပေးတယ်။ ဆယ်အိမ် ခေါင်းဆီ တိုင်ကြပြန်ရော။ ကျုပ်တို့စားသောက်နေတဲ့ ဆန်စပါး ဒီနွား တွေကြောင့်ရတာတဲ့၊ ကျေးဇူးရှင်တဲ့။ လယ်လီဆရာတော်ဘုရားကြီးရဲ့ တရားပွဲအကြောင်း ရွာမှာပြောကြတာ သောသောညံ။ အသက်သခင် ကျေးဇူးရှင်နွားတွေကို ကန်မှာရေချိုးပေးတော့ သောက်ရေကန် ညစ်ပတ် အောင် ကျုပ်လုပ်သတဲ့ဗျာ…။

ပြောရရင် အများကြီးပါ။ စည်းရိုး လှည်းတိုးလို့ပျက်တာ ကျုပ်ကို ရန်တွေ့တယ်။ နွားက ကတ်တတ်တတ်လုပ်လို့ ဝင်တိုးတာ လည်း ကျုပ်ကြောင့်တဲ့။ ကျုပ်က တရားလက်လွတ် ငှက်တောင်ကျွတ် မဟုတ်ပါဘူး။ စကားပြောရင် ဥပမာဥပမည်းယျနဲ့၊ ဖတ်စာအုပ်ထဲက ဆုံးမစာတွေ ပုံပြင်တွေနဲ့၊ ချက်နဲ့လက်နဲ့ ပြောတတ်တဲ့သူပါ…။

'ကျုပ် ဘာမှားတာရှိလဲ၊ ဒါကြောင့် ဘယ်သူက ဘာတစ်ခွန်း အပြစ်ဆိုလို့ရသလဲ၊ ဆရာတော်ဘုရားကြီးအစ၊ သူကြီးအလယ်၊ ဆယ် အိမ်ခေါင်းမင်းနဲ့ ကျုပ်မိဘဆွေမျိုး၊ ဆရာသမား ဘယ်သူက ဘာပြောလို့

http://www.cherrythitsar.org



လဲ၊ ဘာပြောကြလို့လဲ၊ ကျုပ်မှားတာမရှိလို့ ဘာတစ်ခွန်းမှ မပြောဝံ့ကြတာ ကြည့်ပါလား’လို့ စကားချုပ်ခဲ့တာချည်း…။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

'တော့်ကို ကပ္ပိယကြီးက လာဦးတဲ့၊ ခေါ်ခိုင်းလိုက်တယ်'

ကပ္ပိယ၊ ကြားဖူးပါတယ်...။

ဩော်... ဘုန်းတော်ကြီးကျောင်းမှာ ကျောင်းဝေယျာဝစ္စလုပ်ပေးတဲ့သူကို ခေါ်ပေတာပဲ။ ဘုန်းတော်ကြီးကျောင်းကို မရောက်တာရှင်လိင်ပြန်ပြီး ကျောင်းထွက်ခဲ့ပြီးကတည်းကပါလား။ ကိုယ့်ကိစ္စနဲ့ကိုယ်ဆိုတော့ ကျောင်းကိုမရောက်ခဲ့တာ သဘာဝကျပါတယ်လေ...။

ကပ္ပိယကြီးနဲ့ မတွေ့တာလည်း ကြာလှပြီပဲ။ ဒီလူကြီး ရှိသေးသားပဲ။ တကယ့် လူပေလူတေ၊ ဆိုးပေ့ သရမ်းပေ့၊ မိဘပစ္စည်းဖြုန်း၊ သောက်စားဆိုးရွား၊ လူသတ်၊ ဓားပြတိုက်၊ မကောင်းမှုအစုံလုပ်တဲ့သူ။ ဆွေခန်းမျိုးခန်း အကုန်ပြတ်။ အကျွတ်တရားရတော့မှ သံသရာကြွေးဆပ်တယ်ဆိုပြီး ဆရာတော်ဘုရားဆီ ရောက်နေတဲ့သူ။ ကျုပ်ကာလသားဘဝက သူတစ်ခါခေါ်ပြီး ဆုံးမဖူးတယ်၊ အဲဒီတုန်းက ကပ္ပိယကြီးက

http://www.cherrythitsar.org



'မင်း ရည်းစားသနံထားတာ အပြစ်မဆိုပါဘူးကွာတဲ့၊ ဒါပေမယ့် ရွာထဲရှိသမျှ အပျိုအားလုံး ရေခပ်ဆင်းစောင့်ပြီး တစ်ယောက်ပြီးတစ်ယောက် ပြောတာကတော့ မကောင်းဘူးကွ၊ မိဘမောင်ဖွားရှေ့ပါ မရှောင်တာက တစ်ကြောင်း၊ တစ်ယောက်ဆိုတစ်ယောက် မသတ်မှတ်ဘဲ တွေ့သမျှ၊ ကြုံသမျှ ရည်းစားစကားပြောတာက တစ်ကြောင်းပါတဲ့' ကျုပ်က ရယ်ပစ်တာပေါ့။ 'ကျုပ်ကြိုက်တဲ့တစ်ယောက်ကိုပဲ ပြောနေတာနဲ့ သူက ပြန်ကြိုက်မလား ကပ္ပိယကြီးရ၊ တစ်ယောက်မစွံ တစ်ယောက်စွံအောင် ဒီလိုလုပ်ရတာပေါ့၊ မိဘမောင်ဖွားတွေက ကျုပ်ကို မမြင်ယောင်ဆောင်ထားပေါ့ဗျာ၊ ရှင်းနေတာပဲ၊ ဘာလို့မွေးထားကြသေးလဲ' လို့ ကျုပ်က ပြောတဲ့နောက် ဘာမှမပြောတော့ဘူး။ ဘာမှမပြောတာ ခုထိ...။

ခုဘာကိစ္စပါလိမ့် ဆိုပြီးသွားတော့ ကပ္ပိယကြီးက...

'ငှက်ရိုး၊ မင်းလဲ အသက်လေးဆယ်ကျော်ပြီ၊ နည်းနည်းပါးပါး လူလိုသိဖို့ ကောင်းပြီ' တဲ့...။

'မသိရအောင် ကျုပ်က ဘာလုပ်နေလို့လဲဗျ' မေးတော့...

'မင်း ဒီနယ်မှာ ချဉ်ဖတ်ဖြစ်နေပြီ ငှက်ရိုး၊ အားလုံး အော့ကြောလန်နေပြီ' တဲ့...။

'နေပါဦး ကပ္ပိယကြီးရ၊ ကျုပ်ကို ဘယ်သူက ဘာပြောလို့လဲ၊ ဘယ်သူမှ လာလဲမပြော၊ ခေါ်လဲမပြော၊ ခင်ဗျား ပြောသလောက်သာဆို ဆရာတော်ဘုရားကြီးကရော၊ သူကြီးကရော ကျုပ်ကို ကြိမ်နဲ့ခေါ်ဆော် ကြိမ်းမောင်းတာ ခဏခဏနေမှာပေါ့'

'ဟ... ဟော့ကောင်ရ' တဲ့။ မျက်စောင်းခဲပြီး မရှိတဲ့အံနဲ့ အံကြိတ်တယ်။ ပြီးမှ...

'လူတွေက ကိုယ့်အလုပ်နဲ့ကိုယ်၊ မင်းကိုဆုံးမဖို့ ထိုင်လူဖြစ်

http://www.cherrythitsar.org



နေကြတာမဟုတ်ဘူးကွ၊ မင်းဥစ္စာ နေရာမကျလို့ပြောလဲ မင်းအမှန်၊ တစ်ခါပဲ ပြောမှာပေါ့ဟ၊ မင်းစိတ်ကူး၊ မင်းဆင်ခြေနဲ့မင်း ဟုတ်လှပြီ ထင်ပြီး စွတ်ရွတ်ပြော၊ ကိုယ်ပြောလို့ တစ်ယောက်က ဘာမှပြန်မပြော တိုင်း ကိုယ်ပြောတာ မှန်လှချည်၊ ဟုတ်လှချည် မင်းထင်နေတာ ငက်ရိုး'

'ကျုပ် ဘိုးဘွားမိဘ၊ ဦးလေးသားချင်း ဘယ်သူကမှ ကပွိယ ကြီးပြောတာမျိုး မစွပ်စွဲကြပါဘူးဗျာ'

'တစ်ခါပဲ ပြောမပေါ့ ငက်ရိုး၊ ပြောမရလို့ မပြောတာပါ၊ မိမဆုံးမ၊ ဖမဆုံးမ၊ ဆရာသမား ဆွေမျိုးမိတ်သင်္ဂဟ ဆုံးမမရလို့ မဆုံးမကြတာ၊ ရပ်မဆုံးမ၊ ရွာမဆုံးမ ဘဝကို မင်းအဟုတ်ထင်ပဲ့၊ သေမှ အတင်းပြော ထပ်ခံရဦးမယ်'

ကျုပ်သေသေချာချာ နားထောင်ပါတယ်။ တွန့်ခနဲတော့ဖြစ်သွား တယ်၊ ဒါပေမယ့်...

'အိုဗျာ... ကပွိယကြီးနှယ်၊ နားတောင်းဖြုတ်ထားလို့ မသာက ရှက်တယ်ဆိုတာမျိုးပါလားဗျ၊ သေတဲ့နောက် ကိုယ်ကြားရတာမှတ်လို့'

ကပွိယကြီးက ထွီခနဲ တံတွေးထွေးသံပြုသဗျ။ ကျုပ်ကို တွဲနေတဲ့ မျက်ခွံပင့်ပြီး စူးစူးကြည့်တယ်၊ ပင်နီအင်္ကျီစုတ်ကို တံတောင် ဆစ်ထိ ပင့်တင်ပြီး...

'ဘာကွ၊ မင်း ရှင်နေတုန်းမို့ ငါပြောတာ ပြန်ချေပနိုင်တာ၊ ဟုတ်နေရင်လဲ မင်း လေချိုသွေးလို့ရတယ်၊ မဟုတ်ရင်လဲ ဆင်သေကို ဆိတ်ရေနဲ့ဖုံးပြီး ဆင်ခြေစောဒက မင်းတက်လို့ရတယ်၊ သေလို့မကြား ရရင် မင်း ဘာပြန်ပြောနိုင်တော့မှာလဲ၊ ဘယ်လောက် အခံရခက်မလဲ၊ စဉ်းစားကြည့်၊ ဒါကြောင့် ငါခုလို နေ နေတာ၊ သေပြီးမှ ဖြောင်ပြော ခံရမယ်၊ ဘာမှတ်လဲ၊ မင်းကိုယ်မင်း ပြင်တော့၊ အချိန်မီသေးတယ်'

http://www.cherrythitsar.org



ကျုပ်ရဲ့ဦးခေါင်းထဲမှာ ထူထူပူပူကြီးဖြစ်နေပါလေရော။ ဘာပြင်ရမယ်ဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့ကို မရသေးပေါင်ဗျာ…။

■ *ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီ။*

# သံဝေဂ

## [ ၁ ]

ရွာဘုရားပွဲက ခုနစ်ရက် ကျင်းပတာခင်ဗျာ့။ ကျုပ်တို့ရွာက ရော၊ ရွာနီးပါးချင်းတွေကရော ဒီဘုရားပွဲကို အားခဲကြတာ။ တပေါင်းလ ထဲမှာ ကျင်းပတာ။ လပြည့် အရုဏ်တက် သစ်သီးကပ်၊ ဆရာတော်များ ဆွမ်းကပ်၊ ရေစက်ချ၊ ဖြောပိတ်။ ဘုရားပွဲပြီးတဲ့ည၊ အဲဒီည ဗလာပွဲလည်း နောက်ဆုံးညပဲ၊ လဆန်းကိုးရက်ဆို ပွဲဝင်ပြီ။ ဈေးတန်းစပြီ။ ဘုန်းတော် ကြီးကျောင်းဝင်း၊ ဘုရားပရိဝုဏ်ထဲလည်း စည်ကားပြီ။ ပွဲခင်းလည်း စည်ပြီ...။

ဒီနှစ်တော့ အငြိမ့်အစား ဇာတ်ကြီးကို ငှားမယ်ကြံထားကြတာ ဟန်ကျသွားတယ်။ စပါးဈေးကောင်းရတော့ အိမ်တိုင်း ငွေစ၊ ရွှေစ ရှင်ပါ့။ ဟိုရွာဒီရွာတွေလည်း ဒီလိုပဲ။ တစ်နယ်လုံး ရွှေမိုးငွေမိုး ရွာထား သလို။ဒီတော့ နာမည်ကြီးဇာတ်ကို တက်ကိုင်နိုင်သပေါ့ဗျာ...။

http://www.cherrythitsar.org



ဘုရားပွဲကျင်းပဖို့ ဆရာတော်ဘုရားကျောင်းမှာ ကျုပ်ဦးဆောင်ဆော်ဩပြီး အစည်းအဝေးလုပ်ခဲ့တယ်။ သူ့တာ၊ ကိုယ်တာ တာဝန်ခွဲယူကြတာပါပဲ။ ပွဲငှားရေး၊ စည်ကားရေး၊ ဟိုရွာဒီရွာက ဆရာတော်များပင့်ရေး တာဝန်၊ ချက်ရေးပြုတ်ရေး၊ ပွဲဈေး၊ ဈေးကောက် စတဲ့ဟာတွေပေါ့ဗျာ...။

'ကိုငှက်က ကမကထ ခေါင်းဆောင်ဆိုတော့ တာဝန်တစ်ခါတည်း ချလိုက်တော့ဗျာ'လို့ ဗိုက်ကြီးက လှမ်းပြောတယ်။ ဒါနဲ့ ငထွန်းက ဓာတ်စင်ဆောက်ရေး တာဝန်ယူ။ ဘိုးစုံက အရဏ်ဆွမ်း ချက်ရေးပြုတ်ရေး။ အောင်ဘုက စေတီတော် ထုံးသင်္ကန်းကပ်၊ ကြေးဆင်းတုတော် ရောင်တော်ဖွင့်၊ ဆရာတော်များ အကြိုထောက် တာဝန်။ မယ်ဟန်က ချက်ရေးပြုတ်ရေး။ သာတင့်က ဓာတ်သမားတွေကြိုဖို့တာဝန်ပါပဲ။ ဒါပေမယ့် ဒူလာရောဂါထလို့ တခြားသက်သောင့်သက်သာတာဝန်ပေးလိုက်ရတယ်။ ဒါနဲ့ ငဖျံကို ကျုပ်ကတာဝန်ပေးတော့ စကားသံ၊ ချောင်းသံ၊ ရယ်သံတွေနဲ့ ရှိနေတဲ့ ဆွမ်းစားဆောင်က ရုတ်ခနဲတိတ်သွားရော။ 'ဖြစ်ပါ့မလား ကိုငှက်ရ၊ ကြည့်လဲလုပ်၊ ဒီကောင်ကလက်ကြောတင်းတဲ့ကောင် မဟုတ်ဘူး၊ ဟန်ပါ့မလား' စတဲ့အသံတွေတီးတိုးတီးတိုး။ ကျုပ်က မကြားချင်ယောင်ဆောင်ပြီး တခြားတာဝန်တွေယူရမယ့်သူတွေကို လက်ညှိုးထိုးပြီး တာဝန်ခွဲလိုက်တယ်...။

* * * * *

## [ ၂ ]

'ငဖျံကို ဘာလို့အဲဒီနေရာမှာ ထားရတာလဲ ဦးငှက်ရိုး'

'ဒီကောင်က ဘာတာဝန်၊ ညာတာဝန်၊ ဘာနေရာဆိုတာသာ လိုချင်တာ၊ ယူထားတဲ့နေရာရဲ့ အလုပ်ကျတော့ အိယောင်ဝါး'

'ဓာတ်အဖွဲ့ကို ဧည့်ခံကြိုဆိုရေးဆိုတော့ ငဖျံပင်ပန်းရှာမယ်၊ နဂိုကမှ စားမယ်၊ သောက်မယ်၊ ဝါးမယ်၊ လေပန်းမယ်၊ ယောင်ယောင် ယောင်ယောင်နဲ့ လတ်လျားလတ်လျားလုပ်ပြဖို့ ဝါသနာအခံရှိပေတော့ ငဖျံ မောပေလိမ့်မယ်ရှင့်'

'ဓာတ်သမားတွေကို အရိုးချည်းချက်ကျွေးပေးပြီး သူကျတော့ အသည်းအမြစ်နဲ့ အနစ်နာခံ စားပေးမှာပါ၊ ငဖျံက အဲဒီလို အနစ်နာခံ တတ်တာ တစ်ရွာလုံး အသိပဲလေ၊ ဘဏ္ဍာရေးမှူးမယ်သော့နဲ့ စာရင်းစစ် မယ်ညိုတို့တော့ ငဖျံရှင်းတမ်းနဲ့မှ မရှုးရင် ပဒိုင်းသီး တင်းတောင်းနဲ့စား တောင် မရှူးတော့ဘူး မှတ်ပေဗျို့၊ ဦးငှက်ရိုးနှယ်... ဒီကောင့်ကို ရေရေ

http://www.cherrythitsar.org



ရာရာလုပ်ပြီး ဘာလို့ ပွဲထုတ်ရပါလိမ့်။ သူနဲ့ သက်တူရွယ်မျှ ကာလသား တွေကတောင် ရှောင်တာ၊ ငဖျံဆိုရင် ပြောရင် မိုးလားကဲလား။ ခုပဲ လန်ဒန်သွားတော့မလို၊ ခုပဲ ကာလကတ္တား သွားတော့မလို၊ အလုပ်ကြီး အကိုင်ကြီးတွေကပဲ သူ့ကို တမျှော်မျှော် မျှော်နေတဲ့ပုံ၊ စကားဟာရင် အကုန်သိ၊ ဂဃနဏမေးတော့ အင်း.. အဲနဲ့ တလွဲ'

ဘုရားပွဲကျင်းပရေး ဂေါပကအဖွဲ့ထဲ ငဖျံပါလာတာ တစ်ရွာ လုံး အံ့အားကြီးကို သင့်လို့။

'ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးမှာ နှစ်တောင့်ထိုး မီးသီးတပ် ရင် လင်းပါတယ်လို့ ရမ်းသန်းပြောတဲ့ ငဖျံနဲ့ ဒီဂေါပကအဖွဲ့၊ ပွဲက ကြည့်ကောင်းမှာပါ၊ ဦးငှက်ရိုးဆံပင်တွေ ဖြူနေရာက စိတ်ညစ်ပြီး ပြန်နက်လာမလား မသိဘူး'

ကျုပ်လည်း အိမ်ကရော၊ အိမ်နီးနားချင်းရော၊ ရွာထဲကရော၊ ငဖျံနဲ့ ဆွေထဲမျိုးထဲကရော သတိပေးကြတာကြောင့် နားအူနေပြီ။ ဒီသူငယ်ကို ဘာသဘောမကျပါလိမ့်၊ ဖျတ်ဖျတ်လတ်လတ်နဲ့ ဟိုဆိုလည်း သူပါ၊ ဒီဆိုလည်း သူပါ၊ အဲဒါကိုများ မျက်မုန်းကျိုးလို့ ပြောတာဆိုတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ပိုပြီးစည်ကားဖို့ ထင်ပါရဲ့…။

* * * * *

http://www.cherrythitsar.org

## [ ၃ ]

ဇာတ်အဖွဲ့က မော်တော်ကြုံရက်နဲ့ ကြိုရောက်စရာရှိသတဲ့။ နှစ်ရက်သုံးရက်တောင် မဟုတ်ဘူး။ တစ်ပတ်တိတိ စောရောက်မှာ။ ကောင်းတာပေါ့။ မျှော်ရမျှော်ရ လည်ပင်းရှည်တဲ့ ဒုက္ခဝေးပြီး စိတ်အေး ရတာပေါ့လေ…။

'သူကြီး၊ ဇာတ်သမားတွေက ကြိုရောက်တာ အားနာနေတယ်'

မောင်ဖျံက မျက်တောင်ပေကပ်ပေကပ်နဲ့ ကြည့်ပြီးပြောတော့ ကျုပ်နားမလည်ဘူး၊ ဒါနဲ့…

'ဘာလို့လဲကွ'

'စားရေးသောက်ရေး အားနာလို့တဲ့'

'ဟာ… တို့ရွာလာတဲ့အခါ တို့ကရွာခံ၊ စားရေးသောက်ရေး ငါတို့တာဝန်ပေါ့'

http://www.cherrythitsar.org



'လူသုံးလေးငါးဆယ် တာဝန်ဆိုတော့ ချက်မကျွေးပါနဲ့တဲ့ သူကြီးရဲ့၊ ဆန်ရယ်၊ ဟင်းလျာဖိုးရယ်၊ ထင်းတို့၊ အိုးတို့၊ ပန်းကန်ခွက်ယောက်တို့သာ ပေးထားပါ၊ သူတို့ဘာသာ သူတို့ချက်စားပါ့မယ်တဲ့'

ဒါနဲ့ ဂေါပကထဲက ငွေကိုင်ကို တစ်ရက်စာစီ ထုတ်မပေးဘဲ တစ်ပတ်စာ ငွေထုတ်ပေး၊ ဆန်၊ ထင်း ပေးထားဖို့ ကျုပ်ကပြောလိုက်တယ်။ အဲသည်အတွက် ဇာတ်သမားတွေကို ငွေသွားပေးဖို့ ငဖျံကိုပဲ ကျုပ်လွှတ်လိုက်တယ်။ ငဖျံကို ကျုပ်က မှာထားတယ်။ ဇာတ်သမားတွေ၊ မငြိုငြင်အောင် ပြုစုဖို့၊ ကောင်းအောင် ကပေးဖို့၊ အဆင်ပြေအောင် ပေါင်းထားဖို့၊ တစ်ပြိုင်နက်တည်း ဘုရားပွဲစည်ကားအောင် ကျုပ်တို့တစ်ဖွဲ့လုံးနဲ့ ကျရာမြင်ရာထောင့်၊ ထောင့်စေ့အောင် ငဖျံဝင်လုပ်ဖို့...။

* * * * *

http://www.cherrythitsar.org

# [ ၄ ]

'သူကြီး၊ မဏ္ဍပ်ထိုး၊ သံဃာစင်ဆောက်တာ ဒီပြင်လူ ခိုင်းစမ်းပါဗျာ၊ ကျုပ်ဇာတ်စင်မှာ သွားနေရတာ မအားဘူး၊ သူတို့နဲ့ အတူတူ ထမင်းစားမှ ဘယ်သူခံတွင်းပျက်တယ်၊ ဘယ်သူ ကြိုးစားကမယ် မကဘူး ကျုပ်သိရမှာ၊ ညနေ သောက်ပွဲစားပွဲကျလဲ ကျုပ်က ထိန်းရင်းကူသောက်ရတာ'

ငဖျံက လူရှေ့မရှောင်၊ သူရှေ့မရှောင် ကျုပ်ကိုတောင် ငြင်းလားဆန်လား၊ ဆင်ခြေပေးလာတော့ လုပ်လုပ်လာပြီ။ လူကြီးဆိုတော့ စိတ်ချုပ်ရ၊ ထိန်းရသပေါ့။ မနေ့ညနေကတင် ကျုပ်နဲ့ ဂေါပကအဖွဲ့ သုံးလေးယောက်က ဆရာတော်ဘုရားဆီ အစီအစဉ်လျှောက်စရာကိစ္စ၊ စေတီတော် ထုံးသင်္ကန်းကပ်ရေးကိစ္စနဲ့ ဘုရားဝင်းဆီအသွား...၊

'ဘယ်တုန်းဗျ သူကြီး'

'ဘုရားသွားမလို့ကွာ'

http://www.cherrythitsar.org



'ဟာ... သူကြီးတို့ကလဲ ဘုရားဝင်းချည်း သွားသွားနေတော့ တာပဲ၊ ဇာတ်ရုံဘက်လဲ လာဦးမှပေါ့'

'ဟာ... မင်းအမေလင်၊ ဘုရားပွဲကျင်းပမှာ ဘုရားဝင်း မသွားလို့ ဘယ်သွားရမှာလဲ ငဖျဲ၊ မင်းပြောပုံက...'

ကျုပ်က ငေါက်တော့ ငဖျဲ မျက်နှာပျက်သွားတယ်။ ဟိုဘက် ကို ချာခနဲလှည့်အထွက်မှာ စာရင်းစစ် မယ်ညိုက...

'ဟော့... ငဖျဲ၊ နင်ငွေထုတ်ရင် သူကြီးကိုပြောပြီး မယ်သော့ဆီ က ထုတ်ပါပြောထားတဲ့ကြားက သူကြီးမသိဘဲ ထုတ်ပေါင်းများပြီ၊ ငါ့ဆီလဲ စာရင်းနဲ့အင်းနဲ့ နေ့တိုင်းရှင်းပါဆိုရက်နဲ့ တစ်ခါမှ မရှင်းသေးဘူး၊ ဘာ... ကြက်တစ်ကောင်ဝယ်ချက်၊ သင့်ငွေခြောက်ရာ၊ မှတ်ချက် တိုက်ကြက်ဆိုတဲ့ ဘုရားကြီး ရှင်းတမ်း၊ လုပ်မလို့လား'

ရန့်လေးတွေက ထွက်စပြုပြီ။ ငဖျဲ ခြေစလက်စလေးတွေ ကျုပ် မြင်ရစပြုလာပြီလေ။ ညမနက် ဟင်းဖိုး၊ နေ့လယ် ကော်ဖီရည်ဖိုး၊ ညနေ ထန်းရည်ကဇော်ဖိုးဆိုပြီး ဘဏ္ဍာရေးမှူး မယ်သော့ဆီကထုတ်၊ ထုတ်ပေးငွေက နေ့တိုင်း ယတိပြတ်။ အပိုအလို မကြားရတဲ့...။

နေ့နေ့ညည ငဖျဲမှာ ယစ်တစ်တစ် ရီတီတီ။ ရုံထဲမှာ မင်းသား မင်းသမီးတွေ၊ ဆိုင်းသမားတွေနဲ့ တဝါးဝါးတဟားဟား၊ စားဟယ် သောက်ဟယ်နဲ့။ နေ့တိုင်း ဘုန်းကြီးကျောင်းဆီ ခြေဦးမလှည့်။ ဘုရားဝင်း ထဲ မျက်နှာတောင်မမူ။ ဇာတ်မင်းသားကို သူ့အိမ်မှာ ဧည့်ခံလိုဧည့်ခံ။ ဇာတ်မင်းသမီးနဲ့ ယိမ်းသမလေးတွေ၊ လူရွှင်တော်တွေက သူ့အိမ်မှာ တရုန်းရုန်း တသောသော...။

http://www.cherrythitsar.org



ဘုရားပွဲ အစည်းအဝေးလည်း သူမလာ။ ကျုပ်က အခေါ်လွှတ်လည်း စကားမပြန်။ ဇာတ်ကောင်းမှ လူစည်၊ လူစည်မှ ကျောင်းရော ဘုရားအလှူငွေအတွက်လည်းတိုး။ ပွဲဈေးတန်းစည်ကားမှ ကိုယ့်ရွာသူ ရွာသားတွေ ထွက်တဲ့ မုန့်ပဲသရေစာဆိုင် ရောင်းလို့ကောင်း။ အဲဒါကြောင့် ဇာတ်သမားတွေ ပျော်ရွှင်စိတ်ချမ်းသာအောင် မင်းတာဝန်ယူပေတော့ဆိုတဲ့ ကျုပ်စကားကို သူကထောက်ပြီး ပြောပေတော့တာကိုး။ တစ်ပါးသူတွေ လစ်ဟင်းလျှင် ဝင်ကူ၊ ရွာအရေး၊ ကျောင်းအရေး၊ ဘုရားအရေး ကြုံသမျှ ကျသမျှ ဝင်လုပ်ဆိုတဲ့ ကျုပ်စကားတွေကိုတော့ ဝကွက်ပြီးချန်...။

ကျုပ်က ခေါ်ငေါက်တော့ ဇာတ်မင်းသားရှေ့မှာ ဆူရပ့်မလား ဆိုပြီး စိတ်ကောက်၊ စကားတောင် မပြောတော့ဘူး။ မျက်နှာချင်းဆုံရင်တော့ ငဖျံက မျက်နှာလွှဲပါလေရော။ ကျုပ်ဒေါသလည်း ဖြစ်တာပေါ့။ ဘုရားပွဲမပြီးမချင်းတော့ ဒီကောင့်ကို သည်းခံရပေမပေါ့လေ။

'သူကြီးဆိုပြီး ဘာတတ်လဲ၊ အလကားဟာကြီး၊ သူကြီး ကတော် ဒေါ်မိန်မနဲ့ စကားများရန်ဖြစ်တုန်းက ကျုပ် ဖျန်ဖြေဝင်ဆွဲပေးတဲ့ ကျေးဇူးတောင်မထောက်တဲ့ သူကြီး၊ သူငွေလိုလို့ သူ့သမီးကြီးဆီ ငွေသွားယူပေးပါဆိုလို့ ကျုပ် သွားယူပေးရတဲ့ ကျေးဇူးလည်းမထောက်တဲ့ သူကြီး၊ ဇာတ်သမားဧည့်ခံတဲ့ငွေစာရင်း သူဆီမပြတာလေးနဲ့ လူရှေ့သူရှေ့ ငေါက်တဲ့ အလကားလူကြီး၊ ကုန်လို့ အသေးသုံးထပ်ယူတာ ဘာသုံးသလဲ မေးရသလားဗျာ၊ ဒီလူကြီး အလကားလူကြီးပါဗျာ၊ အရေးမစိုက်လို့ မစိုက်သလို ခုလိုနေပစ်တာ' ဟူသောအသံတွေ ကျုပ်တစ်ဆင့်တစ်ဆင့် ပြန်ပြီးကြားရပါရဲ့....။

http://www.cherrythitsar.org



ဓာတ်သမားတွေနဲ့ လုံးလားထွေးလား ငဖျံ၊ ပလဲပနံသင့်လို့၊ တခြားသူတွေက ဘုရားပွဲကိစ္စ ကူဖို့ခေါ်လည်း ငဖျံအရေးမစိုက်။ မဏ္ဍပ်တိုင်တွေကို ပန်းစက္ကူကပ်ဖို့ ကျုပ်က လူလွှတ်ခေါ်တော့ 'ထားလိုက်စမ်းပါ၊ အရေးမပါတာတွေတဲ့' ငဖျံက...။

ငဖျံက ကျန်တဲ့သူတွေနဲ့လည်း ကဏ္ဍကောစ...။

နာမည်ကြီး ဓာတ်မင်းသားနဲ့ ဓာတ်အဖွဲ့နဲ့ပဲ တရုန်းရုန်း...။

* * * * *

http://www.cherrythitsar.org

# [ ၅ ]

ဘုန်းကြီးပွဲအတွက် အသည်းအမြစ်၊ ငါးသေတ္တာကို ဓာတ်အဖွဲ့အတွက်ဆိုပြီး ဖေဖျံ ဖွတ်ယူသွားသတဲ့။ ဓာတ်သမားတွေအတွက်ဆိုပြီး ငွေကိုင်ဆီက ငွေတွေထုတ်။ စာရင်းတောင်းတော့ ကုန်တာကုန်တာပေါ့၊ မဆလာတစ်ထုပ်တစ်ပြားအထိ စာရင်းမလုပ်နိုင်လို့ ဖေဖျံက ပြန်ပြော ဆိုပဲ...။

ကျုပ်ကိုလည်း ရန်သူလိုဆက်ဆံပြီ။ စကားအပြောအဆို အနွတ်အဆက်မရှိ...။

သူ့ကို တခြားလိုတဲ့နေရာ ဝင်ကူဖို့ပြောသမျှသူနဲ့ ဆူးဆို့လုံ့ထိုးပြန်ပြောပြီတဲ့။ ဓာတ်ရုံမှာနေ၊ ဓာတ်ရုံမှာစား။ ဓာတ်သမားတွေနဲ့ စုကာရန်းကာ ထန်းရည်ဆိုင်သွား။ ရွာထဲက ဟိုအိမ်ဒီအိမ်လည်။ စားဟယ်၊ သောက်ဟယ်၊ ဟားဟယ်၊ ကျုပ်ကို သူ့ဖအေအရွယ်ဆိုတာလည်း မသိ။ ဘဝအမြင့်ကြီးမြင့်၊ ဘယ်သူ့မှ လူမထင်...။

http://www.cherrythitsar.org



ဘဏ္ဍာရေးမှူးနဲ့ ကျုပ်လည်း မျက်နှာချင်းဆိုင်ရင်း ငဖျံရဲ့ ဘုရားကြီးရှင်းတမ်းကိစ္စ စိတ်ဆိုးကြရပြီ။ ဇာတ်သမား သူစိမ်းတစ်ရံ ဆံတွေရှိနေသေးတော့ မျက်နှာထောက်ရ၊ စိတ်ချုပ်ထားရတာ ကျုပ် အတော်ပင်ပန်းနေပြီ…။

ငဖျံက အတော့်ကို မထီမဲ့မြင်၊ မသိမသာ စော်ကားတာမျိုး လေးလည်းလုပ်ရဲ့၊ လူကြီးသူကြီးသာ ကျုပ်မဟုတ်လျှင် ရိုက်သတ် ပြီးပြီ၊ ဧည့်သည်သူစိမ်း ဇာတ်အဖွဲ့က လူတွေရှိနေတော့ ခက်ပါဗျာ…။

ဖြောဝင်ပြီးသွားပြီ…။

ဘုရားပွဲပြီးသောနေ့သို့ ရောက်လာပြီ…။

ဇာတ်အဖွဲ့က မိုးလင်းသည်အထိ ဇာတ်မဆွဲတော့၊ နံနက် လေးနာရီမှာ ပြည့်ဖုံးကားချသွားတယ်။ ချက်ချင်းပဲ သိမ်းကြဆည်းကြနဲ့၊ ညနေရောက်လာမယ့် မော်တော်နဲ့ တစ်နယ်ကူးကြရမယ်လေ…။

ငဖျံက ကူပြီးသိမ်းလို့ ဘာလို့တဲ့၊ တစ်ရွာလုံးက နားစွင့်လို့ပေါ့၊ ညနေ မော်တော်ဥသြသံ ကြားရတယ်။ ကျုပ်တို့ လူကြီးတွေစုပြီး ဇာတ် အဖွဲ့ကို သွားနှုတ်ဆက်ကြတယ်။ ‘စာရေးနော်၊ လာလည်နော်၊ အလည် လာမှာ’ စကားတွေက ငဖျံနဲ့ ဇာတ်အဖွဲ့သားတွေရဲ့နှုတ်က…။

နေမစောင်းတစောင်းမှာ မော်တော်ထွက်သွားတယ်…။

ကျုပ်တို့အားလုံး ပြန်ခဲ့ကြတယ်…။

ကမ်းနဖူးမှာ ငဖျံတစ်ယောက်ပဲ ငုတ်တုတ်၊ မော်တော်ဥသြသံ သဲ့သဲ့ကြားရတော့ ကျုပ်တို့ ရွာထဲရောက်နေပြီ…။

မြင်ယောင်တယ် ငဖျံကို။ ဆယ်နှစ် တစ်နှစ်၊ သုံးနှစ် တစ်နှစ် ပြန်ဆုံချင်မှ ဆုံရတဲ့ဧည့်သည်တွေကို ငဖျံ လွမ်းနေ၊ တမ်းတနေလောက် ရောပေါ့…။

http://www.cherrythitsar.org



ငဖျံဘယ်သူတွေနဲ့ အခုအချိန်ကစပြီး မျက်နှာချင်းဆိုင်မလဲ...။

သူအရေးမစိုက်တဲ့ကျုပ်။ သူဘက်ကနတဲ့ တစ်ရွာတည်းသားတွေ။ သူနေ နေတဲ့ရွာ။ သူ တရုန်းရုန်းနေခဲ့တဲ့သူတွေ ဘယ်ရောက်သွားကြပြီလဲ။ သူလည်း လိုက်သွားလို့ မဟပ်စပ်။ သူ့လည်း အရေးအရာ လုပ်ပြီး ခေါ်ပင့်မသွားကြ။ အပြောအဆို အဆက်အဆံ သူ့အားထား ဦးညွှတ်ခဲ့သူတွေ သူ့အပါး၌မရှိတော့။ သူတို့အပါးတွင် သူရှိမနေရ တော့...။

မိုးချုပ်လျှင် ငဖျံ ဘယ်သွားစရာရှိလဲ...။

ရွာသူရွာသားတွေ ကျုပ်တို့တစ်တွေရှိရာကို သူပြန်လာရတော့ မယ်လေ။ မနေချင်လျှင် အိမ်ဖျက်ပြီး ရွာပြောင်းသွားရုံပဲ...။

ဒါမှမဟုတ်လည်း သူ ကမ်းပေါ်မှာ ထိုင်နေတော့ မျက်နှာမူထားရာကိုပဲ တည့်တည့်လျှောက်သွားလိုက်ပေါ့လေ...။

ငဖျံအတွက် လားရာလမ်း ရွေးစရာရှိမှ မရှိတော့တာ...။

သူကြီးသက်တမ်း အနှစ်လေးငါးဆယ်အတွင်းမှာပေါ့ဗျာ။ ငဖျံဖြစ်ပုံကို သံဝေဂ ကြီးကြီးကျယ်ကျယ် ရမိပါရဲ့...။ ။

■ ရှေ့သမင်မဂ္ဂဇင်း၊ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ။

http://www.cherrythitsar.org

# ဦးငှက်ရိုး၏ရေစက်ချ

## [ ၁ ]

ငှက်ရိုးသည် ကျွန်တော်နှင့်အရင်းနှီးဆုံး၊ အချစ်ဆုံးသူငယ်ချင်း။ ဆရာတော်ကြီးကျောင်းတွင် နမောဗုဒ္ဓယမှအစ အတူသင်ခဲ့သူချင်း။ ကုလားမန်ကျည်းသီးပင် အတူတက်၍ ခူးစားဖော်စားဖက်။ ခရားချိုတိုးကာ မြေဝပ်ငှက် ပစ်ဖော်ပစ်ဖက်။ ကျွန်တော့်မိဘသည် နွမ်းပါးသောသူ့ကို သားကဲ့သို့ ချစ်သည်။ ကျွန်တော့်အိမ်တွင် သူ ရံဖန်ရံခါ အိပ်သည်။ ရံဖန်ရံခါ စားသည်။ သူ့မိဘသည် သူရင်းငှား။ သူသည် စပါးရိတ်သိမ်းပြီးချိန်တွင် ကောက်သင်းကောက်ရသည်။ သူ့ဖခင်နှင့်အတူ လယ်အလုပ်လုပ်ရသည်။ သူ့ဖခင်သည် ငှက်ရိုးကို သူရင်းငှားမဖြစ်စေချင်။ ထို့ကြောင့် ကျောင်းထားပေးသည်။ 'စာတတ်ရင် အဖေ့လို မဆင်းရဲဘူး၊ စာရေး၊ စာချီဖြစ်နိုင်တယ်၊ ကြိုးစားကွာ' ဟုဆိုကာ အတန်းကျောင်း

http://www.cherrythitsar.org



ဆက် တက်စေသည်။ ခြောက်တန်း အတန်းတင်ဖြေပြီးချိန်တွင် သူ ကျောင်း ဆက်မတက်နိုင်။ တစ်နှစ်၊ နှစ်နှစ်ကျော်ကျော် သူရင်းငှားအလုပ် ဝင်ရသည်။ ကျွန်တော်ဆယ်တန်းဖြေသောနှစ်တွင် သချိုင်းကုန်းဘက်က လယ်ကွက်ဧကေ နှစ်ဆယ်ကျော်ကို ငှားပြီးထွန်သည်။ မြေကိုပြင်၊ ရေကိုပြင်၊ ကံကိုပြင်သောကြောင့်လားမသိ။ ကျွန်တော် ဥပစာ(ခ)တန်း တက်ချိန်တွင် ကိုယ်ပိုင်လယ်ကွက်နှင့် နွားတစ်ကောင် ပိုင်လာပေပြီ...။

တန်ဆောင်မုန်းလတွင် ငှက်ရိုးပြောသည်...။

'ငါ... မငွမ်းကို သဘောကျနေတယ် စိန်အောင်'

'ကျရင် မေတ္တာစာပေးပေါ့ဟ...'

'စာရွက်ရှာရ၊ ခဲတံရှာရနဲ့ ကြာပါ့ကွာ၊ ပါးစပ်နဲ့ ပြောပစ်လိုက်မယ် စိတ်ကူးတယ်'

ကျွန်တော်ပြုံးမိ၏။ မငွမ်းညနေ ရေခပ်ဆင်းချိန်စောင့်၊ ငါပါ အဖော်လိုက်မယ်ဟု ကျွန်တော်ပြောလိုက်၏။

'သတ္တိတော့ အတော်မွေးရတဲ့ကိစ္စနော် စိန်အောင်'

ကျွန်တော် ပြုံးသည်...။

'မငွမ်းကို ဘာလို့သဘောကျတာလဲ'

'မငွမ်းက ဥာဏ်ကောင်းတယ်၊ အေးတယ်၊ စကားနည်းပေတယ်လို့ လေးလေးနက်နက် စဉ်းစားတတ်တဲ့သူလို့ ငါထင်တယ်'ဟု ချက်ချင်းဖြေသည်။ ကျွန်တော်အံ့အားသင့်သွား၏။ အသက်နှစ်ဆယ်နားသို့ နီးနေပြီဖြစ်သော ငှက်ရိုး၏စိတ်ကူးကို တွေးမိ၏။ မသဲမကွဲ အတွေးရသောကြောင့်...

'ဒါနဲ့ပဲ မငွမ်းကို ရည်းစားထားချင်ရရောလား၊ စိမ်းမြတို့၊ မထွားတင်တို့က သူ့ထက်မလှပေဘူးလား'

http://www.cherrythitsar.org



သူခေါင်းယမ်း၏။ တလင်းထဲသို့အရောက်တွင် ကြောင်နက်စီးကရက်ဘူးကို သူ့ထံသို့ကမ်း၏။ 'နေပါစေကွာ၊ လည်ချောင်းကပ်တယ်၊ ငါ့ ကွမ်းသီးဖက်ဆေးလိပ်ပဲကောင်းတယ်' ဟုဆိုကာ မီးညှိသည်။ ကျွန်တော့်စီးကရက်ကို မီးညှိပေးပြီးမှ…

'မဂွမ်းကို ငါက ယူကိုယူမှာ စိန်အောင်'

'တွက်ရေးတော့ စက်သူဌေးပေါ့၊ ဟိုက ပြန်ကြိုက်ပါစေဦး'

'ငါကတော့ သူမှသူပဲ'

'စွဲတယ်၊ နွားခိုးလို့'

ကျွန်တော့်ပြက်လုံးကြောင့် သူရယ်သည်။ ကျွန်တော်စီးကရက် သောက်နေစဉ်…

'ဒီလိုကွ…'

ကျွန်တော်လှည့်ကြည့်သည်။ ငှက်ရိုးသည် ရိတ်ထားဆဲ လယ်ကွင်းတွေဆီသို့ ငေးသလိုလိုနေရင်း…

'ငါ့အဖေက ယံမင်္ဂလံနဲ့ ပြီးခဲ့ရတာ၊ ငါ့ကျတော့ ခုနစ်တန်းတက်တောင် မတက်လိုက်ရဘူး၊ ငါကံလိုက်လို့ လှည်းနဲ့၊ နွားနဲ့၊ လယ်နဲ့ ဖြစ်ရတာ နောက်ဆယ်နှစ်နေရင် ကံကြီးမောင်တို့ လယ်ဧကခြောက်ရာ စလုံး ငါ့လက်ထဲ ရောက်ရစေ့မယ်ကွာ၊ ငါအသုံးအဖြုန်းမှမရှိတာ၊ အသောက်အစား လောင်းကစားမှ မရှိတာ၊ အဖေ့ကိုငါကျွေးနိုင်ပြီ၊ အမေ့ကို ဆေးကုနိုင်ပြီ၊ ဒီကံ၊ ဉာဏ်၊ ဝီရိယနဲ့ဆိုရင်နောင်အနှစ် နှစ်ဆယ်မှာ ငါ့သားသမီးတွေကို အင်္ဂလိပ်ကျောင်းမှာထား၊ ကောလိပ် ကျောင်းမှာထား၊ ဒါပဲ'

သူ့ဘဝရဲ့ ရည်ရွယ်ချက်ကို ကြားရ၍ ကျွန်တော်အံ့အားမသင့်။ သူကြိုးစားသောသူ၊ ရိုးသားသောသူ။ သူ့စိတ်ကူးတွေအားလုံးမှာ မဖြစ်

http://www.cherrythitsar.org



နိုင်စရာမရှိ။ သူ့အစွမ်းအစကို သံသယမဖြစ်။ သို့သော် ဘဝ ရည်ရွယ်ချက်နှင့် မင်္ဂလာကိုချစ်ခြင်းတို့ ဆက်စပ်ပုံကို သိချင်သည်။ ထို့ကြောင့်…

'ဖြစ်နိုင်ပါတယ်၊ အဲဒါတွေနဲ့ မင်္ဂလာကို ကြိုက်တာနဲ့က…'

'ပြောမယ်လေကွာ'

သူ ဝင်သက်ရှူပြီးမှ…

'ငါရှာတဲ့စီးပွားကို သိမ်းထုပ်သေချာဆိုတဲ့ မယားဝတ္တရားနဲ့ ညီတဲ့မယားမှ ပိုကြီးပွားမှာ၊ အဲဒီသူကလဲ မင်္ဂလာမှ'

ကျွန်တော် ပြုံးကာ…

'ဟုတ်ပြီ ဆက်ပြော'

'ကလေးက လေးငါးယောက်တော့ မွေးမှ၊ အဲဒီကလေးတွေကို စိတ်ရှည်လက်ရှည် ဂရုစိုက်မှာကလဲ မင်္ဂလာမှဖြစ်မယ်'

'ထားတော့၊ ထားတော့'

'မင်္ဂလာကို မင်းအကဲခတ်ကြည့်၊ အေးဆေးတယ်၊ စိတ်ရှည်တယ်၊ စေ့စပ်သေချာတဲ့ လက္ခဏာပေါ့ကွာ၊ ငါ့သားသမီးတွေ ငါ့ထက် ပိုပြီး စာတော်အောင်၊ လူရာဝင်အောင်၊ ကြီးပွားအောင် ပြုစုပျိုးထောင်ဖို့ ဆိုတာ မင်္ဂလာမှပဲဖြစ်မယ်၊ မင်းပြောတဲ့ စိမ်းမြဆိုတာ နိုင်လွန်သံကြားရင် မိဘကို နားပူနားဆာ၊ ဂျော်ဂျက်သံကြားရင် မဝတ်ရ၊ မျက်ရည် တစ်စက်ကျ၊ ထွားတင်ဆိုတာက ဇာဘော်လီသစ် မနေ့ကပေါ်ရင် ဒီနေ့ ဝတ်ရမှ၊ ကြိုးပျောက်ဇာဘော်လီ ရောင်စုံထည်လဲ၊ နှုတ်ခမ်းနီ၊ ပါးနီလဲ ဝါသနာပါပါ့၊ ငါ့ရှာသမျှ ထဘီဖိုးနဲ့ ကုန်ရချည်ရဲ့၊ ဒီတော့ ရိုးတဲ့အေးတဲ့ မင်္ဂလာကို ငါရွေးတာ စိန်အောင်'

တွက်ကိန်းဇယားကျပါပေဟု ကျွန်တော်ချီးကျူးလိုက်သည်။

http://www.cherrythitsar.org



'ငါမဂွမ်းနဲ့ အိမ်ထောင်ထူထောင်ရရင် ငါ့ဘဝဟာ ပြည့်စုံပြီ၊ တိုးတက်ပြီ၊ ငါ့သားသမီး၊ မြေးမြစ်၊ အမျိုးအနွယ်အားလုံး စိတ်မပူရတော့ဘူး၊ ပြီးတော့ မဂွမ်းကို သတိထားကြည့်၊ အကြင်နာ၊ ကရုဏာတရား ကြီးမားတဲ့မျက်နှာ'

'ငါလဲ မဲထည့်ပါတယ် ငှက်ရိုး၊ ဖြစ်နိုင်ပါတယ်၊ မင်းအင်မတန် တွက်တတ် ချက်တတ်တာပဲ၊ မမှားနိုင်ဘူး၊ ရအောင်ကြိုးစားကွာ'

* * * * *

http://www.cherrythitsar.org

# [ ၂ ]

မင်္ဂလာဆောင်တုန်းက ကျွန်တော် ရွာမပြန်ဖြစ်၊ ဒီဇင်ဘာ လကျမှ လက်ဖွဲ့ပစ္စည်းဝယ်ပြီး ရွာသို့ပြန်သည်။ ငှက်ရိုးနှင့်မဂွမ်းတို့ အိမ်သို့ရောက်သောအခါ ငှက်ရိုးက ဝမ်းသာအားရနှင့်...

'မဂွမ်း၊ ဒါ ငါ့သူငယ်ချင်း စိန်အောင်လေ'

မဂွမ်းသည် ဂွမ်းကဲ့သို့ဖြူကာ အိအိဖိုင့်ဖိုင့်ရှိသောကိုယ်ကို တစ်ချက်လှည့်ပြီး...။

'တစ်ရွာသားတည်းပဲ သိသားပေါ့'

စကားအဆုံးတွင် တစ်ဖက်သို့ပြန်လှည့်သွားသည်။ ငှက်ရိုးသည် ရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။ ကျွန်တော်ပေးသော လက်ဖွဲ့ပစ္စည်းကို မဂွမ်းထံသို့ကမ်းရင်း...

'သူလက်ဖွဲ့တာ မဂွမ်း'

http://www.cherrythitsar.org


'တလက်စတည်းနဲ့ ရှင်ပဲ သွားသိမ်းထားလေ'
ငှက်ရိုး၏မျက်နှာတွင် အပြုံးလျှော့သွားသည်။

* * * * *

http://www.cherrythitsar.org

# [ ၃ ]

ငါတို့အိမ်ရောက်စဆိုတော့ မဂ္ဂမ်းခမျာ အနေရခက်နေတယ်၊ နေသားမှ မကျသေးတာ၊ တစ်အိမ်နဲ့တစ်အိမ် အစားအသောက်၊ အနေအထိုင် တူမှမတူတာကိုးဟု ငှက်ရိုးပြောသည်။ ဒါပေါ့၊ အိမ်တစ်အိမ်တည်းမှာတောင် အခန်းပြောင်းအိပ်ရင် ရတ်တရက် အိပ်လို့မှ မရတာ၊ စနစ်ချင်း၊ စည်းကမ်းချင်း တူမှမတူကြတာကိုးဟု ကျွန်တော် ပြောသည်။ တစ်ဆက်တည်းနှင့်...

'မင်းအိမ်ထောင်ရေး ကံကောင်းပါတယ် ငှက်ရိုး'

'ဖူးစာရေးနတ်က အသင့်လျော်ဆုံးနဲ့ အိမ်ထောင်ချပေးလိုက်တာတော့ အမှန်ပဲ၊ အရေးကြီးတာကတော့ ငါ့မှာ ရလာမယ့်သားတွေ သမီးတွေဟာ ငါမျှော်လင့်သလို ဖြစ်လာဖို့ပဲ၊ ဖြစ်မှာပါ၊ မဂ္ဂမ်းက အခုတော့ အိမ်ထောင်ကျစကိုး၊ ရှေ့ နှစ်နှစ်ဆိုရင် ငါအိမ်ခွဲမယ်၊ ကိုယ့်အိုး၊ ကိုယ့်အိမ်နဲ့နေ၊ နှစ်ဖက်ကိုထောက်ပံ့၊ သားတွေသမီးတွေ ကျောင်းထား၊

http://www.cherrythitsar.org



ငါစီးပွားရေး တိုးတက်အောင်ကြိုးစား၊ ဒီမယား၊ ဒီသား၊ ဒီသမီးတွေနဲ့ အလှူအတန်း ကုသိုလ်ကောင်းမှုလုပ်၊ ဘုရားပွင့်တဲ့အချိန်တိုင်အောင် အတူစောင့်၊ ကျွတ်တန်းဝင်၊ လောကီလဲ လောကီချမ်းသာ၊ လောကုတ္တရာ လဲ လောကုတ္တရာချမ်းသာ၊ ဒါပါပဲကွာ’

* * * * *

# [ ၄ ]

အမေတို့မရှိတော့၍ ကျွန်တော်သည် အလုပ်ရှိရာ အထက်မြို့သို့ ပြောင်းရသည်။ ပြောင်းရခါနီးတွင် ငှက်ရိုးတို့အိမ်သို့သွား၍ နှုတ်ဆက်သည်။ ငှက်ရိုး၏ သမီးကြီးသည် မတ်တတ်စမ်းလျက်ပင် ရှိပေပြီ။ ငှက်ရိုးသည် နွားနှစ်ရှဉ်းပိုင်နေပေပြီ။ လယ်ဆယ်ဧကေ ထပ်တိုးနေပေပြီ။ လက်အောက်လက်သား လေးငါးဆယ်ယောက်ရှိနေပေပြီ…။

'အင်စပက်တော် စိန်အောင်ရေ့၊ ငါမြို့ကိုတက်ပြီး စီးပွားရေးချဲ့ဦးမယ်၊ ဆန်စက်ကလေး ဘာလေးပေါ့၊ ဒါပေမယ့် ငါခြေကျဲသလောက် မဝွမ်းက နှေးသကွာ'

အားမရသံ…။

* * * * *

http://www.cherrythitsar.org

## [ ၅ ]

ကျွန်တော့်သားကြီးကို ရန်ကုန်တက္ကသိုလ်သို့ လိုက်ပို့သော နေ့က အာမခံရုံးရှိ အသိတစ်ယောက်ထံ သွားခဲ့သည်။ ထိုအသိသည် ငှက်ရိုးနှင့် အဆက်အသွယ်ရှိနေ၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်။ ငှက်ရိုးတွင် ဆန်စက်သုံးလုံး၊ ဆီစက်နှစ်လုံး၊ သစ်ခွဲစက်နှစ်လုံး ရှိနေပေပြီ။ အဝေးပြေး ဆန်တင်ကားနှစ်စီး ပိုင်နေပြီဟု သတင်းရ၏။ တစ်ဇကေလျှင် ခြောက်သိန်းတန်သော မြေကွက်ပေါ်၌ တိုက်ကြီးတစ်လုံးဆောက်ပြီး သွားပြီဟု သတင်းကောင်းတွေကြားရ၏။

ငှက်ရိုးနှင့် မတွေ့ရသည်မှာ ရှစ်နှစ်၊ ကိုးနှစ်ခန့် ရှိပေပြီ…။

အာမခံရုံးက မိတ်ဆွေပေးလိုက်သောကြောင့် ငှက်ရိုး၏ ဖုန်းနံပါတ်ကို ရခဲ့သည်။ နောက်နေ့တွင် ကျွန်တော် ဖုန်းဆက်ကြည့်သည်။ ငှက်ရိုးမရှိဟု အမျိုးသမီးအသံက ဖြေသည်။ အဲလ်ဗစ်ပရက်စလေ၏ မနေ့တစ်နေ့က ပေါ်လာသော ဓာတ်ပြားသီချင်းသံကို ဖုန်းထဲကြားရသည်။

http://www.cherrythitsar.org



တစ်ပတ်အကြာတွင် ကျွန်တော် ဖုန်းထပ်လှည့်သည်။ ငှက်ရိုး နှင့်တိုးသည်။ ဟကောင်ကြီး၊ အခုလာကွာ၊ ငါတွေ့ချင်တယ်၊ မလာနိုင် ရင် ငါကားလွှတ်လိုက်မယ်ဟု အလုအယက် ဝမ်းသာစကားဆိုသည်။ နောက်နေ့ကျမှ လာမည့်အကြောင်း ကျွန်တော်ပြောသောအခါ ဟာကွာဟု မချင့်မရဲဆိုလေသည်။ ငါစောင့်မယ်၊ ဆက်ဆက်လာ၊ အတွင်းဝန်ကလေး နဲ့ တွေ့မယ့်ကိစ္စကို ဖျက်ပြီးစောင့်မယ်ဟု ပြောလေသည်။

* * * * *

http://www.cherrythitsar.org

# [ ၆ ]

လေးဆယ်ကျော်ခါစ၊ သို့သော် အိုစာနာနိုင်လှ၏။ ဆံပင်ဖြူတွေ ထွက်စပြုနေ၏။ မင်းကတော့ ငယ်ရုပ်ပဲဟု ငှက်ရိုးပြော၏။

'မင်းကလေးတွေရော ဘယ်နှတန်းလဲ'

သူခေါင်းကုတ်၏။

'မပြောပါနဲ့တော့ကွာ၊ ရန်ကုန်သီလရှင်ကျောင်းတိုင်းမှာ မနေဖူးတယ် မရှိပါဘူး၊ ဒီနေ့ ကွန်ဗင့်ဆရာမနဲ့ အပြောအဆို အဆင်မပြေရင် မနက်ဖြန် စိန်ဖလိုမီနား၊ ဆရာမဒဏ်ပေးတာခံရရင် နောက်တစ်နေ့ စိန်ပေါ၊ ကလေးတွေကို မဝ္ဂမ်းက အလိုလိုက်တဲ့နည်းနဲ့ ဖျက်ဆီးနေတယ်၊ ငါကစီးပွားရေးကို ရာနှုန်းပြည့်၊ ဒီတော့ အိမ်အုပ်ချုပ်ရေးမှာ ငါ ငါးဆယ်သား လျော့တော့တာပေါ့၊ စာရင်းဇယားကအစ ငါ'

'မဝ္ဂမ်းက မကူဘူးလား'

'သူက တွေဝေငိုက်မျဉ်းနေတဲ့ အစားမျိုး'

http://www.cherrythitsar.org



ဟော… ဟု အံ့ဩသံ ကျွန်တော်ပြုမိသည်။

'သူ ဘာလို့အသက်ရှင်နေတာကို သူကိုယ်တိုင် သိချင်မှသိမှာ စိန်အောင်'

'ဟာကွာ၊ ငှက်ရိုးကလဲ'

'မဟာကွာနဲ့၊ ရွာကပြောင်းလာကတည်းက မြို့မှာ သူဘာမှ မလုပ်ရဘူး၊ အိမ်ကိစ္စဆို အိမ်ဖော်တွေနဲ့၊ အဝတ်လျှော်တာ၊ ကြမ်းတိုက်တာ၊ ထမင်းချက်တာကအစ စက်နဲ့၊ မဂ္ဂမ်းအတွက် အချိန်တွေအရမ်းပိုတယ်၊ အချိန်ပိုအောင် ငါစရိတ်စကတွေ ပိုခံရတာပေါ့ကွာ၊ ကလေးတွေအတွက် ပညာရေး ဂရုစိုက်ချိန်ပိုရအောင်၊ စီးပွားရေးအတွက် ဂရုစိုက်ချိန် ပိုရအောင် ငါစီစဉ်ပေးတာ၊ ဒါပေမယ့်…'

မောသံဖြင့် ခဏရပ်သည်…။

ကျွန်တော် သဘောမပေါက်၊ သူ့မျက်နှာ ညှိုးအိုအို…။

'အားလုံး အလကားပါပဲကွာ၊ သူပြောပုံပြောပေါက်နဲ့၊ ထားတဲ့ သဘောထားနဲ့ ငါလိမ့်နေတာပဲ၊ အနှစ် နှစ်ဆယ်'

'သူက နဂိုက ခပ်အေးအေးပဲ ငှက်ရိုးရာ'

'သူက ဈေးတောင်းခေါင်းရွက်ပြီး ငါ့ကိုကျွေး၊ ဟင်းမလောက်၊ ထမင်းမလောက်၊ ကျောက်တံဖိုးမရှိတာ သူညည်းလဲ ငါငုတ်တုတ်ထိုင်နေမယ်လေ၊ အိမ်အတွက် ဘာလိုလို သူကတော့ မပူပေါင်၊ ကျွန်မမှာသာ ဈေးရောင်းရ၊ ရှာရဖွေရ၊ ချေးရငှားရ၊ အေးလွန်းလှတယ်လို့ ငါ့ကိုပြော၊ အရပ်ကလဲ ငါ့ကို အေးအေးပဲလို့ ဘွဲ့တံဆိပ်ဝိုင်းပေး၊ နေရာချင်းလဲမယ်လေ၊ ငါလဲ နေတတ်တာပေါ့'ဟု ပြောပြီးတော့ရယ်သည်။ စိတ်နာသံ ပါသည်ဟု ကျွန်တော်သိသည်…။

http://www.cherrythitsar.org



'ပြောရရင် အများကြီးပါကွာ၊ မင်းနဲ့တွေ့တုန်း တခြား အကြောင်းပြောကြတာပေါ့ စိန်အောင်ရာ'

သူ့မျက်နှာပေါ်က အိမ်ထောင်ရေး ဘာသာစကားကို ရိပ်မိ လိုက်၏။

* * * * *

http://www.cherrythitsar.org

# [ ၇ ]

ကျွန်တော် ပင်စင်ယူသည့် ခွင့်လေးလအစတွင် ငှက်ရိုး ဖုန်းဆက်သည်။ အလှူရှိကြောင်း၊ တန်ဆောင်းရေစက်ချဖြစ်ကြောင်း၊ အလှူနေ့တွင် လာစေလိုကြောင်း ပြောသည်။ သူနှင့်ကျွန်တော်သည် လူချင်းမဆုံသော်လည်း ဖုန်းအဆက်အသွယ်တော့ ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် သူ့အိပ်ခန်းထဲမှ ဖုန်းဆက်တတ်သည်။ ညဆယ်နာရီ၊ ဆယ့်တစ်နာရီ၊ ကျွန်တော်သိပြီးသားပြဿနာ၊ ဂွမ်းပုံ၏မသိတတ်မှု၊ သားသမီးပျိုးထောင်စောင့်ရှောက်ပုံမဟုတ်မှု၊ ထို့နောက် စိတ်နာစကား၊ အလဟဿပဲ၊ အလကားပဲ၊ ဘဝကို စိတ်ညစ်စရာတွေနဲ့ ဆောက်ရသလိုပဲ၊ ငွေရှိပါလျက်နဲ့ ညဘက်ဆာရင် စားစရာပဲမုန့်တစ်ခု ဝယ်ပေးဖော်မရတဲ့မယားနဲ့ နေရတာ၊ မဂွမ်းဟာ သူ့အကျိုး၊ လင့်အကျိုး၊ သားသမီးအကျိုးနဲ့ အနန္တောအနန္တငါးပါးအတွက် ဘာမှမလုပ်တဲ့မိန်းမ၊ သူ့ကြောင့် လှေရှိလျက်နဲ့

http://www.cherrythitsar.org



လိုရာခရီးရောက်အောင် မသွားရတာ၊ သူ့ကြောင့်မှန်း သိသလား၊ မသိသလား ငါမသိတော့ဘူးဟု အလျှုဖိတ်ရင်း ဖုန်းထဲက ပြောသည်…။

* * * * *

http://www.cherrythitsar.org

## [ ၈ ]

ပရိသတ်တွေ ဟင်... ဟာ... ဖြစ်သွားသည်။ ကျွန်တော်တားချိန်မရလိုက်။ ‘ဘုရားတပည့်တော် အသက်ထက်ဆုံး စင်ကြယ်စွာရှာဖွေခဲ့တဲ့ ဥစ္စာပစ္စည်းများနဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုပါတယ်ဘုရား၊ မှန်ကန်တဲ့ ဤသစ္စာစကားကြောင့် အရိမေတ္တယျမြတ်စွာဘုရားမဖူးရမီကြား ဒီဘဒ္ဒကမ္ဘာမှာ ကျင်လည်ရတဲ့အခိုက် ဘယ်ဘဝမှာမှမဂွမ်းနဲ့ မဆုံပါရစေနဲ့ ဘုရား’ဟူသော ရေစက်ချဆုတောင်းအဆုံးတွင်ငှက်ရိုး၏ ရေစင်တော် ငွေကရားဦ ရေတစ်စက်မျှ မရှိတော့...။

■ *ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ၁၉၈၇ ခုနှစ်၊ မေလ။*

# ဗိန္ဓောဆရာကြီး ငှက်ရိုး

## [ ၁ ]

သူစိမ်းလူနာဆိုရင်လည်း ကျုပ်ဖြင့် ဆက်ပြီးမကုနိုင်တော့ဘူး လို့ ပြောလိုက်ရုံပဲ။ ခုတော့ကာ ဆွေမျိုး။ ဆွေမျိုးတောင် အရင်းကြီး။ ကျုပ်ထက်ငယ်ရင်လည်း ငေါက်ဟယ်၊ ဆူဟယ်နဲ့ ဆေးဆက်ကုပေးလို့ ရသပေါ့။ အခုဟာ ကြီးတော် အရင်းခေါက်ခေါက်။ ပြီးတော့ မိဘလို ဖြစ်နေတာ။ ကျုပ်အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်းမှာ ဆေး ဆရာဝါ နှစ်ပေါင်းသုံးဆယ်ဆိုပါတော့။ ဒီလို လူနာမျိုးနဲ့ ကြုံကိုမကြုံဖူး ပေါင်ဗျာ…။

ကြီးတော် စ မမာစ၊ ဟို လေးငါးဆယ်နှစ်လောက်ကတည်းက ကျုပ်က ကုချင်လှတာမဟုတ်ဘူး။ ကျုပ်က တူဆိုတော့ ဘယ်အထင်ကြီး မှာလဲ။ သူတရှောင်ရှောင်ဖြစ်စက ကုခဲ့တာ ဆရာကြီးနှစ်ဦး။ တစ်ဦး

http://www.cherrythitsar.org



ကဆို တောင်သာဆရာ။ တစ်ဦးက ပရမတ္ထ အလင်းပြဆရာ။ တကယ့် ထက်ပေ့ဆရာကြီးတွေ။ ဓာတ်၊ ဗိန္ဓော၊ ပယောဂ၊ ဗေဒင် လေးအင်လေးဝ အထင်ကရ ကျွမ်းကျင်ကြပြီးသား သမားတော်ကြီးတွေ…။

ဒါပေမယ့် ကျုပ်ရဲ့ကြီးတော်အကြောင်း ကျုပ် ပိုသိတာပေါ့ဗျာ။ သူက စရိုက်တစ်မျိုး။ နေထိုင်ကောင်းနေတုန်းကပဲ စပြောပြော၊ ရွာထဲမှာ ကျုပ်တို့ လေးခွတစ်ချောင်းနဲ့ ပုဆိုးကွင်းသိုင်းချိန်က စပြောပြော၊ ကျုပ် ကိုရင်ဝတ်ချိန်၊ လောကဓာတ်ကျောင်းသားဖြစ်ချိန်၊ မဗိန်မနဲ့ အိမ်ထောင် ကျချိန်၊ လယ်ဝန်ရုံးမှာ စာရေးလေးဝင်လုပ်ချိန်၊ ဆေးဝါးဘက် လိုက်စား ချိန်တွေက စပြောပြော၊ ကြီးတော်ဟာ လူတစ်မျိုးဗျ…။

ဘယ်သူနဲ့ တွေ့တွေ့၊ သူတတ်သူနပ်၊ တစ်ဖက်သား ပါးစပ် မဟခင် ငါသိပြီးသားပါ၊ ငါမပြောလား၊ ငါက အံတိုနေပြီဆိုတာ စကားဦး သန်းပြီးပြီ။ ရေကြီးလာတဲ့ ကိစ္စဖြစ်ဖြစ်၊ သင်္ဂြိုဟ်ကိုးပိုင်း စကားဖြစ်ဖြစ်၊ သဒ္ဒါကြီးထဲက ပကိဏ်းပိုင်းဖြစ်ဖြစ်၊ ဂျာမနီနိုင်ငံ ဗို့ဝမ်း၊ ဗို့တူး ဒုံးပျံအကြောင်း စပ်စပ်၊ သူက သိပြီးစကား စပြောရော။ သူသိ သူတတ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုတောင် သူ့အရင် မွေးလို့ ပြန်အငြင်းရခက်ပုံမျိုး ပြောတတ်တာပဲ ကြည့်ပေါ့။ ခြေရင်းအိမ်၊ ခေါင်းရင်းအိမ်၊ ရွာအရှေ့ပိုင်း၊ အနောက်ပိုင်းလူတွေ၊ သဲပုံစေတီ ဂေါပကအဖွဲ့၊ ရွာဦးကျောင်း ဆရာတော်ကြီးနဲ့ ဆွမ်းခံထွက်တဲ့ ကိုရင် တွေ၊ ကျောင်းသားတွေကအစ သူကြီးနဲ့ ဆယ်အိမ်ခေါင်းအလယ်၊ တို့ဗမာသခင်တစ်စုနဲ့ သူ့ယောကျ်ားအထိ အားလုံးက ဆလံပါပဲ။ ငါသိ ကြီးနဲ့ ဖွတ်ငြင်း၊ ဖွတ်ခေါင်းမာ။ ကြာတော့ တစ်ရွာလုံးက ကြီးတော်ကို အလိုက်အထိုက်ပဲ သဘောထားကြတော့တာပေါ့…။

http://www.cherrythitsar.org



အဲဒီ ကြီးတော်ရဲ့စရိုက်ကြောင့် တောင်သာနဲ့ ပရမတ္ထက သမားတော်ကြီးနှစ်ဦးလည်း ဆေးတစ်ပတ်လည် ကုပေးအပြီးမှာ ပြေးကြ ပါရော။ ဆေးဆရာ့စကားတွေကို မြေဝယ်မကျ နားမထောင်ဘဲ ထင်ရာ စိုင်းတော့ ဘယ်ဆရာက ကုပေးချင်ပါ့မလဲ...။

'ဆရာလက်လန် ဒေါ်သီးနှံ' လို့ ဆွေမျိုးထဲကကို ခေါ်ကြ ဝေါ်ကြတာ။ ကျုပ်လည်း ကြားနေရတာပဲ။ အဲဒီတင် ကြီးတော်ဒေါ်သီးနှံ ကျန်းမာပကတိ ချမ်းသာစွာရှိရန် အရေးမှာ ကျုပ်ဆီ မြားဦးလှည့်လာ ပေတော့တာပဲ...။

ကြီးတော့်ယောကျ်ား ဘကြီးဦးကျန်က ဖျတ်ခနဲဆို ကျုပ် အိမ်ပေါ်ကို တက်လာတဲ့နေ့ကတည်းက 'အင်း... ကြီးတော့်ဒုက္ခ၊ ငါ့ဒုက္ခ' လို့ တွေးကိုတွေးမိတယ်။ အာလာပသလ္လာပ ပြောလည်း ပြီးရော...

'မောင်ငှက်ရိုးရေ၊ မင်းစိတ်မရှိဖို့ ဘကြီးအရင် ပြောပါရစေ၊ တူအရင်းခေါက်ခေါက် သမားတော်ကြီးရှိရက်နဲ့ တခြားဆေးဆရာတွေ ရှာလွန်ရှက်တိုက် ခေါ်ကုရသလား၊ ဘာသလား မဖြစ်စေချင်ဘူး၊ မင်း ကြီးတော်အကြောင်း မင်းသိပြီးသားပဲ၊ ရှင်းရှင်းပြောရရင် တူကျတော့ ငယ်မွေးခြံပေါက်၊ တယ်ပြီးမခံ့ဘူးပေါ့၊ ဒီကောင် ငယ်ငယ်က ငါ ခါးထစ်ခွင် ထိန်းခဲ့ရတာ၊ ချေးကလူ၊ သေးကလူ ထိန်းခဲ့ရတာ၊ ဘာဘာ ညာညာနဲ့ အမြင်နန့်မှာပေါ့၊ ဒီတော့ မင့်စကား တယ်ပြီး နားထောင်မှာ မဟုတ်ဘူး၊ သူကိုယ်တိုင်က တခြားဆရာသာပင့်ပါ၊ ငှက်ရိုးနဲ့ ကုရမယ် ဆိုရင် ကျုပ်က ရယ်ချင်လို့ ဝမ်းထဲမှာ ကျလိကျလိဖြစ်နေမှာတဲ့၊ ခုတော့ မင်းလဲကြားမှာပါ၊ ဟိုဆရာကြီးနှစ်ယောက်က ခြေကြွ ဆယ်ဆပေးပြီး သွားပင့်တာတောင် ကံမစပ် ဆေးမလိုက်ဘူးလို့ ငြင်းလွှတ်ခဲ့ကြပြီကွ'

http://www.cherrythitsar.org



လှုပ်လိုက်တဲ့မျက်ခုံး၊ စုံ။ ကျုပ် အငြင်းရကျပ်သပေါ့ဗျာ။ ကြီးတော်ဖြစ်နေတော့ အခက်တကာ့ထိပ်ခေါင် လူနာပေပေါ့။ ဘကြီးက ခြေကြွစကားစတော့ ငြင်းရတယ်။ မိလိုဖလို ကြီးတော်ကို တူဆေးဆရာက ခြေကြွယူတယ်၊ ဘာတယ်ဆို လူဘယ်ကြားကောင်းမှာလဲ။ ခက်တာက ကျုပ်က အတော့်ကို အားလပ်တယ်ရယ်လို့ မရှိတာ။ ကျုပ်နေတဲ့ရွာအပါအဝင် ဒီစကြိတ်တစ်ခုလုံးတွင် မကပါဘူး။ အောက်ပြည် အနှံ့အပြားဆေးကုထွက်နေရတာ။ တစ်ခါတစ်ခါ အညာအထိ တက်ရတာ။ ဦးစိန်ကတုံးတပည့် မင်းသား၊ မင်းသမီးတွေအထိ ကျုပ်မှကျုပ်။ ရန်ကုန်အထိ ရော တက်ကုပေးရတာ။ အနီထောင် ဂျောက်ဂျက် သုံးဆယ့်ခြောက်ကောင် သမားတွေ၊ ဖဲသမား၊ ကက်သမားတွေဆိုတာ အညောင်းသမား။ ဒီပြင် လူစုံရာမှာ ရောဂါစုံတော့ လိပ်ခေါင်းတို့၊ ဘာခေါင်းတို့ ဘာတို့မှာ ဘာရောဂါပဲဖြစ်ဖြစ် ကျုပ်ကုရင် ခဏနဲ့ လူကောင်းပကတိ။ မီးယပ်၊ ဒူလာ၊ ညောင်းကျ၊ ကုတ်ဟီး၊ သူငယ်နာ၊ အသြော်ရှောင်နာ စတဲ့ ကိုးဆယ့်ခြောက်ပါးဆို ကျုပ်နိုင်ပြီးသား…။

အိမ်ထိုင်ကုရတာရော၊ လူနာအိမ် လေးငါးဆယ်ရက် ကြွပြီး ကုသပေးရတာရောနဲ့ ဘယ်လာအားပါ့မလဲ။ ဒါပေမယ့်လို့လည်း ကြီးတော်ကို ကုပေးပါ့မယ်လို့ ဘကြီးကို ပြောခဲ့ရတာပေါ့ဗျာ…။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

လာခေါ်တော့ ဆောင်းဝင်စ။ နွေစ၊ မိုးစ၊ ဆောင်းစကနေ ရက်ပေါင်း သုံးဆယ့်လေးရက်ဆိုတာ အာဂန္တုက ရက်။ ဆေးပေးရခက်တဲ့ ရက်။ ရောဂါလက္ခဏာက မျက်လှည့်လို။ ဒီကြားထဲက ဆေးစတိုက်လို့ သုံးလေးရက် ရှိသေးတယ်။ ဟိုဆေးက ခါးသလေး၊ ဒီဆေးက ငန် သလေးနဲ့ ကြီးတော်က လုပ်လာပါရော။ 'ငှက်ရိုးရယ်... နွယ်ချိုလေး ထည့်ပေးပါလားဟယ်' တဲ့။ ကျုပ်က ရယ်ရယ်မောမောနဲ့ပဲ...

'ဟာ... ကြီးတော်ကလဲ၊ နေမကောင်းလို့ ဆေးသောက်တာ၊ ဟိုတယ်တက် ထမင်းမြိန်စားတာမှ မဟုတ်တာ၊ ဆေးပဲဗျာ၊ သရေစာမှ မဟုတ်ဘဲ' လို့...။

ကျုပ်မှာဖြင့် ဗေဒင်တွက်ရ၊ စန်းပြတ်၊ လွန်းပြတ်လားဟဲ့ ပူပန်ရ။ အနာရောဂါ ဘာလက္ခဏာလဲ ချိန်ရဆရ။ ပဌ္ဌရဏာလား၊ ဝိတ္ထမ္ဘိတလား၊ ကက္ခဠုလား၊ ဘာလားညာလား စဉ်းစားရ။ သင်္ဂဟိတ

http://www.cherrythitsar.org



များလား ဆရာနဲ့။ သူ့ရောဂါက တစ်နေ့ရွှေ၊ တစ်နေ့ငွေ၊ ဆယ့်လေးငါး ခြောက်ရက်ကြာတော့ ဩပက္ကာမိကတော့ မဟုတ်ပေဘူး။ ပျူစောထီးနဲ့ ကာကွယ်ရေး ဝင်သရမ်းတုန်းက သူ မြင်လိုက်ရတာမှ မဟုတ်ဘဲ။ အာဟာရဇနဲ့ ဥတုဇ တစ်ပါးပါးပေပဲလို့ ဓာတ်တိုင်တွေ ဘာတွေထူ၊ တွက်။ အင်္ဂဝိဇ္ဇာ ဓာတ်တိုင်ရော၊ ဇကေရန်း ဓာတ်တိုင်ရော၊ ဒွိရန်း၊ တြိရန်း၊ စတုရန်း၊ ပဥ္စပွတ်ရော၊ ဆပွတ်ရော ကမ်းကုန်ခါနီးပြီ။ ဇာတာက တိုင်ဆယ်ပါးလည်း ကြည့်ပြီးပြီ၊ မြို့ကဓာတ်မီးတိုင်ပဲ ကျန်တော့ပါရဲ့...။

'နင်က သဘော်သီးမှည့်ကို ခွံစိမ်းပါးပါးကျန်တဲ့အထိ ခြစ်ပြီး စားရမယ်ဆိုတော့ ငါမှ မကြိုက်တာ၊ ငါက သကြားဖြူးပြီး ခလောက် စားချင်လို့ သကြားနဲ့စားပြီးပြီ'

ကျူပ်ပေးတဲ့ ဓာတ်စာကို စပြီးကွန့်လာပြီလေ။ ဒါတင်လား ဆိုတော့...

'ငှက်ရိုးရယ်၊ နင့်ဆေးတွေက အဝင်သိပ်ဆိုးတယ်ဟဲ့၊ ကွမ်း ရွက်ပြုတ်နဲ့ဆို တော်သေးရဲ့၊ ခွေးတောက်ရွက်ပြုတ်ရေနဲ့ဆိုတော့ အန်ချင်လာတယ်၊ ဒါနဲ့ သုံးခွက်ကုန်အောင် မသောက်နိုင်လို့ တစ်ခွက်စာ ပဲ သောက်လိုက်တယ်'

တစ်နေ့ ဆေးသုံးခွက် သောက်ရမှာကို သူ့သဘောနဲ့သူ လျှော့ တာပဲ ကြည့်တော့လေ။ ဒါ ခံတွင်းထဲ ထည့်တဲ့ကိစ္စ။ သနပ်ခါးအစား ကရမက်လိမ်းပါ ဆိုတာကျတော့...

'ငါမှ မကြိုက်တာ၊ အနံ့ကို ငါမုန်းတယ်၊ ပြီးတော့ ငါ့အသား တွေ မည်းကုန်မယ်' တဲ့...။

လူက ဖြူဆွတ်ဆွတ် ဖော့ရိုး။ တံတောင်ဆစ်အရိုးဆိုရင်

http://www.cherrythitsar.org



ဂုန်အိတ်ချုပ်တဲ့ အပ်နဖားလို ငေါ်နေပြီ။ ခန္ဓာကိုယ်က အချိန်နှစ်ဆယ် လောက်ရှိတဲ့ ဝက်မတမ်းမလောက်တောင် မရှိဘူး။ နဖူးဆံပင်တွေ ကျွတ်လို့ ပြောင်တောင်တောင်။ တစ်ခေါင်းလုံး ထုံးလိမ်းထားတဲ့ ဆံပင် ထင်ရပါရဲ့။ ပါးရေကတွန့်၊ မျက်ခွံကတွဲတွဲ၊ အိုနေ နာနေတဲ့အရေးထဲ လှချင်သေးရဲ့။ ဆေးကျပြန်တော့ ချိုသလေး၊ ခါးသလေး၊ ဖန်သလေး၊ ချဉ်သလေး၊ ဓာတ်စာကျပြန်တော့လည်း မကြိုက်တာရယ်၊ အရသာ မတွေ့တာရယ်၊ သူ့ကို ကုလာရတာ တစ်နှစ်ကျော်ပြီ...။

ထုံးစံအတိုင်းပဲ...။

တနင်္ဂနွေနံနက်မှာ ထူထူထောင်ထောင်။ ထမင်းတွေ၊ ဘာတွေ ထစား။ ခြံထဲဆင်းပြီး ကင်ပွန်းရွက်ခူး၊ ဆူးပုပ်ရွက်ခူး။ ညနေကျတော့ တဟီးဟီးအော်ပြီး အချမ်းထ။ တစ်အိမ်လုံး စောင်ခြုံပေးရပြန်ရော။ ကျုပ်ကို အပြေးလာခေါ်လို့ ဆေးတိုက်တဲ့အခါ...

'အမလေးနော်၊ ရိုးတွင်းခြင်ဆီကပါ စိမ့်ပြီး ချမ်းနေတယ်၊ စောင်တွေ မလှပ်ကြနဲ့၊ အချမ်းပြေမှ ငါဆေးထသောက်ပါရစေဟဲ့' တဲ့...။

ကောင်းရော။ ကျုပ်စိတ်တိုတာ ဘကြီးဦးကျန် သိပုံရတယ်။ အောက်ထပ်ဆီ လက်ကုတ်ခေါ်ပြီးတော့မှ...

'မင်း စိတ်ရှည်ရှည်ထားပါ ငါ့တူရာ၊ အချမ်းတက်လို့ ဆေးလာ တိုက်ကာမှ အချမ်းကျမှ ဆေးသောက်မယ်ဆိုတာသာကြည့်၊ ငါတော့ ဒီမိန်းမကြောင့် အကုသိုလ်ဖြစ်ရသကွာ၊ ပစ်သာထားဖို့ ကောင်းပြီ၊ သူက ဆရာသမားထက် ပိုတတ်နေတယ်၊ ဆေးလဲ အကုန်မသောက်၊ ရေမချိုးနဲ့ဆို ချိုး၊ ဒါမစားနဲ့ဆို ခိုးစား၊ ဘဲသား၊ ဝက်အဆီရှောင်ဆို တိတ်တိတ် စားတယ်၊ ကိစ္စမရှိဘူး၊ ငါ့နာမည် မောင်ကျန်ပဲ၊ ငါပဲကျန်ဖို့

http://www.cherrythitsar.org



အရေးကြီးတယ်၊ မတည့်ပါဘူးဆိုရင် စားပြီ၊ ငါးသလောက်ပေါင်း သူ့တူမ ပေါင်းခိုင်းပြီး တုန်ချည့်တုန်ချည့်နဲ့ သွားစားတာ၊ ငါးဆယ်သား တစ်ထိုင်တည်းစားတာ မောင်ငှက်ရိုး၊ မဟုတ်မှလွဲရော၊ မင်းကြီးတော် ဖုတ်များဝင်နေရော့လား'

ဖုတ်ဟူသည်ကို ဘကြီး ယုံသလားမသိ။ ကျုပ်က ရယ်ပြီး နေလိုက်တယ်။

'မင်းရယ်မနေနဲ့၊ ငါ့အိမ်က ကလေးတွေ၊ သူ့ဆွေမျိုးတွေ ကြားရင် စိတ်မကောင်းမှာစိုးလို့။ မစားပြန်ရင်လည်း သုံးလေးရက်။ တစ်ခါတလေ ငါးကြော်တစ်တုံးနဲ့ ထမင်းသုံးလုတ်လောက် မနည်းချော့ ကျွေးရတယ်။ အဲ့ဗျာ၊ နောက်နေ့ကျရင် မင်းက မစားနဲ့ဆိုတဲ့ အမဲသား စားပါလေရော။ နှစ်ဆယ်သား၊ အစိတ်သား နှပ်ချက်။ အိနေတာ။ ခေါက်ဆွဲကြော်ကို အိမ်က ကောက်စိုက်သမ မြို့အသွားမှာ စပါယ်ရှယ် တစ်မူးတန်။ တစ်ယောက်တည်း တီးပစ်တာ။ အဲ... နောက်နေ့ကျရင် ဟိုက ကိုက်သလိုလို၊ ရင်ပြည့်သလိုလို၊ ခေါင်းမူးသလိုလိုနဲ့ အိပ်ရာထဲ လှဲရော။ ငါထင်တော့ မူရာမာယာ ထင်တာပဲ' တဲ့။

ဘကြီးမှာ ဥပါဒါန် ဖြစ်မယ်ဆိုလည်း ဖြစ်လောက်ရဲ့...။

မထနိုင်ဘူး။ ထူပေးပါ။ ရေခွက်တောင် မကိုင်နိုင်ဘူးဆိုတဲ့ ကြီးတော်က သူ့မြေးအငယ်ကောင်နဲ့ မျက်နှာချင်းဆိုင်အိမ်က ကလေး ကျည်းသားရိုက်ရင်း ရန်ဖြစ်တော့ လူးလဲထပြီး ဆဲပါလေရော။ သူ့မြေး ခြေသလုံးမှန်အောင် နှစ်ဘက်ချွန်ကျည်းသား တမင်ရိုက်ရကောင်းလား ပေါ့။ အယုတ္တ အနတ္တကျမ်း ကုန်အောင်ပါပဲ။ အသံကလည်း မာပေ့။ ဆယ့်ငါးအိမ်လောက်က ကြားရတဲ့အထိ သံကုန်ပြာပြာတင်တယ်။ တစ်

http://www.cherrythitsar.org



ချက် မမောဘူးတဲ့။ ဆဲလို့ဝပြီး ခေါးမကို တဆဆနဲ့ နေ့ဝက်ကုန်တော့မှ အမလေး… ငါမောတယ်၊ ငါမောတယ်။ ဘိလပ်ရေတိုက်ကြပါတဲ့…။

* * * * *

http://www.cherrythitsar.org

# [ ၃ ]

သုံးနှစ်သုံးမိုး တိုင်ခဲ့ပြီဗျာ။ ကြီးတော် မသီးနှံက ဒီအတိုင်းပဲ။ သူ့ဥစ္စာက လဲချင်လည်း အိပ်ရာထဲလဲ။ တစ်လကြာကြာ၊ တစ်နှစ်ကြာကြာ ဘာအရေးလဲ။ ကောင်းချင်လည်း အကောင်းပေါ့။ ခုစာကလေး ကြော်၊ ခုဆီထမင်း ရောဂါ။ ကျုပ်လည်း စဉ်းစားရပြီ။ အဘိုး ဆေးဆရာ ကြီးရဲ့အမွေ ဆေးကျမ်းဗီရိုကို မွှေရပြီ။ အလွတ်ရခဲ့သမျှတွေ ပြန်တိုက် ကြည့်ရပြီ။ ကျုပ် အမှတ်မှား၊ အရွတ်မှားနေတာများလားလို့၊ နရသုခိ နရမာလာကျမ်းတွေထုတ်၊ အာဒိကပ္ပ ဒွာဒသီကျမ်းတွေထုတ်၊ ဝိဘင်း လက်သန်း အဌကထာ သမ္မောဟ ဝိနောဒနီ အဌကထာတွေ၊ အင်္ဂုတ္တိုရ် ပါဠိတော်တွေထဲက ဓာတ်ကြီးတွေ ပြန်ဖတ်။ ကျုပ် ကုထုံးမမှားတာ သိပ်ကို သေချာပါတယ်၊ ဒါပေမယ့် ကြီးတော့်ရောဂါက အတော် ဦးနှောက်ခြောက်စရာ ရောဂါပေပဲ။ အင်္ဂုတ္တိုရ်ပါဠိတော်၊ မိလိန္ဒပဉှာ ပါဠိတော်၊ သံယုတ်ပါဠိတော်ကျမ်းလာ ကိုးဆယ့်ခြောက်ပါး ရောဂါနဲ့

ရောဂါအချုပ်တွေ စာရင်းထဲမှာ ကျုပ်ရဲ့ ကြီးတော်မသီးနဲ့ရဲ့ ရောဂါများ ကြွင်းကျန်ခဲ့လေသလား ထင်တောင်ထင်လာမိပါရဲ့၊ ကိုးဆယ့်ခုနစ်ပါး မြောက် သနဝုတိရောဂါလို့ ဝေါဟာရသစ် ကြံဖန်တီထွင်ရမလားတောင် မသိတော့ပါဘူး။

'ဒီမယ် ကိုငှက်ရိုး'

လင်မယားနှစ်ယောက် ထမင်းစားရင်း ကျုပ်က ဘာဆေး ပြောင်းပြီးကုရမလဲ စဉ်းစားနေတုန်း မဗိန်မ စကားစရော...။

'အင်း'

ဒီနေ့ ကျုပ်တို့လင်မယား အလုပ်များနေကြတယ်။ သူက သံဆုံထဲမှာ လေးညှင်းပိတ်ချင်းသီး၊ ဇာတိပ္ဖိုလ်သီးတွေ အချိုးအလိုက် တစ်မျိုးပြီး တစ်မျိုးထောင်း။ ဆန်ခါချ။ ဆေးပုလဲတို့၊ ပညာလက်ာတို့ ကွက္ကရာတို့၊ ဖိုးမသိန်တို့၊ ဆောင်းမေးခါးတို့၊ ကတိုးကြောင်သိုတို့ ဘာတို့နဲ့ ဆေးဖော်ရတယ်။ ကျုပ်က မြို့တက်ပြီး ပရဆေးဆိုင်သွား၊ လိုတာဝယ်။ ခွေးတောက်မြစ်တို့၊ ဆူးကောက်နက်တို့၊ လက်ထုတ်ခေါက် တို့၊ ထိန်ပွင့်တို့၊ ဣဿရမူလီတို့ကျတော့ ကိုယ်တိုင်တောနင်းရှာ။ တပည့်တွေဆီ သွားတောင်းတန် တောင်း။ ညနေစာ မချက်နိုင်ဘူး။ ဒီတော့ ယီစန်းတို့ကုန်စုံဆိုင်ကို မဗိန်မ ပြေးပေါ့။ ငါးသေတ္တာ တစ်ဘူး ဝယ်။ ဘဲဥ သုံးပဲဖိုး လေးလုံးကြော်။ ပဲနီလေးနဲ့ ကြာဆံနဲ့ပဲ ညစာကို ဖြစ်သလိုစားလိုက်ရတာပေါ့။ ခပ်ပျင်းပျင်း ဆင်းရဲသမ အိမ်ထောင်ရှင်မ လို လွယ်လွယ်ပဲ ညစာစီစဉ်ရတာ မဗိန်မက တောင်းပန်တယ်၊ အလုပ်က များတာကိုးဗျ။

'ရှင့်ကြီးတော်ကို ရှင် စပြီးကုတာ ခုဆောင်းဆို သုံးနှစ်'

'အင်း'

http://www.cherrythitsar.org



'ဆက်မကုရင် ကောင်းမယ်'

ကျုပ် အံ့ဩသွားလို့ ထမင်းလုတ်ကို လက်ထဲမှာပဲ ထားနေလိုက်သေးတယ်။

'ဘာဖြစ်လို့လဲ ရှင်မ'

'သူ့ကို မကုခင်က တပည့်လာခံတာ တစ်ယောက်၊ ကုတဲ့နှစ်မှာ တပည့်နှစ်ယောက်၊ အဲဒီ သုံးယောက်စလုံးက တစ်နှစ်ကပဲ ဇာတိပြန်ပြေးကြပြီ'

ကျုပ် နဖူးတွန့်မိတာပေါ့။

'တစ်ရွာလုံး၊ တစ်နယ်လုံးက ရှင့်ကြီးတော် ရှင်ကုပေးနေတာကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေကြတာ၊ ကိုယ့်ကြီးတော်ဆိုတော့ အင်မတိအင်မတန် အစွမ်းထက်တဲ့ ဆေးကောင်းဝါးကောင်းနဲ့ ကုမှာသေချာတယ်ပေါ့၊ ကြံ့သွေး၊ ကျောက်သွေး၊ ငါးကြီးအန်ဖတ်၊ ငှက်သိုက်မဥ္ဇူသကနတ်ပန်းပွင့်၊ စပါးကြီး သည်းခြေတွေလို အဖိုးတန် ဆေးစွမ်းကောင်းတွေနဲ့ပါ ကုပြီပေါ့၊ သိကြားမင်း ဆင်းကုသလိုဖြစ်ပြီ၊ ဘာဖြစ်ပြီသတင်းကြီးနေတာ၊ ခုတော့ ဒီအတိုင်း ဒီအတိုင်း၊ နှစ်ကို သုံးလေးနှစ်ချဉ်းနေပြီ၊ အတော်နာမည်ပျက်နေတာ ရှင်သိလား'

ကျုပ် လန့်သွားတာအမှန်ပဲ၊ စဉ်းစားရပြီ၊ ဟုတ်ပ။ ကြီးတော်ဆီကျုပ်သွားရင် လူနာသတင်းမေးတဲ့သူက အိမ်အပြည့်။ ဆေးပေးပုံ၊ အနေအထိုင်၊ အစားအသောက်၊ စည်းပေးပုံကိုပါ တိတ်ပြီး နားထောင်နေကြတာ။ တပည့်သုံးယောက်ကိုယ်တိုင် ကျုပ်ရဲ့ ကြီးတော်ကို ခြေသွေးစမ်း၊ လက်သွေးစမ်း။ ကျုပ်က ရောဂါလက္ခဏာ ရှင်းပြ၊ ဆေးဝါးတစ်မည်ချင်းရဲ့ ချဉ်ငန်စပ်ခါးတွေ အာနိသင်တွေ ရှင်းပြ၊ ကြီးတော်ကို

http://www.cherrythitsar.org



ကုရင်း လက်တွေ့သင်၊ သင်းတို့ရော၊ မဗိန်မခများရော သံဆုံသုံးဆုံနဲ့ ထုရ၊ ထောင်းရ၊ ကြေးဆန်ခါချရ၊ နေပြရ၊ လှော်ရ၊ ကျိုရ၊ ချက်ရ၊ ပင်ပန်းခဲ့ကြတာ ကျုပ်အသိ…။

ကြီးတော်ကြောင့် ကျုပ်နာမည်ထိခိုက်ပြီဆိုတာ ဟုတ်ပုံရပါတယ်…။

'ကြီးတော် မသီးနဲ့ကို မကုခင်က ရှင်စဉ်းစား၊ နှစ်ချုပ်ရင်စားပြီးသောက်ပြီး ထောင့်လေးငါးရာ ကျုပ်တို့မှာ ကျန်တယ်၊ ရှင့်မှာလဲရင်ဖုံးအင်္ကျီ တစ်နှစ် လေးငါးစုံအသစ်ချုပ်၊ ထားဝယ်လုံချည်၊ ဗန်ကောက် လုံချည်လဲ လေးငါးရှစ်ထည်၊ ကျုပ်မှာလဲ တစ်နှစ်လက်ကောက် သုံးကွင်းတော့ စုနိုင်တယ်၊ ကထိန်ဆိုလဲ သင်္ကန်းလေးငါးစုံ လှူမပျက်၊ ကြီးတော်ကိုကုပြီး နောက်နှစ်ကစပြီး တစ်စတစ်စ အခေါ်အပင့် ပါးရှား လာတယ်၊ ကျုပ်က လူတွေ နာပါစေ၊ ရှပါစေ ဆုတောင်းလို့ပြောတာ မဟုတ်ဘူးနော်၊ ရှင့်ဆီကို လူနာလာမပင့်တာ ရှင့်ဆေးတွေ မစွမ်းလို့၊ ရှင်မကုတတ်လို့… လို့ တွက်လာ၊ ထင်လာကြတာကို ကျုပ်ပြောနေတာ'

ကျုပ် ထမင်းကိုဖြည်းဖြည်းစားရင် အင်းလိုက်နေတယ်၊ ပြန်ပြီး တွေးတော့ ဟုတ်ပါဘိ၊ ကလေးသူငယ်နာ အုပ်ဆေးတို့၊ လေပုပ်ထုတ်ဆေးတို့၊ ငန်းနီကျော်တို့၊ လျှာပွတ်ဆေးတို့၊ ချောင်းဆိုးပျောက်ဆေးတို့၊ မြလေးရုံဆေးတို့ လာဝယ်နေကြသူတွေ သိသိသာသာ နည်းသွားပြီပဲ။ မြို့ကျော်၊ နယ်ကျော် အပင့်အခေါ် မရှိသလောက်ဖြစ်နေပြီပဲ။ ဆေးဆရာ ပင့်တယ်ဆိုတာ တစ်ဆင့်စကား တစ်ဆင့်စုံစမ်းပြီး ပင့်ကြတဲ့ဓမ္မတာပဲ။ လူနာရှင်က ဈေးသည်ခေါ်သလို ဘယ်လာစွတ်ရွတ်ခေါ်ပါ့မလဲ၊ အစမ်းခေါ်ကုတာတို့ အမြည်းကုကြည့်တာတို့ ဘယ်ရှိပါ့မလဲ၊ ဆေးဆရာ အပင့်မှားရင် သုသာန်တစပြင် ရောက်ကိန်းကိုးဗျ…။

http://www.cherrythitsar.org



'အေးကွ၊ မင်းပြောတာ ဟုတ်တုတ်တုတ်၊ ကိုယ့်ကြီးတော် အရင်းခေါက်ခေါက်ကြီးဆိုတော့ ဦးဖွဆို ဖျတ်ခနဲထထိုင်၊ ချက်ချင်း လူကောင်းဖြစ်ရောလေဟယ်ဆိုတဲ့ ဆေးတွေနဲ့ ငါကုမှာပဲလို့ ထင်ကြမှာ ပေါ့ကွာ၊ ခုတော့ ငါ့အိတ်ထဲက အကောင်းဆုံးဆေး ဖော်ရလို့ ကုန်တာပဲ ရာချီ ထောင်နီးနေပြီ၊ ခြေတိုအောင် ဆေးမြစ်လျှောက်တူးရတာလဲ လက်ဖဝါးမှာ သံတူးရှင်းကြောင့် ကျွဲပခုံးထနေတာ မင်းအသိပဲ ရှင်မ'

'ခြေကြွမရတာထား၊ ကိုယ့်ကြီးတော် ဆေးဖိုးဝါးခ မရတာလဲ ထားတော့၊ အမျိုးအရင်းကြီးမို့ ဆေးဖိုးလဲ ကျုပ်တို့အိတ်ထဲက၊ ဒီကြားထဲ ဓာတ်စာဖိုးပါ အဆစ် ကုန်ပါစေ၊ ကျုပ်ပြောတာ နှမြောလို့မဟုတ်ဘူး၊ ကျုပ်ရွှေတွေ ကုန်သွားတဲ့အပြင် အိမ်တိုင်ပါချွတ်ပြီး ရောင်းကုပေးရ ပေးရ၊ ကုရကျိုးနပ်လို့ ပျောက်ကင်းတယ်ဆို ဘာအရေးလဲ၊ ခုဟာက ရှင့်ကြီးတော်က ရှင်တိုက်တဲ့ဆေးလဲ မှန်မှန်မစား၊ ဓာတ်စာကျွေးရင် ဂျီဂျများ၊ ထင်ရာစား၊ နေချင်သလိုနေ၊ ဆေးဆရာ နာမည်လာထိရော'

ကိုယ်တွေ့မို့လို့ ကျုပ် ဘာပြန်ပြောသာတော့မှာလဲ၊ သူပြောတာ မှန်ပြီးသားတွေပဲ၊ တွင်းအောင်းသား မစားပါနဲ့လို့ ကျုပ်က တားမြစ် တယ်၊ ကြီးတော်က ငါးရှဉ့်၊ ဖား၊ ကဏန်းစားတယ်၊ ခံတွင်းတွေ့လို့တဲ့၊ အဲဒါတွေ စားပြီးရင် မင်း လျှာပွတ်ဆေး လျက်လိုက်ပါတယ်တဲ့၊ မတည့် တဲ့အစာ စာရင်း ကျုပ်ပေးထားတာ၊ စာရွက်ကို တစ်တောင်လောက် ရှည်တယ်၊ အဲဒီစာရင်းထဲက ဖွတ်သား၊ လိပ်သား၊ လိပ်ဥ၊ ငါးပတ်၊ ငါးလိပ်ကျောက်၊ မှို၊ ဘဲသား၊ ရွှေဖရုံသီး၊ မျှစ်ချဉ်၊ ကြွက်၊ တညင်းသီး၊ ဝက်ဆီဝက်ခေါက်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ကျွဲနို့တွေကိုမှ ချင်ခြင်းတပ်လို့ ဆိုပြီး ရွေးစားတယ်၊ 'မင်းပြောတော့ ရောဂါတစ်ခုဟာ ကံ၊ စိတ်၊

http://www.cherrythitsar.org



ဥတု၊ အာဟာရဆို၊ အာဟာရပြည့်အောင် ငါစားတာပဲ၊ စားပြီးတိုင်း ဘုန်းကြီးပွတ် လျှာပွတ်ဆေး တစ်လုံးနှစ်လုံး ငုံပါတယ် မောင်ငှက်ရိုး' တဲ့။ ပြီးပြီလား၊ ခံရပြီလား၊ အော်ရပြီလား၊ အဲဒါကျရင်တော့ ကျုပ်ကို...

'တူတစ်ယောက်လုံးက တိုင်းကျော်ပြည်ကျော် ဓာတ်ဗိန္ဓော၊ ပယောဂ၊ ဗေဒင်တစ်ဖက်ကမ်းခပ်တဲ့ ဆေးဆရာအကျော်အမော်ကြီး၊ ငါ့ကိုပျောက်အောင် မကုနိုင်ဘူးလားဟဲ့၊ နင့်အဘိုး သမားတော်ကြီးသာ ခုနေရှိနေရင် နင်ကုပုံနဲ့ နင်ကျောကွဲပြီ၊ သူများတွေပွဲသွား၊ ငါလဲ သွားချင်တာပေါ့ ငှက်ရိုးရဲ့၊ ငါ့မှာ တစ်ပတ် ဆယ်ရက် တောက်လျှောက် သက်သာတာရယ်လို့ ရှိကိုမရှိဘူး' တဲ့၊ ကြီးတော်က...။

ထူထူထောင်ထောင် ဖြစ်ချင်လိုက်တာ သူ၊ ဟိုတုန်းကလို သွားဟယ်လာဟယ် နေချင်တာသူ၊ ပျော်ဟယ်ပါးဟယ်၊ လည်ဟယ် ပတ်ဟယ် နေချင်တာသူ၊ ဖြစ်နိုင်ရင် အနှစ်သုံးလေးဆယ်ကလို ဖန်ခုန် တမ်း ကစားချင်တယ်တဲ့၊ ထုပ်ဆီးတိုးတမ်း ကစားချင်တယ်တဲ့၊ နတ် ရေကန် ရှာပေးရမလို ကျုပ်မှာ ဖြစ်ကရော၊ ဆေးဆရာစကားကိုကျတော့ မနာခံ၊ ဆင်ခြေကလည်းပေး၊ ဒီအထဲ လူနာသတင်း လာမေးတာ မကြိုက်ဘူးလို့ ဟိုလူဒီလူ ရန်တွေ့လွှတ်။ 'ဟဲ့... ငါ လူမမာမဟုတ်ဘူး၊ ရောဂါသည်မဟုတ်ဘူး၊ ငါ့လာဆရာမလုပ်နဲ့၊ ငါစားချင်ရာ စားမယ်၊ ပါးစပ်ဆိုတာ စားဖို့ နတ်ထွင်းထားတာတဲ့' အာကြမ်းလျှာကြမ်းလာ လေလေ ဘကြီးက...

'ဟော့ကောင်၊ အိပ်ရာအောက်မှာ ဩဇာရွက်တို့၊ ခုံဖိနပ်မြီးပြတ် တို့ထားပြီး ဖုတ် ဟုတ်မဟုတ် စမ်းကြည့်စမ်းပါဦး ငှက်ရိုးရာ'တဲ့...။

http://www.cherrythitsar.org



ကျုပ် စိတ်ညစ်လာပြီ။ ဆေးအမည်လည်း ဘေသဇ္ဇကျမ်းစုံ၊ ပုရပိုဒ်စုံ၊ ပေထုပ်စုံကုန်ပြီ။ ဂြဟကျမ်းအစုစုလည်း နံ့ပြီ။

စန်းသုဉ်း၊ လွန်းသုဉ်း၊ ဓာတ်ငုပ်သချိုင်း၊ စိုက်လေသမသော သမားစဉ် စကားတွေအရပေါ့ဗျာ။ ကြီးတော်နဲ့ပတ်သက်ရင် ကျုပ် တစ်သက်လုံး မပျာယာစဖူး ပျာယာခတ်ရပြီ။ ယတြာချေဖို့ ပရိဝါရ ကျုပ်က ရွေးမယ်ကြံတယ်။ အန္တရာယ်ကင်းအောင် သံ၊ ဏ္ဍ၊ သွာ၊ သု ရှစ်ချက်ဂါထာ အင်းချဖို့ မိုင်းကိုင် စက္ကူကိုင်ရသေးတယ်။ ကြီးတော်က ကျုပ်တားထားတဲ့ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို တရဲရဲဖွာပြီး…

'ဟဲ့… ငှက်ရိုးရဲ့၊ ကုသလံ၊ သမာနံ၊ အညေနတဲ့၊ ကုသလက မွေ့န…' အစချီပါပြီ။ ကျုပ်က ဘာသွားပြောရမလဲ။ သူက ထုံသင်းမှည့် ယောင် စားကောင်းအောင်တဲ့၊ တတိယ အာယုဟာယန တစ်ဆယ့်ရှစ် ရက်ကွဲ့၊ ဓာတ်သက်ချုပ်မပေါ့ကွယ်တဲ့၊ မင်းဥစ္စာက အာဒိကပ္ပ ဒွါဒရာသီ နက္ခတ်ကျမ်းနဲ့ ကြံ့ယှုနက္ခတ် ဓာတ်စာညှိပြီး ငါ့ဘာသာ ငါစားတာ ကွဲ့၊ ဥတုဘောဇနေအရ စားပါရက်နဲ့ ဝမ်းသုံးရက် လျှောရတာတော့ ငါလဲ မတတ်နိုင်ဘူး၊ အရေးကြီးတာက စားချင်သလိုစား၊ နေချင်သလိုနေ ဥတုကို ပမာမခန့်နေတာ ငါ့စိတ်အလိုပြည့်တာပဲ၊ အဲဒီအထဲကနေ ပျောက်အောင်ကုဖို့သာ မင်းတာဝန်ကွဲ့တဲ့…။

နာတာရှည် လူနာ၊ လူမမာကြီးတော်ကိစ္စမချောဘဲ ကျုပ် သမားတော်ငှက်ရိုးသာ စိတ်ကြောင့် သည်းခြေခိုက်ချင်လာပြီ။ မင်းကို အားကိုးကာမှ မပျောက်လို့တော့က ပါးရှစ်စိတ်အကွဲတဲ့၊ အင်း… ဆေးဖိုး ဝါးခ ထင်ပါရဲ့၊ စကုစတုန်းက ငါမပျောက်ရင် မင်းပါးနှစ်ခြမ်းကွဲပြီ မှတ်တဲ့၊ အပြောအဆိုလေးကလည်း အဲသလို ယဉ်ယဉ်ကျေးကျေး၊

http://www.cherrythitsar.org



ကျုပ်က သည်းခံပြီးကုပေတယ်လို့ တစ်ရက်ထက်တစ်ရက်၊ တစ်နှစ်ထက်တစ်နှစ် ဘာမှမထူးတဲ့အပြင် သူလည်း မီးခြစ်ဆံဖြစ်လာပြီ။ အသံက မာမာလာတော့ ဖုတ်ဝင်နေတယ်ဆိုတာ ကျုပ်တောင် တစ်မျိုးဖြစ်လာတယ်...။

'ကိုငှက်ရိုး...'

'အင်း... ပြောလေ'

'ဆေးကုမယ့်အစား မြို့က လူနာဟောင်းကုန်သည်တွေနဲ့ဆက်ပြီး ကုန်ရောင်းကုန်ဝယ် လုပ်စားရရင် မကောင်းဘူးလား'

သူ ဘာပြောတယ်ဆိုတာ သိပါတယ်၊ မဗိန်မက ကျုပ်ကြီးတော်ကြောင့် ကျုပ်နာမည်ပျက်ရတာကို ရည်စူးတာပါ...။

'ငါ့သမားသက်မှာ ဘယ်နှယောက်ကို နှစ်လသုံးလ ကုရတယ်ရှိဖူးလို့လဲ ဗိန်မရယ်'

'ဟုတ်ပါတယ်၊ သတိလစ်နေတဲ့သူတောင် ဆေးတစ်စက်နဲ့ထထိုင်တာ ကျုပ်သိပါတယ်၊ လေးငါးနှစ် လဲနေတဲ့သူကိုတောင် ရှင်ကုရင် ကြာလှ ဆယ့်လေးငါးရက်၊ ကြီးတော်မသီးနဲ့ကျမှ ကျုပ်ရဲ့ငါးမူးသား လက်ကောက်တစ်ကွင်းပါ အဆစ်ပါရပြီ၊ ဆေးဖော်ပေးရလို့'

'အေးကွာ၊ ဆေးဆရာထက်တတ်ပြီး ဆင်ခြေချည်းတက်နေတာ မင်းအသိပဲ'

'မပြောကောင်းပြောကောင်း သေမှာဖြင့်သေ၊ ရှင်မှာဖြင့်ချက်ချင်းကောင်း၊ ကြားကနေ ကျုပ်တို့က နာမည်ပျက်တယ်၊ လူနာကလူနာနေ မနေဘူး၊ လူတတ်ဝင်လုပ်၊ စကားလဲနားမထောင်၊ ဘေးကတော့သူ့ အဲဒီအကျင့် ဘယ်သိပါ့မလဲ၊ သိနေကြတာက ရှင်ကုနေတာကိုပဲ'

'ဟုတ်တယ် ရှင်မရယ်၊ ငါလဲ စိတ်ညစ်လှပါပြီ၊ ဆက်မကုရ တခက်၊ ကုရတခက်၊ ငါက သူတစ်ပါးအသက်ကယ်တာ ဆင်းရဲလဲ အိတ်စိုက်ကုပေးတာ မင်းအသိ၊ ဒီငါ့ကြီးတော်ကျမှ သေချင်စော်ကို နံရော၊ သူကိုယ်တိုင်က မသေမရှင်များ နေချင်ရော့လား မသိပါဘူးကွာ၊ ငါ သူ့ကိုဆက်ပြီး ဆေးကုနေသမျှ ငါ့သမားဂုဏ်တွေတော့ သဲထဲရေသွန် ပဲ၊ ငါ့ ဘီ၊ ဘေသဇ္ဇပါရဂူ ဆရာထက်ကြီးရဲ့ဂုဏ်ရော၊ အဘိုး ဘေသဇ္ဇ ရာဇာ ဆရာရွှေဘိုးရဲ့ ဂုဏ်ရော၊ ငါရော အလကားဖြစ်ရပါပြီ၊ ညဘုရား ရှိခိုးရင်တော့ ငါ ဆုတောင်းရမယ်'

မဗိန်မက ကွမ်းသီးစိတ်တွေ တချပ်ချပ်ညှပ်ရင်း မျက်ခုံးတွန့် သဗျ၊ ပြီးမှ အင်း... ဘာဆုတောင်းမှာလဲတဲ့...။

'ဒီဘဝ ဆေးဆရာဘဝမှာရော၊ ဖြစ်လေရာ ဆေးဆရာဘဝမှာ ရော၊ ကြီးတော်လို လူမမာ လူနာမျိုးနဲ့ ရေစက် မဆုံပါရစေနဲ့ ဘုရားလို့၊ ဟင်း... တွေ့ဖူးပေါင်ဗျာ၊ ကြုံဖူးပေါင်၊ ကြားဖူးပေါင်ဗျာ...။ ။

■ *ပန်းတေသီမဂ္ဂဇင်း၊ ၁၉၉၀ ခုနှစ်၊ ဇွန်လ။*

# ပုထုဇဉ်ဘုရားတော်ကြီး ငှက်ရိုး

## [ ၁ ]

ကျုပ်က ဇာတ်မင်းသား၊ ဇာတ်ဆရာ၊ မင်္ဂလာစိန်ငှက်ရိုး ဇာတ်သဘင်အဖွဲ့ကြီးကို တည်ထောင်ထားသူ ဇာတ်ပိုင်ရှင်။ ကျုပ်ဇာတ်က သာမျှင်ညောင်ညဇာတ်အဖွဲ့ မဟုတ်ဘူး။ နိုင်ငံမှာ အကျော်ဇေယျ တိုင်းကျော်ပြည်ကျော်၊ စိန်ကတ္တီပါတိုင်ဖုံး နဖူးစီးကန့်လန့်ကာတွေ၊ ကားလိပ်တွေအထပ်ထပ်။ အတွင်းတိုင်ဖုံး အထပ်ထပ်နဲ့၊ ထိုးကားဆွဲကားနဲ့၊ မှန်စီရွှေချဆိုင်းနဲ့၊ စန္ဒရားတွေ၊ ဘင်တွေ၊ ကောနက်တွေနဲ့...။

ဗလာပွဲကတဲ့ ဇာတ်မဟုတ်ဘူးဗျ။ လက်ထောက်မင်းသားဆိုလည်း နာမည်ကြီး သုံးလေးယောက်၊ ဆယ်လကြေး သုံးထောင်ပေးပြီး ခေါ်ထားတာ။ ယိမ်းသမထဲက ညကြေးတောင် ခြောက်ကျပ်အထိ ပေးထားတာ။ ကျုပ်ရဲ့ဇာတ်သက်နှစ်က အစိတ်သုံးဆယ်အတွင်းမှာ။ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကစပြီး နာမည်ဂုဏ်သတင်းကို ဟိန်းတက်လာတော့

http://www.cherrythitsar.org



တာပဲ။ စပြီးနာမည်ကျော်တာ သူခိုးကြီးတေက်ပြားဇာတ်ထုပ်။ အဲဒီဇာတ်ကိုရေးတာ ဆရာခ။ ဒီဆရာလည်း တိုင်းကျော်ပြည်ကျော်ပဲ။ ကေနာဂူမီရာ ဘုတ်အုပ်တိုက်ကရော၊ ချာနီယာဘုတ်အုပ်တိုက်ကရော သူ့ နံပါတ်ခြောက်ဆယ်၊ ရှစ်ဆယ် ပြဇာတ်တွေ လှိုင်လှိုင်ထွက်ပ့ါဗျာ။ ဒီဆရာ့ဇာတ်ထုပ်အဖုံးမှာ မင်းသားစိန်ငှက်ရိုး ကသောဇာတ်လို့ ထိပ်စီးပေးပုံရိုက်ထားတော့ ပိုကျော်သပေ့ါဗျာ။ မှတ်မှတ်ရရမို့ တေက်ပြားဇာတ်နဲ့နာမည်ကျော်တာလို့ အလွယ်ပြောရတာ။ တကယ်ကတော့ ဆရာသင်ရဲ့ဗိမ္ဗိသာရဇာတ်နဲ့ ကျုပ်နာမည်ရစပြုလာတာပါ။ ကျုပ်က အဇာတသတ်၊ မင်းသားလတ်က ဗိမ္ဗိသာရမင်းကြီး၊ ကျုပ်မိန်းမ ဗိန်မက မယ်တော်နေရာက ကတာ။ သူခိုးကြီးတေက်ပြားလည်း ညည်းလောက်ရောကာကဝလ္လိယဇာတ်ထုပ်။ အဲဒီဇာတ်နဲ့ နာမည်အရှိန်ပိုတက်သပေ့ါ။ အဲဒီနောက် မာတင်္ဂဇာတ်ထုပ်။ အဲသလိုနဲ့ နာမည်အရောင်အရှိန်လက်လာခဲ့ရတဲ့ ဇာတ်ဆရာ ကျုပ်မင်္ဂလာစိန်ငှက်ရိုးမှာ ခုကျမှ နည်းနည်းကသိကအောက် ဖြစ်ရပါလေရော။

* * * * *

http://www.cherrythitsar.org

## [ ၂ ]

ကြေးပိုတောင်းတဲ့သူကတောင်း။ စည်းကမ်းမလိုက်နာလို့ ထုတ်ပစ်လိုပစ်ရနဲ့။ ကျုပ်အပေါ် ကောင်းတဲ့မင်းသား၊ မင်းသမီး၊ လူပြက် ကျပြန်တော့ နေမကောင်းရတာနဲ့၊ ဘာနဲ့၊ မိဘဆွေမျိုး သာရေးနာရေးနဲ့ ပြိုင်ဘက်ဇာတ်က ကြေးပိုပေးပြီးခေါ်လို့ ပါလိုပါ။ မိုးမကျခင် ဇာတ်ခေါင်းကွဲရရော။ ကန်ထရိုက်ကို လျော်ရတာမျိုးတောင် ကြုံခဲ့ရပါရဲ့။ ဒါပေမယ့် ကျုပ်က ဖွဲ့ကောင်းပြီးသား၊ နာမည်ရပြီးသား၊ တော်ပြီး တတ်ပြီးသားတွေကို ကြေးပိုပေးရ၊ ချော့ရ၊ မျက်နှာချိုသွေးရတဲ့ဒုက္ခ မခံချင်တော့ဘူး၊ ကျုပ်ဇာတ်ဆီကူးလာတဲ့ ကျန်ရစ်ပြီးသားထဲက အဆို အက အတော်အသင့်ကောင်းတဲ့၊ ရုပ်ရည်ရူပကာ ကြည့်ကောင်းရှုကောင်း တဲ့သူတွေ သင်ပေး၊ ပြုပေးပြီး ပြန်တည်ထောင်ရတာပေါ့ဗျာ။ မိတ်ဟောင်း ဆွေဟောင်း ဇာတ်ကန်ထရိုက်တွေထဲက တချို့က ဖြစ်ပါ့မလား ဇာတ်ဆရာတဲ့။ စိတ်မချလေသံ...။

http://www.cherrythitsar.org



'အိုဗျာ… စောင့်သာကြည့်ပါ၊ ကျုပ်က အဆိုအက ကျကျနန ကို သင်ပေးထားပြီးသားတွေပါ၊ အရပ်ထဲက အသစ်ကျပ်ချွတ်ကိုတောင် ဝါသနာပါရင် သင်ပေးလို့ ရသေးသဗျ၊ ခုဟာက ဇရှိပြီးသားတွေချည်း'

ကျုပ်က အဲဒီလိုပြောပေတယ်လို့ ကန်ထရိုက်တချို့က တယ် မယုံချင်ဘူး။ မယုံဘူးဆိုလည်း မယုံချင်စရာပေါ့လေ။ အမြင်အားဖြင့်အရ ဘာပြုလို့လည်းဆိုတော့ ကားဆွဲတဲ့ငပိန်ကို မင်းသားကြမ်းနေရာမှာ ဇာတ်စီးခိုင်းတာတို့၊ ယိမ်းသမ သမ္ဘာနုနုကလေးကို လက်ထောက် မင်းသမီးတင်တာတို့၊ လက်စွဲကို ပုဏ္ဏားခန်းကခိုင်းတာတို့ မြင်သွား တာကိုး။ ဝါမရင့်ကြပေတယ်လို့ မီးစင်ကြည့်ကနိုင်တဲ့ ဖြတ်ထိုးဥာဏ် ကျတော့ အကုန်ကောင်းကြသား။ စာမရတဲ့သူ၊ ထောက်ပေးရတဲ့သူ များလွန်းလို့ တစ်ခါတစ်ခါတော့ ကျုပ်က ဆူရော။ ပတ်ကြမ်းတိုက်တုန်း ခဏတော့ အရကျက်ကြ မှတ်ကြ၊ အဆိုအကကျင့်ကြနဲ့။ သွေးအေး သွားရင် တယ်ပေါ့တီးပေါ့ဆ နိုင်တာနိုင်စမြဲပဲ။ သို့ပေတဲ့ ပွဲကြည့် ပရိသတ်ကတော့ မရိပ်မိကြဘူးပေါ့ဗျာ။ ဒီလိုနဲ့ပဲ နာမည်ကို ထိန်းထားနိုင် ခဲ့သပေါ့…။

* * * * *

# [ ၃ ]

အခု ကရမယ့်မြို့ကျတော့ အားလုံးကို သတိပေးရပြီ။ ကရမှာ ငါးချိုငါးည။ ကန်ထရိုက်ကလည်း အတော်စွန့်ရတာ။ ဘုရားပွဲတော်ချိန် လည်းမဟုတ်တော့ မျက်လုံးပြူးတူးတူးရှိမှာပေါ့။ ပြီးတော့လည်း စပါး ပေါ်ချိန်၊ ယာချိန်၊ ကိုင်းချိန်မဟုတ်ဘူး။ အောက်ပြည်အောက်ရွာ မိုးကောင်းစပြုတဲ့ နယုန် ဝါဆိုအချိန်။ အထက်မှာက မိုးလေရှိတယ် ရယ်မှ မဟုတ်လှတာ။ အပူအအိုက် လျော့တယ် မရှိတာရှိတာ အပထား။ ငွေစကြေးစ ရွှင်ချိန်မဟုတ်တော့ လူဝင်ပါ့မလားပေါ့ဗျာ။ ကျုပ်က စိတ်ချပါ၊ အရင်းမကိုက်ဘူးဆိုရင် နှစ်ည အလကားကပေးပါ့မယ် အာမခံ ပစ်လိုက်ပါတယ်...။

မြို့ကို မကခင် လေးငါးရက် စောရောက်တာ အတော် ကံကောင်းတယ်ဆိုရမယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ် မကဖူးသေးတဲ့မြို့၊ မြို့သိမ်မြို့မွှား မဟုတ်သလို၊ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတော့လည်း

http://www.cherrythitsar.org



မဟုတ်ဘူး၊ မြို့အလတ်စား။ သို့ပေမယ့် တယ်ချမ်းသာတဲ့ မြို့ပဲ။ ထုံးသင်္ကန်းနဲ့ စေတီဘုရားတန်ဆောင်းရယ်လို့ မတွေ့တောင် မတွေ့ရဘူး။ နေအိမ်တွေကလည်း တိုက်ကြီးတာကြီးတွေ၊ ခုနစ်ဆောင်ပြိုင် အိမ်ကြီးတွေ၊ တလိုင်းအိမ်ကြီးတွေ။ ဆင်းရဲတယ်ဆိုရင်တောင် သွပ်မိုးပျဉ်ထောင် သုံးပင် အိမ်လောက်ရှိပြီးသား။ လံခြားတွေလည်း အတော်ပေါပေါ့။ စက်ဘီးတွေလည်း အိမ်တိုင်းစေ့။ အော်စတင်ကား ဆယ့်လေးငါးစီး ရှိတဲ့မြို့…။

ကျုပ်တို့ရောက်ပြီး ဇာတ်ရုံမှာ နေရာချပြီးတဲ့နေ့မှာ ဇာတ်ကန်ထရိုက်အိမ်ကို ကျုပ်နဲ့မိတ်ဖွဲ့ဖို့ လာကြတဲ့လူတွေ တဖွဲဖွဲပဲ။ ရွှေတွဲလွဲ ငွေတွဲလွဲတွေချည်း။ ဓာတ်စက်တို့၊ ဓာတ်မီးစက်တို့ကလည်း ဆယ်အိမ်မှာ တစ်အိမ်လောက်ရှိကြသူတွေ…။

'မြို့ရဲ့အကြိုက်လဲ ပြောပြဦးလေ၊ ကန်ထရိုက်တာမင်းရဲ့'

ညနေမစောင်းတစောင်း ဧည့်ခံချိန်မှာ ကျုပ်က မေးရသပေါ့။

ကန်ထရိုက်တာကြီးက မဆိုင်းမတွပဲ…

'ဇာတ်ဆရာကို ငှားခိုင်းတာ သူကြီးနဲ့ ဆရာတော်ဘုရားကြီးတို့ကဗျ'

'ဒါတော့ မဆွကတည်းက သိပြီးသားပါပဲ'

'ညနေ ထမင်းစားသောက်ပြီးရင် သူကြီးဆီသွားဖို့ရော၊ ဆရာတော်ကျောင်းဆီသွားဖို့ရော ကျွန်တော် စီစဉ်ထားပါတယ် ဇာတ်ဆရာ၊ ဆီကုန်သည်ကြီး ဦးအစွမ်းရဲ့မိုတိုကား လာပါလိမ့်မယ်၊ သွားရေးလာရေး အဆင်ပြေအောင် ကျွန်တော် စီမံထားပြီးသားပါ'

'ဘာ ဇာတ်ထုပ်ကို နှစ်သက်သဘောကျမယ်ဆိုတာ မေးစမ်းကြည့်ချင်လို့ပါ'

http://www.cherrythitsar.org



'ကျွန်တော်ကလဲ အဲဒီကိစ္စအတွက်ပါ စဉ်းစားပြီး စီစဉ်ထားတာပါ၊ သူကြီးမင်းနဲ့ မိတ်ဖွဲ့ပေးပြီး မေးကြည့်ပေရော့ဗျာ၊ ဆရာတော်ဘုရားကိုလဲ ဇာတ်ဆရာကိုယ်တိုင် လျှောက်တင်ပေါ့'

ဇာတ်သဘင်သမားဆိုတာက မြို့ခံရဲ့ သဘောသဘာဝကို သိဖို့ အင်မတန်အရေးကြီးလှတာကလားဗျ။ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်ကျောင်းတစ်ဂါထာကိုး။ ဒီမြို့က ပဒကုသလဇာတ်ကို ကြိုက်တယ်။ ဟိုမြို့က ပေါရိသာဒဇာတ်ကို သဘောကျတယ်။ ဟောဒီမြို့ကျတော့ ငိုရင်ပုလဲ၊ ရယ်ရင်ရွှဲ၊ စန္ဒကုမ္မာ သူရိယကုမ္မာဇာတ်မှ အသည်းစွဲတယ် စသည် စသည်ပေါ့ဗျာ။ ဝိဇယမင်းသားဇာတ်ထုပ် ကြိုက်တဲ့မြို့မှာ ဥမ္မာဒန္တီဇာတ်ထုပ်ကလို့ ဘယ်ဖြစ်မလဲ။ အကြိုက်နဲ့ စရိုက်အလိုက်နဲ့ အထိုက်မကိုက်ရင် အာရုံခံတွင်း မလိုက်တဲ့သဘောပေကိုး...။

* * * * *

http://www.cherrythitsar.org

# [ ၄ ]

သူကြီးမင်းက ဆရာတော်ဘုရားကျောင်းကို ကျုပ်အဖူးမြော် အသွားမှာ မိုတိုကားနဲ့ အတူလိုက်ပေးရှာတယ်။ ဆရာတော်ဘုရားကို ဖူးမြော်ပြီး မြို့ကိုချီးမွမ်း၊ ရွာကိုဂုဏ်တင်၊ ကျောင်းကန်ဘုရားကို ထောမနာစကား ကျုပ်ကလျှောက်သပေါ့။ ဆရာတော်ဘုရားကို ဘယ်လို ဇာတ်ထုပ်မျိုး မြို့မှာ ကပြအသုံးတော်ခံသင့်ကြောင်း အမိန့်ရှိပါရန် လျှောက်တော့ လောကီလောကုတ် နှစ်ဖြာအကျိုးထူးမယ့်ဇာတ်မျိုး ကပြ သင့်ကြောင်း၊ ဒါနနဲ့ သီလမပါရင် သေခါမှ အသိနှောင်းတာမျိုး မဖြစ် စေလိုကြောင်း၊ ဒါန၊ သီလ၊ ဘာဝနာ စကားအစဉ်အတိုင်း ဒါနပါရမီ ဖွဲ့တဲ့ ဝေဿန္တရာဇာတ်ကို ကပြသင့်ကြောင်း၊ ဆရာတော်ဘုရား ကိုယ်တော်တိုင် ကြည့်တတ်က ဘာဝနာ၊ မကြည့်တတ်က တဏှာ၊ ထင်ရှားအောင် ၎င်းဇာတ်ကို ကြည့်ရှုချီးမြှင့်ကာ အဆိုးအကောင်း ဝေဖန် သမှုပြုမည့်အကြောင်း မိန့်တော်မူရော၊ ကျုပ်လည်း ဦးခေါင်း ဆင်နင်း သလို ဖြစ်ပါရော။ ဒါပေတယ်လို့ တင်ပဲ့ဘုရားပေါ့...။

http://www.cherrythitsar.org



ကျောင်းကအပြန် မိုတိုကားပေါ်မှာ သူကြီးက…

'ဇာတ်ဆရာရေ့… ခုပွဲက ဘိလပ်က ဝန်ရှင်တော်မင်းကြီး တိုင်းခန်းလှည့်လည်ပွဲအနေနဲ့ ဇာတ်သွင်းတာ။ မြို့ပိုင်မင်းရော၊ နယ်ပိုင်မင်းရော၊ ပြီးတော့ တိုင်းမင်းကြီးတို့ပါ ပွဲလာကြည့်ချင် ကြည့်ကြမှာ။ ခရိုင်ရာဇဝတ်ဝန်ရော၊ ဝန်ထောက်မင်းတို့ရော၊ အင်စပက်တော်နဲ့ ရာဇဝတ်အုပ် တပည့်တပန်းပါမကျန် ကြည့်ကြမယ့် မင်းပွဲစိုးပွဲ၊ ကြိုးစားကပါနော်'

စိတ်ချပါ သူကြီးမင်းလို့ပဲ ဖြေရသပေါ့။ ရင်ထဲမှာတော့ မီးရထား၊ မီးသင်္ဘော စက်ခုတ်သံပဲ…။

* * * * *

http://www.cherrythitsar.org

## [ ၅ ]

ဝေဿန္တရာဇာတ်တဲ့။ ခက်ပေတော့တာပဲ။ ဆရာခ၊ ဆရာမြတို့ ရေးတဲ့ နံပါတ်ရှစ်ဆယ်၊ ခြောက်ဆယ် ဘုတ်အုပ်တွေ ဖတ်ဖူးပါရဲ့။ အလွတ်ရလုနီးနီး။ အိမ်က ဗီရိုကြီးထဲတောင် ရှိပါသေးရဲ့၊ ဒါပေတယ်လို့ မီးသဘော်တစ်တန်၊ လှည်းတစ်တန်၊ မီးရထားတစ်တန် လာရတဲ့ခရီးကို ပြန်ယူပြီးရေးလို့ ဘယ်လာအချိန်မီပါတော့မလဲ။ ဒီတော့ မှတ်မိသရွေ့ ပြန်ရေးရတာ ဆရာတော်ကြီးကျောင်းက အုန်းမောင်းခေါက်ပြီးမှ ပြီးတော့တယ်ဗျာ။ ရေးပြီးတော့ ခဏမှေး၊ ဆွမ်းခံပြန်ချိန်မှနိုးတော့ ဇာတ်ကန်ထရိုက်အိမ်မှာ ရေမိုးချိုး၊ နံနက်စာစားပြီး ဇာတ်ရုံဆီ ကျုပ်တို့ လင်မယား လံခြားစီးပြီး ကသောကမျော သွားရတာပေါ့။ ဟိုကျတော့ ဇာတ်မင်းသား၊ မင်းသမီးတွေခေါ် အကျိုးအကြောင်းပြောပြတော့ ခေါင်းကုတ်သူကုတ်၊ သက်ပြင်းချသူချ ဖြစ်ကုန်ရော။ ဇာတ်ထုပ်တစ်ထုပ်ကို သုံးရက်နဲ့ အပြီးတိုက်ပြီး ကရမယ့်ကိစ္စကိုး။ ကျုပ်က အားပေးရတာပေါ့။ ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်၏

http://www.cherrythitsar.org



တဲ့တို့၊ မိန်းမတံခွန် လူရည်ချွန်က တိမ်ယံတမွတ် ပန်းကိုဆွတ်၏တဲ့တို့နဲ့ အားပေးရသပေါ့ဗျာ။ ပါဠိပါဠ္ဌိသားတွေနဲ့သာဆိုရင် ဒုက္ခပါပဲလို့ ဝေဿန္တရာမင်းကြီး ဇာတ်စီးရမယ့် မင်းသားလတ်စိန်မိုးက ညည်းတယ်။ စေတမုဆိုးလုပ်ရမယ့် စိန်အောင်ကလည်း မုဆိုးဆိုင်းဆင့်စာခက်ရင် သေရချည်ရဲ့ဗျာတဲ့။ ဘိုးတော်သိဋ္ဌည်းမင်းကြီးနေရာက ကရမယ့် ဝန်ကြီးလုပ်နေကျ ဦးသော်ဆိုရင် အဲ့ရော... အဲ့ရော ဇာတ်ဆရာရယ်တဲ့။ အစ္စုတရသေ့နေရာမှာနေရမယ့် အမတ်ကြီးလုပ်နေကျ ဦးသစ်ကလည်း ခေါင်းမွေးဖြူကို တဗျင်းဗျင်းကုတ်လို့ပေါ့။ ဇာလီမင်းသားလုပ်ရမယ့် လက်သင်မင်းသားလေး မင်္ဂလာစိန်တင်ကလည်း သက်ပြင်းတချချနဲ့။ ဇာတ်ရုပ်က အခရာထဲမှာပါနေတော့ စာမရရင် ခက်တော့မှာပဲတဲ့။ ကဏှာဇိန်မင်းသမီးနေရာမှာပါရမယ့် လစ်ဘာတီ ဩဘာအောင်ဆိုတဲ့ သင်ခါစ မင်းသမီးလေးကလည်း ကျွန်မကလဲ ဒီဇာတ်စီးရမှာ အသည်းထိတ်နေတယ် ဇာတ်ဆရာတဲ့...။

'ဟာ... နင်တို့ကလဲ ခါတိုင်း ပုဏ္ဏားခန်းက ကနေကျ ကိုလောရှည် ဝမ်းကိုက်ပြီးအိပ်ရာထဲလဲနေတာ သူ့နေရာ ငါဘယ်သူ့ထားလဲ၊ ဇူဇကာပုဏ္ဏားနေရာမှာ ငါတစ်ယောက်ယောက်ထားဖို့၊ ဒီဇာတ်ရုပ်ကခက်တော့ ငါဝေဿန္တရာနေရာမှာ ဝင်ရမှာ မဝင်တာကြည့်၊ ဒီဇာတ်မှ ဒီမြို့မှာမကရင် မဖြစ်မှ မဖြစ်တော့တာ။ ဒီနေရာ စိန်မိုးကို ပေးပြီး ငါက ဇူဇကာနေရာမှာ ဝင်ကတာသာကြည့်၊ ဘာမှလိပ်ပြာ ငယ်စရာ မလိုဘူး၊ ဒီသုံးရက်အတွင်း အရကျက်ထား၊ မရရင် ကန့်လန့်ကာနောက်က စာထောက်ပေးရမှာပေါ့၊ ငါလဲ ပရိသတ် မသိအောင် အသံအုပ်ပြီး ရှေ့ကကြောင်းကြောင်းပေးမယ်'

http://www.cherrythitsar.org



အဲသလို အားပေးရပေမယ့် ကျုပ်မိန်းမဗိန်မက ပြောင်းဖူးဖက် တရဲရဲဖွာပြီး မျက်စောင်းတစ်ချက်ထိုးတယ်လေ။ ပြီးမှ ကျုပ်ကို...

'ဟင်း... မိုးမကျခင်က ကျုပ်ပြောဖူးပါတယ်၊ ဝေဿန္တရာ ဇာတ်ဖြစ်ဖြစ်၊ သုဓနုဇာတ်ဖြစ်ဖြစ် ဒီနှစ်ထုပ် အသစ်တိုက်ထားရအောင်၊ စာရေးဆရာ ပုဗ္ဗန်တောင် ဆရာခတို့၊ တောင်လုံးပြန် ဆရာမြတို့၊ ဆင်ဖြူကျွန်းဆရာသင်တို့ အိမ်အလည်လာတုန်း မေးမက်ထားဦးလို့၊ တော်ကိုက ဇာတ်ထုပ်တစ်ထုပ်ကို သုံးနှစ်သုံးမိုး ငြီးစော်နံအောင် ကချင် တဲ့အကျင့်ကြောင့်၊ ကျုပ်နေရာမှာကြည့်၊ မဒ္ဒီဒေဝီနေရာ၊ ခက်လိုက်တဲ့ ဇာတ်ရုပ်၊ သစ်သီးဝလံရှာပြီး ပြန်လာတဲ့နေရာကစပြီး ခက်တာ၊ ကျားတွေ၊ သစ်တွေကို တောင်းပန်ရမယ့်စာ၊ ကလေးတွေကို လှူပြီလို့ သိတော့ လွမ်းရမယ့်အလွမ်း၊ ငိုချင်း၊ ရှင့်စာတွေကလဲ ခက်လိုက်တာ' တဲ့...။

ကျုပ်က ဒါကတော့ကွာ အစချီပြီး လေပြေထိုးပြီးမှ...

'ပါဠိပါဠ်သားတွေ ငါလျှော့ပေးပါ့မယ်၊ နဘောနဲ့ ကာရန်တွေ ကို ကာကဝလ္လိယထဲကရော၊ မာတင်္ဂထဲကရော ဖွဲ့ထည့်ထားပါတယ်၊ ဆင်တူရိုးမှားလေး၊ မင်းတို့ အသာမှေးလိုက်လို့ ရပါတယ်'

ရွာစားကြီး စိန်ဩဘာက သီချင်းတိုက်ဖို့ကလည်း နှစ်ရက် သုံးရက်။ မျက်ဖြူဆိုက်မလားပဲ။ ဇာတ်ဆရာလုပ်လိုက်ရင် ဒီလိုချည်း။ ရှင်မောဂ္ဂလန်ကို လိုက်တဲ့ငရဲမီး ဝင်စားသလား အောက်မေ့ရပါ့ဗျာ။ ဖုတ်ပူအင်မီးတိုက် ကုမ္ဘဏီလီမိတက်ပါပဲတဲ့...။

စကားပြောဆို ညည်းညူကြလို့ ပြီးလည်းပြီးရော၊ ကိုင်း... စာချပေးမယ်လို့ ကျုပ်က စကားစလိုက်တယ်...။

* * * * *

http://www.cherrythitsar.org

# [ ၆ ]

ကျုပ်ကိုယ်တိုင် ရင်တွေတုန်နေတာဗျ။ ညော့ခံဆိုင်းထဲက ပတ်မချက်တီးတိုင်း ရင်ထဲ အီအီသွားတယ်။ ကန်ထရိုက်က တပြုံးပြုံးနဲ့။ ဖျာအကုန် ရောင်းပြီးပြီလေဗျာ။ ရှေ့က ကော်ဇောနေရာ တစ်ချပ်စာ ငါးမူးနဲ့တောင် အလုအယက်ပဲတဲ့။ ရုံဝင်ခ လူကြီးတစ်မတ်၊ ကလေး တစ်မူးဆိုတာ နည်းသွားလို့ နောင်တရနေသတဲ့။ နှစ်ပါးသွားမစခင် ရုံဖွင့်ပေးမှ ဖြစ်မယ်တဲ့။ ကျုပ်က စိတ်အမောဆို့နေတယ်။ ဇာတ်သူ ဇာတ်သားတွေက ပျော်လည်းပျော်ကြပါရဲ့။ နောက်ပိုင်းဇာတ်ထုပ် ကရ မယ့်သူတွေကတော့ ရေချိုးရင်းလည်း နှုတ်တကျွရွရွ တရွတ်ရွတ်နဲ့။ ထမင်းစားရင်းလည်း ဆီမန်း မန်းသလို ကျက်သူကျက်။ တစ်ယောက်ကို တစ်ယောက် စာထောက်ပေးကြနဲ့။ ဖြီးရင်းလိမ်းရင်းနဲ့လည်း ဗလာစာအုပ် ထဲကြည့်လိုက်၊ အလွတ်ကျက်လိုက်နဲ့၊ ကြိုးတော့ ကြိုးစားနေကြတာပဲ။ စားတော်တိုက်နတ်ကတော်လည်း ထွက်ချိန်မှာ ပိုပြီးစိတ်စောလာကြ

တယ်။ ယိမ်းတွေ၊ အော်ပရာတွေလည်း ပြီးရော၊ ဟာတ်တိုင်း ခဏာ ဆိုင်းချိန် ပေးရသပေါ့။ အဲဒီအချိန် နှစ်ပါးသွားကဖို့ ဖြီးလိမ်းပြင်ဆင်ရပြီး ခဏာတစ်ဖြုတ်ကြာတော့ ဂလိုင်ခေါက်၊ ဆိုင်းချက်ပေးပြီ။ ဇာတ်ရုံ အပြင်က အသံတွေက ရွှေ့လာပြီ။ ရုံထဲပြန်ဝင်ကြပြီ။ ဈေးတန်းဘက်က အသံတွေ ပါးပါးသွားပြီ။ ထီခနဲ ပတ်မချက်ပေးပြီး ဝန်လေးပါးလည်း စိန်ကတ္တီပါကားရှေ့ကို ထွက်ဖို့ပြင်ပြီ။ ပရိသတ်အသံ၊ ဆိုင်းသံ၊ မီး အင်ဂျင်စက်သံ၊ ခပ်သဲ့သဲ့အသံ၊ ဇာတ်သူဇာတ်သား အသံတွေကြားမှာ ကျုပ်ရင် တဒိန်းဒိန်းနဲ့။ ဇာတ်ထဲမှာ စာတိုပေစလိုက်စားတဲ့ သေတ္တာ မှောက် မောင်တိုင်းကလည်း ဗလာစာအုပ်ကိုင်ပြီး စာထောက်ပေးဖို့ ကန့်လန့်ကာကြီးနောက်မှာ အရန်သင့်နဲ့...။

ပွဲဦး၊ ဇာတ်ဦးမို့ထင်ပါရဲ့။ စာထောက်ခမျာ မသက်သာပါဘူး။ သို့ပေမယ့် ဆိုင်းကလည်း အဖေးအမ တော်ပေတော့ အသံကြိုကြို ပြ။ ကတဲ့သူက ပါးရည်နပ်ရည်ရှိတော့ ဇာတ်သမားချင်းသာသိမယ့် ချွတ်ယွင်းချက်ပဲ ရှိသပေါ့။ ပရိသတ်ကတော့ ဘယ်သိမလဲ။ ဝေဿန္တရာ မင်းကြီး ညီလာခံတာက စဖွင့်ထားတာ အလှူအတန်း ပါရမီထုံတဲ့ မင်းကြီးသဘာဝကို ညီလာခံမှာတွင် ပေါ်လွင်ပါ့ဗျာ။ အမတ်လျှောက်၊ ဝန်လျှောက်စကားတွေလည်း ညက်လို့၊ စာရွက်ချထားတာ ပရိသတ် ဘယ်မြင်မလဲ။ ပလ္လင်ပေါ်မှာလည်း စာရွက်ခဲခုပြီး တင်ထားတာ။ မျက်နှာငုံ့ဟယ်၊ ငိုက်ဟယ်၊ ပရိသတ်ဆီ မျက်နှာမူဟယ်နဲ့ အမူအရာတွေ လုပ်နေတာကိုး။ စာမေ့ရင် ငုံ့ကြည့်လိုက်၊ လေယူလေသိမ်း အနေးအဖော့ နဲ့ ဟန်အတော်စကျပြီ။ ဒီနောက် အလှူခံတွေလာကြ၊ လှူပုံတန်းပုံတွေ ဆက်ကတာပေါ့ဗျာ။ ဒါက လက်တန်း စကားဝင်လို့ရတဲ့နေရာ။ ပြီးတော့

http://www.cherrythitsar.org



ကလိင်္ဂရာဇ်ပြည်မှာ မိုးခေါင်လို့ ကပ်သင့်တာကို ကလိင်္ဂရာဇ်မင်းက အမတ်ပညာရှိတို့ကို မေးမြန်းခန်း၊ ပုဏ္ဏားရှစ်ယောက်ကို ကလိင်္ဂရာဇ်မင်းက စေတုတ္တရာပြည်ဆီသွားဖို့ စေခိုင်းခန်း၊ ပစ္စယဆင်ဖြူတော် အလှူခံခိုင်းလွှတ်တဲ့အခန်း၊ ဆင်ဖြူတော်ကို ဝေဿန္တရာမင်းကြီး လှူတဲ့အခန်း၊ တိုင်းသူပြည်သားတွေက ဝေဿန္တရာမင်းကြီးရဲ့ ခမည်းတော် သိဉ္စည်းမင်းကြီးထံ ကြွေးကြော်တင်လျှောက်ခန်း၊ သိဉ္စည်းမင်းကြီးက သားတော်ဝေဿန္တရာမင်းကို တိုင်းပြည်ကနေ နှင်ထုတ်ခန်း၊ ဟိမဝန္တာတောထဲကို ဝေဿန္တရာမင်းကြီး မိသားစုဝင်ခန်း၊ ပရိသတ် မသိလိုက်တဲ့ အထစ်အငေါ့တွေရှိပေမယ့် ဇာတ်ကိုချောနေတာပဲ…။

အဲ… လာပါပြီ ကျုပ်အလှည့်၊ ဇူဇကာပုဏ္ဏား၊ ကျုပ် ဇူဇကာရဲ့မိန်းမ ပုဏ္ဏေးမလုပ်တဲ့ လက်ထောက်မင်းသမီးကလည်း မဆိုးပါဘူး။ ငိုပြလိုက်၊ ချွဲပြလိုက်၊ ခရာပြလိုက်။ ခိုင်းစရာ ကျွန်အခိုင်းအစေမရှိပါက မနေနိုင်ပြီဆိုတဲ့ အဖွဲ့အနွဲ့ အမူအရာကောင်းပ့ါ။ စာတော့ထောက်ရသေးရဲ့။ ကျုပ်က ချော့ပုံ၊ ပျာယာခတ်ပုံကို ပရိသတ်က ဝေါခနဲရယ်လိုက်၊ လှောင်ပြောင်သံပေးလိုက်ကတည်းက သိပြီ။ လမိုင်းကပ်ပြီ။ ကျုပ်သိပ်ကို စီးနိုင်သွားပြီ…။

ဝေဿန္တရာမင်းကြီးဆီ စုံစမ်းသွားတဲ့အခန်း။ မဒ္ဒီဒေဝီမရှိခိုက် ကဏှာနဲ့ဇာလီကို ကျွန်ပြုဖို့ သွားအလှူခံတဲ့အခန်းက အသားပေ့ါဗျာ…။

အစ်ကိုဖြစ်သူ ဇာလီနဲ့ ညီမကဏှာတို့နှစ်ယောက်ကို ဝေဿန္တရာမင်းကြီးက လှူလိုက်လို့ ကျုပ်ဇူဇကာရဲ့ လက်ထဲလည်းရောက်ရော နွယ်ကြိုးနဲ့ လက်ကိုတုပ်။ ကလေးတွေက ရုန်းဟယ်၊ ပြုဟယ်နဲ့၊ ငိုဟယ်နဲ့၊ ခမည်းတော်ကို ငိုတောင်းပန်။ ကျုပ်ကခေါ်ရာ မပါရ ကောင်းလား

http://www.cherrythitsar.org



ဆိုပြီး ပါးနှစ်စုံကို လက်ပြန်နဲ့ ဖျင်းခနဲတီး။ အဲ... လမ်းတစ်လျှောက်မှာ နိုပ်စက်ခန်းပေါ့ဗျာ...။

ဇာလီက...

'အို... ပုဏ္ဏားတော်ကြီးရဲ့၊ ကျွန်တော့်ညီမလေးကို သစ်ခက်နဲ့ မရိုက်ပါနဲ့ ခင်ဗျာ၊ သူ့ခြေဖဝါးလေးတွေက မုလေးခတ္တာ ဇီဇဝါပန်းမန် အစုံစုံဝတ်မှုန်ပမာ နုရှာလွန်းလို့ပါ ခင်ဗျာ့'လို့ ငိုသံနှောပြီး တောင်းပန်ခိုက်မှာ ကျုပ်က စူးစူးရဲရဲလှည့်ကြည့်။ လက်တွေချည်ထားတဲ့နွယ်ကို ဆောင့်ဆွဲ။ သူ့တို့မောင်နှမက ငိုက်ခနဲ ရှေ့လဲမလို ဖြစ်အလာ။ ကျုပ်က..

'ဘာတင်လျှောက်လိုက်သလဲ ကျွန်ကလေး၊ ဘာပြောနင်းကိုတယ်၊ နင့်နှမလေး ခြေဖဝါးတွေ နုတယ်ဟုတ်စ၊ အိမ်း... ခြေနဲ့ မလျှောက်နိုင်ရင် ခေါင်းနဲ့လျှောက်ပြီး ငါ့နောက်လိုက်၊ နင် မသိနင်းကီးသလော၊ ငါကား ဘာရဒ္ဒါဇပုဏ္ဏားအနွယ်တော်ဆိုသည်ကို နင် မသိသလော၊ သုံးလူ့ထွတ်ထား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဆိုသူကိုပင် ဆဲရေးဝံ့သော ဘာရဒ္ဒါဇပုဏ္ဏား၏အနွယ်တော်ဟဲ့၊ နင့်လိုအရွယ် တောင်ဆုပ်၊ ရပ်က သဘောက် မလောက်လေး မလောက်စား၊ သနားစရာ ဘာမျှမရှိ၊ ပကတိ မြင်ဘိသည်နဲ့ ခံ့ညားသော ငါပုဏ္ဏားတော်၊ လောကမှာ အမော်၊ အကျော်ဗေဒယျ ပညာရှင်၊ ဘုန်းရှင်၊ ကံရှင်၊ ကျွန်တစ်ရှဉ်းရှင်ကို ဆင်ခြေဆင်လက် စောဒကမတက်နင်းကိန်နဲ့'

စကားအဆုံးမှာ ခြေနဲ့ကန်ထည့်။ ဇာလီက ဟပ်ထိုးလဲတော့ နှမကဏှာက လက်စုံမိုးပြီး ငိုရင်း တောင်းပန်စကားပြော။ အရေးထဲ စာမေ့နေလို့ ကျုပ်က ဆံပင်ဆွဲဆောင့်ဟန်နဲ့ နားနားကပ်ပြီး ဒုက္ခရယ် ကြုံဆိုတာလေလို့ အစချီတော့မှ...

http://www.cherrythitsar.org



'အမလေး... ပုဏ္ဏားတော်ကြီးရဲ့၊ ဒုက္ခရယ်ကြုံ သောကစုံ လွှမ်းခြုံပါပေါ့၊ အို... ပုဏ္ဏားတော်ကြီးရဲ့ ရှိကြီးခိုးပါရဲ့ရှင်၊ အစ်ကို့ အစား ကျွန်မကိုသာ ကန်ကြောက်ရိုက်နှက်ပါရှင်' တဲ့...။

ကျုပ်သိတာပေါ့။ ငိုချင်းဆိုင်းက အသံလျှော့ပြီး တတိန်တိန်နဲ့ ဖျောက်နေရပြီ။ ဒီကောင်မလေး စာမေ့သွားပြီ။ ကမ္ဘာဘုံ ဘယ်ဝဋ်ကြွေး ရယ်ကြောင့်ဆိုတာ မဆက်တတ်တော့ စကားဖန်ဝင်ထိုးတာ။ အင်္ကျီ ဖျဉ်စနဲ့ မျက်ရည်သုတ်။ အစ်ကိုကိုထူ၊ ရင်ဝကို ဖြဖြလေးဖိပေး။ ကျုပ်ကို မော့ကြည့်။ အဲဒီအချိန် ကျုပ်နံဘေးက တစ်ခုခုလာထိတော့ ဖျတ်ခနဲ ကြည့်မိတယ်၊ ခုံဖိနပ်မြီးပြတ်၊ ကျုပ်ကို လှမ်းပေါက်တာ။ အကဲခတ်မိပြီ။ လှမ်းကြည့်တော့ ငိုသူငို၊ မျက်ရည်သုတ်သူသုတ်နေပြီ။ မအေရိုး ဗူဇကော ဆိုတဲ့ဆဲသံကို အလယ်လောက်ဆီက ကြားလိုက်ရတယ်။ ကျုပ်စိတ်အေး သွားပြီ။ ပရိသတ်အာရုံတွေအားလုံး ကျုပ်လက်ခုပ်ထဲရောက်ပြီ။ ဆက်ပြီး သယ်ရတော့တာ အားတက်သွားပြီ။

'ဟောဒီမှာ သစ်သီး၊ အမယ်... တစ်ခြမ်းအပုပ်၊ တစ်ခြမ်း အကောင်းပါလား၊ အိမ်း... ကောင်းတဲ့ဘက် ငါစားနင်းကိမယ်၊ ပုပ်တဲ့ဘက်ကို နင်တို့ကျွန်မောင်နှမ မျှမျှတတ ဝေစား၊ မတရားသဖြင့် ပိုစားရင်တော့လား ပါးအကွဲပဲ၊ ပါးကွဲနင်းကိမယ်'လို့...။

ကျုပ်ပြောတဲ့ အခန်းတွေ...

'အလို... တောရိပ်တောင်ရိပ်ကလဲ ထူပါ့နက်ပါ့၊ နေရောင် ကလဲ ဆုတ်ခဲ့ပြီ၊ လမိုက်ရက်ကလဲ ဖြစ်ပြန်၊ တောကြီးမြက်ရှည်တွေ ကလဲ ခါးစောင်းမကာ၊ ကျား၊ ဆင်၊ သစ်ကျုတ် ရုတ်ခနဲပေါ်လာရင် အခက်၊ ဝက်ဝံ၊ လူဝံ ဒီဘက်ကျွံလာမှဖြင့် ဒုက္ခော၊ ဟဲ့... ကဏှာနဲ့ ဇာလီ၊ နင်တို့က လူမမည်ကလေးတွေ၊ ငါ့အိမ်ကျရင် ငါ့မယားလေး

http://www.cherrythitsar.org



အမိတ္တာက ထင်းခွေ၊ ရေခပ်၊ ခဝါဖွပ်၊ မောင်းထောင်း၊ သန်းရှာ၊ ဆန်ပြာ သူညောင်းညာရင် နှိပ်နင်းပေး၊ အိပ်ရင်းတောင်မှ ထဘီစုတ် ချုပ်ပေးရမှာမို့ ကြာတော့ သေချင်တောင် နင်တို့သေကြမှာ။ ဒီတော့ ငါ့မှာက လူကြီး၊ ရှေ့လျှောက်နေရမှာ နှစ်အရာအထောင်ဆိုတော့ မြွေကိုက်၊ ကျားကိုက် မခံနိုင်ဘူး၊ သို့ကမို့ကြောင့် သစ်ပင်ခွကြားမှာ ငါကအိပ်မယ်၊ နင်တို့ မောင်နှမက သစ်ပင်ခြေရင်းမှာ အိပ်ဖန်စောင့်၊ ရှာစား... ရက္ခစိုး ထိုသစ်ပင်ခွကြားမှာ ငါပုဏ္ဏား စက်တော်ခေါ်မည်၊ ကိုင်း... သိပ်နင်းကိစမ်း၊ သိပ်နင်းကိစမ်း'လို့...

ကျုပ်အမူအရာပိုင်ပိုင် ပြောခန်းတွေ ထိမိတာပေါ့။ ကျုပ်ကို လှမ်းပေါက်တဲ့ ပြောင်းဖူးရိုးတွေ၊ ဖိနပ်စုတ်တွေ၊ သရက်စေ့တွေ၊ ဝါးခြမ်း စတွေဆိုတာ စင်ပေါ်မှာ ဖွေးနေပြီ။ အယုတ်တမာကြီး၊ ရိုက်သတ်ဖို့ ကောင်းတယ်။ ပြီးတော့ မအေနှမချင်း မိုးကိုမွှန်ရော...။

* * * * *

## [ ၇ ]

စဉ်းစားကြည့်ဗျာ။ ဆန်တစ်ပြည် နှစ်ပဲ။ အကောင်းစား ပဝါ တစ်ပိုင် သုံးမတ်။ ဆီတစ်ပိဿာ ခြောက်မူးတစ်ပဲ။ လက်ဖက်ရည်နံပြား တစ်ပဲ။ အဲဒီအချိန်မှာ ရှေ့တန်းကော်ဇောတစ်ချပ် တစ်ကျပ်ခွဲ။ ရှေ့ဖျာ တစ်ကျပ်၊ သုံးမတ်၊ ငါးမူး။ ရုံဝင်ခ လူကြီးခြောက်မူး၊ ကလေးတစ်မတ်။ လူထောင့်သုံးလေးရာဆံ့တဲ့ရုံနဲ့မှ ကျပ်ဇာတ်ကလို့ရတယ်။ သုံးရာသီစလုံး နားရတယ်မရှိဘူး။ ဘုရားပွဲတော်ဆိုတာ ပင်တိုင်။ ဘောက်ပွဲဆိုတာ ရက်ညပ်နေတယ်။ အလှူမှာ ကျပ်ဇာတ်ကို ဗလာပွဲအနေနဲ့ငှားရင် နှစ်ထောင်ယူတယ်။ အလှူရှင်ကို နှစ်ရာ့ငါးဆယ် ပြန်လှူခဲ့တယ်။ ဇာတ်နာမည် ကြီးသထက်ကြီး၊ ငွေလည်းရပါ့။ ဒါပေမယ့် ငါးနှစ်၊ ငါးမိုးရှိပြီ ကနေရတာ။ ဝေသန္တရာဇာတ်။ ကျပ်ဇာတ်ကိုကတဲ့ ဝေသန္တရာမှမကြည့်ဖူးရင် လူဖြစ်ရကျိုးမနပ်ဖူးလို့ ထင်ကြတဲ့အထိ အယူတောင်ရှိကြပုံပဲ...။

http://www.cherrythitsar.org



ကောင်းလည်းကောင်းပါတယ်...။

စာတွေကိုညက်နေကြပြီလေ...။

သေတ္တာမှောက်အားကိုးရတဲ့ ကျုပ်တပည့်က စာအိုး။ ကျုပ်ကလည်း စာအဖတ်နာတော့ ဘုတ်အုပ်တွေထဲမှာ ပိုကောင်းအောင် စာဖြည့်တော့တာပေါ့။ စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခ ဆိုတဲ့ ဦးတိုးရဲ့စာတွေ၊ ရှင်မဟာရဋ္ဌသာရရဲ့ တောလားတွေ၊ တောဘွဲ့ရတုတွေကို ဟိမဝန္တာတောဝင်ခန်း၊ မဒ္ဒီဒေဝီ သစ်သီးရှာခန်းမှာ ထည့်သဗျ။ ဆရာကူးတို့၊ ညောင်တုန်းဦးကျော်ရတို့၊ ရွှေတောင်ဆရာလွန်းတို့ရဲ့ ပြဇာတ်ဘုတ်အုပ်ထဲက ဆီလျော်ရာ လေပြေ၊ သဖြန်၊ ဆိုင်းဆင့်၊ ငိုချင်းတွေ၊ ရသေ့စကား၊ မုဆိုးစကား၊ ပုဏ္ဏားစကားတွေ၊ အမတ်လျှောက်တွေ၊ ဝန်တင်စကားတွေနဲ့ ကွန့်လည်းကွန့်ထား။ ဝေဿန္တရာမင်းကြီး လုပ်သူရဲ့ စကားထဲမှာ ဣဒံမေ ပုညံ၊ သဗ္ဗညုတဉာဏ ပဋိဝေဓဿ ပစ္စယောဟောတု ပါဠိတွေပါဋ္ဌ်သားတွေ၊ ကရားရေလွှတ်နဲ့ မြိုင်ပြီလားဗျာ။ သန်းခေါင်ကျော်စမှာ နောက်ပိုင်းဇာတ်ထုပ်စတာ မိုးမလင်းတလင်းမှာ အပြီး။ ရောက်ရာမြို့မှာ နောက်နေ့ စနည်းနာကြည့်...။

'ကောင်မရယ်... ညက ဝေဿန္တရာဇာတ်ထုပ်ကြည့်ရင်း ငါ ငိုလိုက်ရတာဟယ်'တဲ့။ ကောက်ညှင်းပေါင်းသည်ရဲ့ အပြောကို မုန့်ဟင်းခါးသည်က 'ဟုတ်ပါရဲ့၊ ကဏှာနဲ့ ဇာလီကလဲ တော်လိုက်တာနော်၊ ငါ့ရင်ဝထဲ ဆို့ဆို့ကို တက်ရောတဲ့'

ဒါပေမယ့်၊ ကျုပ် မကချင်တော့ဘူး။ တခြားဇာတ်ထုပ် ပြောင်းပြီး ကချင်ပြီ...။

ကကြည့်တော့ သုံးညမှာ တခြားတစ်ဇာတ် အစားထိုးကြည့်တယ်။ လူဝင်လျော့တယ်။ ကန်ထရိုက်ကလည်း မျက်နှာမကောင်းဘူး။

http://www.cherrythitsar.org



ခက်တာက မင်္ဂလာစိန်၄က်ရိုးဇာတ်ဆိုရင် ဝေဿန္တရာမှ။ ဝေဿန္တရာကို တခြားဇာတ်တွေက ကကြတယ်။ ကျုပ်ဇာတ်လောက်ကို နားမစွဲ၊ မျက်စိမစွဲဘူးတဲ့။ ကျုပ်က တခြားဇာတ်ထုပ် ပြောင်းကချင်တယ်ပြောရင် ဇာတ်ထဲကကို အင်တင်တင်။ ဇာတ်ဆရာရယ်၊ ပရိသတ်လက်ခံရာ ကတာကောင်းပါတယ်ဗျာတဲ့။ ပုဏ္ဏားခန်း အမြဲကခဲ့တဲ့ ကိုလောရှည်က မင်းကြီးသက်တော်ရှည် အမတ်နေရာမှာ သူနှုတ်ကျိုးနေပြီတဲ့။ လေးငါးနှစ်တောင်ရှိနေမှပဲတဲ့...။

ကျုပ်မိန်းမ ဗိန်မကလဲ...

'ရှင်ဟာလေ အကျိုးပေးမှအရာထင်တယ်ဆိုတာ မကြားဖူးရော့လား၊ တစ်မြို့တည်း ဆယ်ချီကက ဝေဿန္တရာမှ ဝေဿန္တရာ၊ ညတိုင်းကြည့်လို့မရိုးတာ နည်းတဲ့အကျိုးပေးလား၊ ကျုပ်တို့က တစ်ညထက်တစ်ည ကြိုးစားလိုက်ရတာ၊ ခမည်းတော်သိဥ္စည်းမင်းကြီးတို့၊ မုဆိုးတို့၊ ရသေ့တို့ကအစ၊ ကျုပ်အလွမ်းသယ်ရတာရော ကဏှာနဲ့ဇာလီလွမ်းရတဲ့အချိန်ကိုက နာရီဝက် လေးဆယ့်ငါးမိနစ်၊ တစ်ခါတလေ တစ်နာရီ၊ အဲဒီလွမ်းခန်းတွေက အသားယူရတာပဲ၊ ပရိသတ်ငိုတာ ကျုပ်နဲ့ ကလေးနှစ်ယောက် သယ်ပေးရလို့ အများကြိုက်တာ ရှင်ပြောင်းပစ်လို့ ဘယ်သင့်မလဲ'တဲ့...။

အဲဒီနေ့က ကျုပ်နဲ့ဗိန်မ စကားကတောက်ကဆဖြစ်ရတယ်၊ သူစိတ်ကောက်ပြီး ညစာမစားဘူး။ ဇာတ်ကခါနီးတော့ ထပြီးမျက်နှာချေလိမ်းတယ်။ ကျုပ်လည်း ပုဏ္ဏားလို လိမ်းခြယ်ရပြီ။ ဝတ်ရဆင်ရပြီ...။

* * * * *

# [ ၈ ]

ကျုပ်နဲ့ဗိန်မက ဈေးထဲသွားပြီး မုန့်တီစားကြတယ်။ မုန့်တီစားပြီးမှ ဇာတ်ကန်ထရိုက်အိမ်ကို ပြန်မယ်။ ပြီးမှ ရေမိုးချိုးပြီး အိပ်မယ်။ ညက ကထားလို့ အိပ်ချင်ချင်ရှိနေတယ်။ ချဥ်ငန်စပ်ကလေးနဲ့တွေ့မှ မျက်စိကျယ်သွားတယ်။ အဲဒီမှာ အထည်တန်းနဲ့ ရွှေဆိုင်တန်းဘက်က အသံကြားရတော့တာပဲ...။

'ရသေ့ကြီးသာ လမ်းမညွှန်ရင် ဒီပုဏ္ဏား ဘယ်ရောက်မှာလဲ၊ ရသေ့မစဥ်းစားလို့ အဲသလိုဖြစ်ရတာပေါ့'တဲ့၊ ရွှေဆိုင်အမျိုးသမီးက တွက်တာ...။

'သူကလဲ မုဆိုးလို ရိုးရိုးတွေးတာကိုး'တဲ့၊

အထည်ဆိုင်မိန်းမ က ပြောတာ။ မုန့်ဆိုင်က အမျိုးသမီးက ဘာလုပ်မ်းပြောသလဲဆိုတော့...

'သိဂ္ဂည်းဘုရင်ကြီးကလဲ သူ့သားနဲ့ ခွဲခါနီးကျတော့ ရင်ထု

http://www.cherrythitsar.org



မနာဖြစ်ပြီး ပြောတဲ့စကားက သိပ်ကောင်းတာပဲနော်၊ အဲဒီကစပြီး ကျွန်မတော့ ရင်ထဲမချိတော့တာ'

ကုန်စုံဆိုင်က အမျိုးသမီးက ချိန်ခွင်ပေါ် အလေးမတင်သေးဘဲ...

'မဒ္ဒီဒေဝီငိုလေ ကျွန်မငိုလေပဲ၊ မရှက်နိုင်တော့ဘူး'

'ဟုတ်ပါရဲ့တော်၊ အင်မတန် စိတ်ခိုင်တယ်ဆိုတဲ့ ကျွန်မယောကျ်ားက နှပ်တညှစ်ညှစ်၊ ချောင်းတဟန့်ဟန့်နဲ့ သမ်းသလို ဘာလိုလိုလုပ်ပြီး မျက်ရည်ထိန်းနေတာ၊ ကျွန်မကတော့ လက်ကိုင်ပဝါရွှဲရော'

ဝင်ပြောတဲ့သူက အသုပ်စုံသည်၊ မုန့်လုပ်ဆောင်းသည် အမျိုးသားက တောက်တစ်ချက်ခေါက်ပြီး...

'ကျုပ်ကတော့ ပြောင်းဖူးရိုးရော၊ မြေကျစ်စာခဲနဲ့ရော ဇူဇကာပုဏ္ဏားကို လှမ်းလှမ်းပေါက်တာ ကျုပ်ဘေးက ဦးလေးကြီးကတော့ လှမ်းကိုဆဲရော'

'ဟုတ်ပါရဲ့၊ ဇူဇကာပုဏ္ဏားရုပ်ကိုက အမြင်ကတ်စရာ၊ သူကျတော့ ခါးမှာချိတ်ထားတဲ့ ဘူးခါးသီးထဲက ရေကိုသောက်လို့၊ ကဏှာတို့မောင်နှမက ရေတစ်ပေါက်တောင်းတော့ ရွံ့ဗွက်ရေ လျှာနဲ့လျက်တဲ့၊ တက်ကိုရိုက်ချင်လိုက်တာလေ ကျွန်မဖြင့်...'

ကုန်စိမ်းသည် အမျိုးသမီးက ဒေါသသံနဲ့ ဝင်ပြောတယ်။ ကျုပ်က မျက်နှာခပ်ငိုက်ငိုက်ထားပြီး သူတို့ကိုကြည့်တယ်။ ရွှေမျက်မှန်တွေ၊ တိုက်ပုံတွေ၊ ယောပုဆိုးတွေနဲ့ သျှောင်ထုံး ပိုးပဝါပေါင်းနဲ့ဆိုတော့ မှတ်မိဖို့ဝေးပါတယ်။ မဗိန်မကလည်း ဘီးဆံပတ်ကြီးနဲ့၊ စိန်ကတ္တီပါရင်ဖုံးအင်္ကျီနဲ့၊ ဇင်းမယ်ထဘီနဲ့ဆိုတော့ ဘယ်လာ ရုပ်ဖမ်းမိမလဲ။ မဗိန်မက ပြုံးပြီး ကျုပ်ကိုကြည့်တယ်။ အောင်ပွဲရစစ်သူကြီး အပြုံးမျိုးပေါ့ဗျာ။

http://www.cherrythitsar.org



ညကကြည့်တဲ့ဇာတ်ကိုကြည့်ပြီး ဘယ်သူလွမ်းတာ ပိုကောင်းတယ်။ ဘယ်လိုပြောတာ စိတ်ထိခိုက်တယ်။ ဘယ်သူ့ငိုချင်းကြောင့် ရင်ဆို့တယ်။ ဘယ်သူ့ ဘယ်လိုအမူအရာကြောင့် ငိုရတယ်တွေ အလုအယက်ပြောကြ၊ ငြင်းကြ ထောက်ခံကြသဗျာ။ ဆက်ပြီး ကြားရပြန်တာတွေက...

'ဖအေ့ရှေ့ထားပြီး ဇာလီတို့မောင်နှမ နားရင်းတီးလား ဘာလား ဆိုတော့ ဝေသန္တရာမင်းကြီး သန်လျက်ဆွဲပုံ၊ စိတ်ချုပ်တည်းပုံကလဲ ကျွန်တော့်ရင်ထဲ နင့်ခနဲပဲဗျာ၊ ဇူဇကာကို တစ်ခါတည်း ခုတ်လိုက်ရင် ပြီးရော'

'စေတမုဆိုး သံသယဝင်တာ ဆက်ဝင်ရင် ကလေးတွေဆီ မရောက်တော့ဘူး၊ ဇူဇကာက မဒ္ဒီဒေဝီ တောအဝင် ချောင်းမြောင်းရင်း ပြောတာကြားကတည်းက ကျွန်မ အတော်ဒေါသဖြစ်နေပြီ'

'ကဏှာနဲ့ဇာလီ မောင်နှမက တယ်အပြောကောင်းတာပဲနော်၊ တစ်ခွန်းပြော မျက်ရည်တစ်စက်ပဲ၊ ကျွန်မ ဟန်ကိုမဆောင်နိုင်တော့ဘူး'

'ဇူဇကာ စားလိုက်တာများ အံ့ရော၊ ဆန်တစ်စိတ်နဲ့ ဆိတ်တစ်ကောင်၊ စားပိုးနင့်သေတာ နည်းတောင်နည်းသေး၊ သူစားရင်း သူမယားလေး အမိတ္တာအတွက် အထုပ်ကြီး၊ အထုပ်ငယ်ထုပ်ထားဖို့ ပလုတ် ပလောင်းသံနဲ့ လှမ်းပြောတာ မုန်းလိုက်တာလေ သေနာကျကြီး'

ကျုပ်မိန်းမက နှစ်ပန်းကန်စားပြီးချိန်မှာ ကျုပ် တစ်ပန်းကန်ပဲ ကုန်တယ်။ ထပ်မယူချင်တော့ဘူး။ ဝပြီလားတဲ့။ မိန်မက မဝသေး ပါဘူး။ မစားချင်တော့တာ အမှန်ပဲ။ ကျုပ်ရင်ထဲ တစ်မျိုးကြီးပဲ။ ဝေသန္တရာဇာတ်ကို ပထမဆုံးကတဲ့နေ့ကို ပြေးသတိရတယ်။ ဇာလီ မင်းသားက စာထစ်ထစ်။ ကဏှာမင်းသမီးက လေပြေမပြေ။ ငိုချင်း မရတစ်ချက် ရတစ်ချက်။ မျက်ရည်သုတ်ဟန်လေး၊ တောင်းပန်စကား

http://www.cherrythitsar.org



လေး၊ အဲသလောက်လေးပဲ ရတဲ့အချိန်။ ကျုပ်က ဖိပြီးငေါက်လိုက်၊ မာန်လိုက်၊ ကြိမ်းလိုက်၊ ရိုက်လိုက်၊ ကန်လိုက် နှိပ်စက်ကလူ ပြုလုပ်နဲ့ အကောင်းဆုံးပြော၊ အကောင်းဆုံးဆိုင်းဆင့်၊ အကောင်းဆုံးအမူအရာနဲ့ ဖြည့်ပေးခဲ့တာတွေကိုး။ အဲဒီတုန်းကတောင် ထိခဲ့မိခဲ့သေးတာ။ အခု အားလုံးစာရနေပြီပဲ။ ညက်နေပြီပဲ။ ပညာစုံနေပြီပဲ။ ကျုပ်ဗျာ ပြောလိုက်ချင်ပါရဲ့။ ဝေဿန္တရာကို သနားတဲ့သူတွေ၊ မဒ္ဒီဒေဝီကို သနားတဲ့သူတွေ၊ ကဏှာနဲ့ဇာလီတို့ကြောင့် ငိုရတယ်။ မင်္ဂလာစိန်ငှက်ရိုး ဇာတ်သဘင်အဖွဲ့ကြီးရဲ့ ဝေဿန္တရာ ဇာတ်သိပ်ကောင်းတာပဲ ဆိုကြတဲ့ သူတွေကိုး...။

'ကျုပ်ငှက်ရိုးက ဇူဇကာပုဏ္ဏားပါ၊ ပုဏ္ဏားကောင်းလို့ ပြောင်းဖူးရိုးတွေ စင်ပေါ် ပိုရောက်ရောက်လာတာပါ'လို့...

ဒါပေမယ့် မပြောဝံ့ဘူးဗျ။ ဇာတ်ရှိန်ကျန်ပြီး ယောက်ချိုနဲ့ လှမ်းရိုက်မှာကြောက်လို့...။ ။

■ *ရွှေဝတ်မှုန်မဂ္ဂဇင်း။ ၁၉၉၀ ခုနှစ်၊ ဩဂုတ်လ။*

http://www.cherrythitsar.org

# သုသာန်၌ သနပ်ခါးလူးခြင်း

## [ ၁ ]

မစန္ဒာလွင် စိတ်လှုပ်ရှားနေသည်။ စိတ်တိုနေသည်သို့ ရှိနေသည်။ သည်နေ့တစ်နေ့လုံး ပို၍ မနေတတ်၊ မထိုင်တတ် ဖြစ်နေ၏။ 'နဝရတ်ကိုးသွယ် ရတနာကုမ္ပဏီ'တွင် အပ်ထားသော ပုလဲထည်များ ရလာသည့်နေ့မှစ၍ ယင်းသို့ဖြစ်နေသည်။

မစန္ဒာလွင်သည် ပုလဲထည်များကို ယခင်က များစွာ စိတ်မဝင်စားလှ...။

သူ့တွင် စိန်တစ်ဆင်စာ၊ မြတစ်ဆင်စာ ရှိသည်။ ထိုရတနာနှင့် လိုက်ဖက်သော အဝတ်အထည်မှအစ လက်ကိုင်အိတ်၊ လက်ကိုင်ပဝါ၊ ဒေါက်မြင့်ဖိနပ်များ ရှိပြီးဖြစ်သည်။ မင်းပွဲစိုးပွဲများတွင် ဝတ်ဆင်ခဲ့ပြီး

http://www.cherrythitsar.org



ဖြစ်သည်။ မစန္ဒာလွင်သည် ဝတ်စားဆင်ယင်မှုတွင် ကျွမ်းကျင်သည်။ နိုင်ငံတကာမှ ဝတ်စားဆင်ယင်မှုများကို ဂရုတစိုက်လေ့လာလျက်ရှိသည်။ နှစ်စဉ် ကမ္ဘာ့အရောင်အသွေး ရွေးချယ်သော ကြေညာချက်ကို မစန္ဒာလွင် လိုက်နာသည်။ အနောက်နိုင်ငံမှ အမျိုးသမီးမဂ္ဂဇင်းများကို မှန်မှန်ဝယ်ဖတ်သည်။ ထို့ကြောင့် အရောင်အသွေး ရွေးချယ်ဝတ်ဆင်ရာတွင်လည်းကောင်း၊ မျက်ခွံ၊ ပါး၊ နှုတ်ခမ်း၊ လက်သည်းကို ခြယ်သရာတွင်လည်းကောင်း၊ ရတနာ ဝတ်ဆင်ရာတွင်လည်းကောင်း၊ မစန္ဒာလွင်ကို လိုက်မှီသူ ရှားလှပေသည်။ ဆံပင်ပြင်ဆင်ထုံးဖွဲ့သည့်အရာတွင် သူ့ကို မည်သူမျှမမီဟု အမေရိကန်ပြန် ရုပ်ရှင်မင်းသမီး လွင်ဝေကျော်ကိုယ်တိုင်က ဝန်ခံထားသည်။

လွန်ခဲ့သည့်လဆန်းက သူ့အစ်မ ဗိုလ်မှူးကြီးကတော်ဟောင်း ဒေါ်မွှေးဝေဝေ မြန်မာပြည်သို့ပြန်ရောက်လာသည်။ ပြင်သစ်တွင် ကျင်းပသော နိုင်ငံတကာ အမျိုးသမီးဖက်ရှင်ပွဲတော်သို့ သူ့စရိတ်နှင့်သူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ သူ့အစ်မက ဒီနှစ်အဖို့ ဖက်ရှင်အရောင်အသွေးအဖြစ် အဖြူကိုပြဋ္ဌာန်းလိုက်ကြောင်း သတင်းကောင်းပါးလိုက်သည်။ သို့ဖြစ်၍ အဖြူရောင်ကို သူမြတ်နိုးလိုက်လေသည်။ သို့ဖြစ်၍ ပုလဲတစ်ဆင်စာကို ငွေသုံးသောင်းနီးပါး အကုန်ခံ၍ ဝယ်ယူလိုက်သည်။ ကုမ္ပဏီတွင်ပင် လည်ဆွဲ၊ လက်ကောက်၊ လက်စွပ် စသည်တို့ကို ပြုလုပ်ရန် အပ်ခဲ့သည်။

ထဘီနှင့်အင်္ကျီအတွက် တစ်ကိုက်လျှင် တစ်ရာနီးပါးကျသော တက်ထရွန်ကို သုံးစုံစာ ဝယ်ယူသည်။ သူ့အစ်မနှင့်သူက တိုင်ပင်သည်။ သူ့အစ်မက အဖြူရောင်ကို ကမ္ဘာ့အရောင်အသွေးအဖြစ် ကြေညာပုံကို

http://www.cherrythitsar.org



ပြန်ပြောပြသည်။ အင်္ကျီလုံချည်အဖြူ ပုလဲအဖြူဟု ပုံသေဝတ်ဆင်ရသည်ဟု မမှတ်ယူသင့်ကြောင်း ပြောပြသည်။ ထို့ကြောင့် မစန္ဒာလွင်က ထဘီနှင့်အင်္ကျီကို အနက်ဆင်မည်။ ပြီးမှ ပုလဲထည်နှင့် ပေါင်းစပ်မည်။ ထိုအခါ ပုလဲသည် အနက်ရောင်အင်္ကျီ၊ ထဘီတို့ကြောင့် ပိုမိုပေါ်လွင်လာမည်။ ထဘီ၊ အင်္ကျီလည်း ပုလဲကြောင့် ပိုမိုပေါ်လွင်လာမည်ဟု ဆိုသည်။ ထို့ကြောင့် တက်ထရွန်ထဘီ၊ အင်္ကျီတို့ကို ဗိုလ်ချုပ်ဈေးမှ ဆေးဆိုးပန်းရေးဆိုင်ကြီးသို့ သွားအပ်၏။ သူလိုချင်သောပုံစံ ရေးခြယ်ရန် အပ်ခဲ့သည်။ အထူးရေးခြယ်ပေးရန် အထူးအပ်ခဲ့သည်။ ဆေးဆိုးပန်းရေးအတွက် ငွေခုနစ်ရာကျော် ပေးခဲ့သည်။

အင်္ကျီ၊ ထဘီသုံးစုံကို ပုလဲထည်များမရမီ တစ်ရက်က တင်ကြိုရခဲ့သည်။

ထိုနောက် ပုလဲထည်များရသောအခါ သူ့ကိုယ်သူ ဆင်ကြည့်သည်။

မှန်ထဲတွင်ပေါ်လာသော သူ့ကိုယ်သူ ကြည့်၍မယုံနိုင်အောင်ဖြစ်သွားသည်။ အစ်မ ဒေါ်မွေးဝေဝေကလည်း 'သိပ်လှတာပဲ'ဟု တအံ့တသြ ဆို၏။ သူ့ရင်တွင် လှပ်လှပ်ခုန်လာသည်။ သူ့အစ်မပါးကို ဝမ်းသာကြည်နူးစွာနှင့် နမ်းလိုက်သည်။ သူ့မေမေက ပြုံး၍နေ၏။ သူ့ဖေဖေက 'သမီးက သိပ်လှတာပဲဟေ့'ဟု ဝမ်းသာဝမ်းမြောက်ဆို၏။

'သမီးကိုပြိုင်နေတဲ့ မြညိုနွယ်တို့၊ အေးကြည်ကြည်သွယ်တို့၊ မိုးမိမိခိုင်တို့ မြင်စေချင်တယ်၊ တစ်ခါတည်း တက်သွားကြမှာပဲ၊ ဟင်း... ဟင်း'

ချိုလွင်သောအသံမြှင်းနှင့် ရယ်လိုက်သည်။ သူ့ရင်မှာ ချမ်းမြေ့လှသည်။ သူ့ရင်မှာ ပီတိဖြင့် ခုန်လှိုက်၍နေသည်။

http://www.cherrythitsar.org



ထိုနေ့မှစ၍ သူ့စိတ်တွေ လှုပ်ရှားခဲ့လေသည်။ သူမျှော်လင့်နေသောအရာသည် ယနေ့တိုင်ရောက်မလာ။ ယင်းမှာ မွေးနေ့ပါတီ၊ မင်္ဂလာဆောင်၊ မင်းပွဲစိုးပွဲ ဖိတ်စာဖြစ်၏။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

လက်ထဲမှ ကြေးမုံသတင်းစာကို စားပွဲပေါ်သို့ တင်လိုက်သည်။ မစန္ဒာလွင်မျက်နှာသည် ရွှန်းရွှန်းပပ။ နှုတ်ခမ်းတွင် ပြုံးရိပ်ဝေနေသည်။

'ဖိတ်စာကတော့ ဒီနေ့ညနေလောက်ဆို ရောက်လာမယ် ထင်တယ်နော် မေမေ' သူ့မေမေက ခေါင်းညိတ်လိုက်သည်။

'တကယ်လို့သာ ခေါင်းစဉ်မှာ အငြိမ်းစား ကြေးတိုင်မင်းကြီး ဦးစိန်ရတီမှန် အသက် (၆၇) နှစ်လို့ ကွယ်လွန်သူနာမည်တပ်မထားရင် ကွယ်လွန်သူ ဘယ်သူဘယ်ဝါမှန်း သိဖို့လွယ်မှာမဟုတ်ဖူးနော်'

မစန္ဒာလွင်နှုတ်ခမ်းက မဲ့တဲ့တဲ့။ အသံက သရော်သလိုလို။ သူ့မေမေက နှုတ်ခမ်းကို ရွဲ့ပြလိုက်သည်။ လက်ထဲမှ ကသစ်ဝိုင် ဆရာတော်၏ ဝိပဿနာစာအုပ်ကို စားပွဲပေါ်သို့တင်လိုက်ရင်း...

'သူတို့က ဘာဟုတ်သေးလဲ သမီးရဲ့၊ အငြိမ်းစားစက်ရှင်တရား သူကြီးဦးလာဘ ကွယ်လွန်တုန်းက သတင်းစာထဲထည့်တဲ့ နာရေး

http://www.cherrythitsar.org



ကြော်ငြာက သူတို့ထက်ပိုဆိုးတာပေါ့၊ ရာထူးဂုဏ်ထူး တပ်ထားတဲ့ ဆွေမျိုးကချည်း ငါးဆယ့်နှစ်ယောက်၊ သားသမီးမြေးမြစ်က နှစ်ဆယ့် တစ်ယောက်၊ စုစုပေါင်း ခုနစ်ဆယ့်သုံးယောက်၊ မေမေဖြင့် ဖတ်ပြီး မျက်စိလည်သွားတာပဲ၊ ဆွေကြီးမျိုးကြီးစာရင်း ကြေညာနေတာ ကျ နေတာပဲ'

မစန္ဒာလွင်က ညင်းညင်းညှံ့ညှံ့ရယ်လိုက်သည်…။

'ခုလဲ သူတို့လဲ ဒီလိုပဲမဟုတ်လား မေမေရဲ့၊ ဦးစိန်ရတီမှန်ရဲ့ ယောက်ဖရဲ့သမက် ကိုကြာပဒုံဆိုတဲ့လူကိုတောင် ထည့်ထားတာပဲ၊ လူနာမည် သက်သက်မှ မဟုတ်ဘဲ၊ ကိုကြာပဒုံရဲ့ နာမည်နောက်က ညွှန်ကြားရေးဝန်၊ ဝိဇ္ဇာဂုဏ်ထူး၊ ရန်ကုန်၊ မဟာဝိဇ္ဇာ၊ အောက်စ်ဖို့ဒ်၊ ဆိုတာလဲ ထည့်ထားတယ်လေ၊ သမီးတော့ဖတ်ရင်း ရယ်တောင်ရယ်ချင် လာတယ်၊ ဒါပေမယ့် ဦးစိန်ရတီမှန်ရဲ့ သမီးအငယ်ဆုံး ဖလော်ရာက သမီးကို အမြဲတမ်းပြိုင်နေတာ၊ အသုဘ ချတဲ့နေ့ကျရင်တော့ တွေ့ကြဦး မှာပေါ့'

သူ့မေမေက နှစ်ခြိုက်စွာ ပြုံးလိုက်သည်…။

* * * * *

http://www.cherrythitsar.org

# [ ၃ ]

အသုဘအိမ် ခြံဝင်းအတွင်းသို့ ကားမဝင်နိုင်၍ မလှမ်းမကမ်းရှိ သစ်ပင်ရိပ်အောက်တွင် ကားကိုထိုးရပ်လိုက်သည်။ ကားမောင်းသူက ဆင်း၍ နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ ကားပေါ်မှ မစန္ဒာလွင် နှင့် သူ့မေမေတို့ ဆင်းလာကြသည်…။

ထိုအခိုက် ကားသုံးလေးစီး ရောက်လာသည်။ ထိုကားပေါ်မှ ဆင်းလာသူများက မစန္ဒာလွင်ကို ကြည့်နေကြသည်။ သူတို့မျက်လုံးများ က ရင်သပ်ရှုမောနေကြသည်ဟု ပြောနေဘိသို့ရှိ၏။ ခြံတွင်းသို့ ဝင်လိုက် သောအခါ တိုက်ခေါင်းရင်း မြက်ခင်းပေါ်တွင် ခင်းကျင်းထားသော စားပွဲကုလားထိုင်များဆီမှ ဧည့်သည်တို့၏မျက်လုံးသည် မစန္ဒာလွင် ထံသို့ ရောက်နေကြပြီဖြစ်၏။

မစန္ဒာလွင်သည် သူ့ကို လူတိုင်းကြည့်နေကြသည်ကို သိသည်။ သူ့မေမေလည်းသိသည်။ သို့သော် မစန္ဒာလွင်သည် မည်သူ့ကိုမျှမကြည့်။ ခါတိုင်းလမ်းလျှောက်သည်ထက် ပို၍လှအောင်လျှောက်ရင်း ဝင်လာ သည်။ ပေါင်တံကို ဆန့်နိုင်သမျှ ဆန့်၍လှမ်းသည်။ ဆန့်နိုင်အောင်လည်း

http://www.cherrythitsar.org



ဒေါင်မြင့်ဖိနပ်ချွာသေးသေးမြင့်မြင့်က အထောက်အကူပေးသည်။ ထိုအခါ တင်ပါးသည် တင်း၍မြင့်သွား၏။ တစ်ဖက်ကနိမ့်၍ လုံးလုံးကျစ်ကျစ် ရှိလာ၏။ လုံးဝန်းပြည့်ဖြိုးသော တင်ပါးနှစ်ဖက်ကို ပို၍ပေါ်လွင်စေ သည်။ ထို့ပြင် ပေါင်တံဖြောင့်စင်းနေသည်ကို မြင်သာစေသည်။ ထို့ပြင် ကျစ်လျစ်သေးသွယ်သော ခါးအလှကလည်း တင်ပါးကြောင့် ထင်ရှား လာရသည်။ ဤသို့ ကိုယ်အလှပေါ်လွင်အောင် အနက်ရောင်တွင် ငှက်ပျောညွန့်ရောင် ပန်းခိုင်နှစ်ခိုင် ရေးဆွဲထားသော တက်ထရွန်ထဘီကို တစ်ထပ်တည်း ဝတ်လာခဲ့သည်။ ထဘီနှင့်လိုက်ဖက်သော တက်ထရွန် အင်္ကျီကိုပင် လူတိုင်းက ငေးကြည့်ရသည်။ လက်ရှည်မဟုတ်၊ လက်တို လည်းမဟုတ် လက်စကအင်္ကျီဖြစ်သည်။

အနက်ပေါ်တွင် အပြာနုရောင် ယိုးဒယားပန်းခက် သုံးခက် ခွေထားသည်။ တစ်ခက်က လည်ပင်းပေါက်အနားကို ကွပ်ထားသည်။ ကျန်နှစ်ခက်က ရင်ညွန့်တည့်တည့်ပေါ်တွင် လှပစွာ ရစ်ခွေနေသည်။ တင်းတင်းရင်းရင်း မို့မို့မောက်မောက် ရင်၏အလှကြောင့် ယိုးဒယား ပန်းခက်နှစ်ခက်သည် ပို၍ကြွကြွရွရွရှိနေ၏။

တိုက်တံခါးဝသို့ ရောက်သောအခါ အတွင်းတွင်ထိုင်၍ စကား စမြည်ပြောဆိုနေသံများသည် ရုတ်တရက်ငြိမ်ကျသွားသည်။ ယောကျ်ား များ၏ မျက်လုံးသည် သူ့ထံမှမခွာတော့။ အမျိုးသမီးများသည်ပင် ပါးစပ်အဟောင်းသားနှင့် ငေးနေကြသည်။

ဝန်ကြီးဟောင်းကတော်နှင့် စကားပြောနေသော ဖလော်ရာ သည် အံ့အားသင့်သော အမူအရာနှင့် မစန္ဒာလွင်ကို ငေးကြည့်နေ၏။ ထို့နောက် မစန္ဒာလွင်ကို အပြန်အလှန် စေ့စေ့စပ်စပ်ကြည့်သည်မှာ ဆယ်ကြိမ်ထက်နည်းမည်မထင်။ ဖလော်ရာ၏မိခင်သည် ဝတ်လုံတော်ရ

http://www.cherrythitsar.org



တစ်ဦးနှင့် စကားပြောနေရာမှ လှမ်းကြည့်သည်။ မစန္ဒာလွင်ကို အရင်ဆုံး ကြည့်သည်။ အားငယ်သည်လိုလို၊ မနာလိုသည်လိုလို မျက်နှာထားသည် ပေါ်လာ၏။ ရုတ်ခြည်း မာနတင်းသောမျက်နှာရိပ်သို့ ပြောင်းသွားသည်။ သူ့သမီးဖလော်ရာကို လှမ်းကြည့်သည်။ သားအမိအကြည့်ချင်း ဆုံသွားကြသည်။ ဖလော်ရာ၏အစ်မ စန္ဒရာ၊ စင်သီယာ၊ ပယ်မလာတို့အားလုံး၏ မျက်နှာသည် သူတို့မိခင်၏ မျက်နှာအပြောင်းအလဲနှင့် ထပ်တူထပ်မျှ တူညီကြသည်။ သို့ရာတွင် သူတို့အားလုံးသည် ဣန္ဒြေချက်ချင်း ဆည် လိုက်ကြသည်။

'ဆော်ရီး... ဖလော်ရာ၊ တစ်နေ့က သတင်းစာထဲမှာ ကြော်ငြာ တွေ့လိုက်ကတည်းက စန္ဒာလာဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့် စန္ဒာ့ မောင်လေးကို ဒါဂျီလင်မှာ ကျောင်းထားဖို့ကိစ္စကြောင့်ရယ်၊ စန္ဒာ့ကိုကို အမေရိကားကို စတိတ်စကော်လာနဲ့ သွားဖို့စီစဉ်ပေးရတာတွေကြောင့် မလာဖြစ်တာပါ'

ဖလော်ရာခေါင်းခါလိုက်သည်...။

'ကိစ္စမရှိပါဘူးကွယ်'

မစန္ဒာလွင်က စင်သီယာကို မသိမသာပြုံးရင်း ပြောသည်။

'ဒီနေ့ညနေပိုင်းတောင် အတွင်းဝန်ဦးဘိုကြီးတို့ မိသားစုက ညစာစားဖိတ်ထားတာ သွားဖို့အစီအစဉ်ကို ဒီမလာခင်ဘဲ ဖုန်းနဲ့ဆက်ပြီး မလာဖြစ်တဲ့အကြောင်း တောင်းပန်လိုက်ရတယ်၊ ဒီကပြန်ရင် ပင်ပန်း ငြီးငွေ့နေမယ်မဟုတ်လား၊ ဟိုက အရေးမကြီးပါဘူး၊ ဒီက အရေးကြီး တယ်မဟုတ်လား စင်သီယာရယ်၊ ဦးအတွက် စန္ဒာဝမ်းနည်းပါတယ် စင်သီယာရယ်' စန္ဒာက ဝမ်းနည်းသည့်မျက်နှာထားနှင့် ပြောသည်။

'ကိုယ်တို့အနေနဲ့ အစွမ်းကုန်ကုတာပါပဲ စန္ဒာရယ်၊ ဒယ်ဒီကို

http://www.cherrythitsar.org



ကုတာမှ ဒေါက်တာသီပေါရဲ့ဘီလ်ကို ရှင်းရတာပဲ ခြောက်သောင်းကျော် ကျတာပဲကြည့်ပေါ့၊ ဒေါက်တာသီပေါက သူရအောင်ကုမယ်ဆိုပြီး ကုတာ ပဲ၊ အတော့်ကိုသက်သာလာတာ၊ ဒီတစ်ခါပြန်ဖြစ်ရင် အမေရိကားကို ပို့ပြီးကုဖို့ ဒေါက်တာကလဲ ကြံရွယ်ထားတယ်၊ ကိုယ်တို့လဲ စီစဉ်ထား တယ်၊ ဒီလိုနေကောင်းလာပြီးမှ ရုတ်တရက် ကောက်ကာငင်ကာ ဖြစ် သွားတာပါကွယ်'

စန္ဒရာသည် ဆို့နင့်သောအသံနှင့်ပြောရင်း မျက်ရည်တွေ ကျလာသည်။ ပယ်မလာသည် ဆို့ထစ်သောအသံနှင့် မစန္ဒာလွင်၏မေမေကိုပြောပြသည်။

'အန်တီရယ်၊ ဒယ်ဒီကိုက ကံခေပါတယ်၊ မဆုံးခင် တစ်ရက် နှစ်ရက်လောက်ကပဲ ပြုံးပြုံးရွှင်ရွှင်နဲ့၊ ပယ်မလာကိုတောင် သမီး ဒီနှစ် အမ်ဘီဘီအက်စ်အောင်ပြီးမှ ဒယ်ဒီရောဂါပျောက်မှာပဲလို့တောင် နောက် နေသေးတယ်၊ ပြီးတော့ ဒယ်ဒီမသေပါဘူးတဲ့၊ ပယ်မလာ့မောင် ရစ်ချက် ဗိုလ်ကြီးကနေ ဗိုလ်မှူးဖြစ်တာကိုမမြင်ဘဲ မသေရသေးပါဘူးတဲ့၊ ခုတော့...'

စန္ဒရာသည် ငိုနေသည်။ မျက်ရည်များပင် မကျနိုင်အောင် ငိုနေရှာသည်။ ဦးစိန်ရတီမှန်၏ဇနီးက ဝင်ပြောသည်။

'စန္ဒာရယ်၊ ခုတော့ စန္ဒာ့အန်ကယ်ဖြစ်ပုံက ကြည့်လို့ကောင်း သေးရဲ့လားကွယ်' မစန္ဒာလွင် မေမေကို ကြည့်လိုက်သည်။

'ကျွန်မရင်ထဲမှာ မချိတော့ဘူး၊ သူတို့ဒယ်ဒီဟာ သူတို့ကို သိပ်ချစ်ရှာတာ၊ သားသမီးတွေကို အလိုလိုက်တဲ့နေရာမှာ ရှားပါတယ်၊ သားအငယ်ကောင်က ကားအသစ်လဲချင်တယ်ဆိုရင် ချက်ချင်း၊ ပယ်မလာက အိမ်ကစန္ဒရားကို မလိုချင်ဘူးဆိုရင် ချက်ချင်း၊ နိုင်ငံခြားက

http://www.cherrythitsar.org



အသစ်မှာပေးတယ်၊ အကြီးမ စန္ဒရာက ဒီအိမ်နဲ့မနေချင်ဘူး၊ ခေတ်မီ တိုက်ဆောက်ပေးရမယ်ဆိုလို့ ရှစ်မိုင်မှာ နှစ်သိန်းကုန် ခေတ်မီတိုက် ဆောက်နေတာ၊ ဟီး... ဟီး... ခုတော့ ဒီနှစ်သိန်းကျော်တန်တိုက်ကြီး ပြီးသွားရင် ကျွန်မတို့သွားနေတော့ ဘာအခိပ္ပာယ်ရှိတော့မှာလဲ ကိုစိန်ရတီမှန်ရဲ့ ဟီး... ဟီး'

မစန္ဒာလွင်တို့ သားအမိသည် ကြောင်တက်တက်ကြီး ဖြစ် သွားကြသည်။ မစန္ဒာလွင်က စင်သီယာကို လှမ်းကြည့်လိုက်သည်။ စင်သီယာသည် မျက်လုံးကို ဖျတ်ခနဲရွှေ့လိုက်သည်။ မစန္ဒာလွင်၏ ပုလဲလည်ဆွဲ၊ ပုလဲလက်ကောက်၊ ပုလဲလက်စွပ်၊ ပုလဲနားကပ်၊ ပုလဲဆံညှပ်များကို တမက်တမောကြည့်နေရာမှ အဝေးသို့ မျက်လုံးလွှဲ လိုက်ခြင်းဖြစ်သည်။ ယင်းအချက်ကို မစန္ဒာလွင်သိလိုက်သည်။

'ဩော်... ဒါထက် စန္ဒာ့ဖေဖေက အသုဘမပို့နိုင်တာ တောင်းပန်ဖို့ မှာလိုက်တယ်၊ ဒီနေ့ အစိုးရအဖွဲ့ဝင်တွေနဲ့ အစည်းအဝေး ထိုင်ရမှာမို့ပါတဲ့'

မစန္ဒာလွင်စကားကို ပယ်မလာက နှုတ်ခမ်းထောင့်ကို ခပ် တွန့်တွန့်ထား၍ ပြုံးယောင်ယောင်နှင့်ဆို၏။

'အို... ကိစ္စမရှိပါဘူးကွယ်၊ လူကြီးတွေဆိုတာ သိပ်အလုပ် များတာ၊ ဒယ်ဒီရှိတုန်းကလဲ ဒီလိုပဲ'

ထို့နောက် အခြားဧည့်သည်များရောက်လာသဖြင့် စကားစ ပြတ်သွားသည်။ မစန္ဒာလွင်တို့သားအမိသည် ဧည့်သည်ခန်းတစ်နေရာ တွင် ထိုင်လိုက်ကြသည်။ သူတို့သားအမိရှေ့မှ စားပွဲပေါ်သို့ လိမ္မော်ရည် ပုလင်းနှင့် ရှာမီကိတ်မုန့်များရောက်လာလေသည်။

* * * * *

http://www.cherrythitsar.org

# [ ၄ ]

အသုဘပို့မည့်ဧည့်သည်များ လှုပ်ရှားလာကြသည်။ ငိုသံတွေ ထွက်ပေါ်လာသည်။ ဘတ်စ်ကားများ၊ ရုံးကားများ၊ ကိုယ်ပိုင်ကားများ၏ စက်နှိုးသံများ ထွက်ပေါ်လာသည်။

မစန္ဒာလွင်သည် ဖလော်ရာကို ဖက်၍ပြော၏…။

'စန္ဒာ့ကားနဲ့လိုက်နော်၊ မငိုပါနဲ့ ဖလော်ရာရယ်၊ ကိုယ့်စိတ်ကို ကိုယ်ဖြေမှပေါ့'

အသုဘယာဉ်သည် ရှေ့မှတရွေ့ရွေ့ထွက်ခွာသွား၏။ မစန္ဒာလွင်၏ကားသည် အသုဘယာဉ်နောက် တစ်ကားကျော်မှ လိုက်ပါလာ၏။ ကားပေါ်တွင် ဖလော်ရာ၊ စင်သီယာ၊ ပယ်မလာတို့ ညီအစ်မ သုံးယောက် ပါလာ၏။ ရှေ့ကားထဲတွင် စန္ဒာရာ၊ စန္ဒရာ၏အစ်ကိုနှင့် မိခင်တို့ ရှိကြ၏…။

ကားဘီးတို့သည် တလိမ့်လိမ့်ရွေ့နေ၏…။

http://www.cherrythitsar.org


မစန္ဒာလွင်၏ နောက်ဆုံးပေါ် မာစီဒီးကားသည် တငြိမ့်ငြိမ့် တရွေ့ရွေ့သွားနေ၏...။

ကားပေါ်တွင် တစ်ယောက်ကိုတစ်ယောက် စကားမပြောမိကြ။ သို့ရာတွင် စင်သီယာ၏ရင်ထဲတွင် မစန္ဒာလွင်ကို စကားတွေပြောနေကောင်း ပြောနေပေလိမ့်မည်။ သူ့မျက်လုံးက မစန္ဒာလွင့် ကိုယ်အနှံ့အပြားပေါ်တွင်...။

မစန္ဒာလွင်မျက်နှာသည် ဝင်းဝင်းပပ၊ ထည်ထည်ဝါဝါ၊ ဖလော်ရာက သူ့ကိုကြည့်နေသည်ကို သူသိသည်။ ပယ်မလာကလည်း သူ့ကိုကြည့်နေသည်ကို သူသိသည်။ သို့ရာတွင် သူ့အမူအရာသည် မသိကျိုးကျွံ...။

သုသာန်သို့ရောက်သောအခါ စင်သီယာတို့ ညီအစ်မသုံးယောက်သည် သူ့ကားပေါ်မှ ဆင်းလိုက်သည်။ သူတို့ဖခင် ဦးစိန်ရတီမှန်ကို သဂြိုဟ်မည့်နေရာသို့ သွားကြမည်ဖြစ်သည်။ မစန္ဒာလွင်တို့ သားအမိသည် ကားပေါ်တွင် ထိုင်လျက်ရှိကြသည်။ စင်သီယာသည် ခြေလှမ်းတစ်ဝက်၌ မစန္ဒာလွင်ကို စူးစူးစိုက်စိုက် ကြည့်သွားသည်။ သူက မမြင်ဟန်ဆောင်နေလိုက်သည်။

ထို့နောက် မစန္ဒာလွင်သည် ကားမောင်းသူကို ပြန်ရန်ပြောလိုက် သည်။

ကားသည် သုသာန်ထဲမှ ထွက်လာသည်...။

ပြည်လမ်းပေါ်သို့ ရောက်သောအခါမှ မစန္ဒာလွင်သည် အသက်ကိုဝအောင် ရှူလိုက်သည်။ သူ့မေမေ၏လက်ကို ဆုပ်ကိုင်လိုက်ရင်း...

http://www.cherrythitsar.org



'သုသာန်ထဲမှာ နှာခေါင်းမခံနိုင်အောင် နံလိုက်တာမေမေရယ်၊ ဒါပေမယ့် လက်ကိုင်ပဝါနဲ့ နှာခေါင်းပိတ်ထားရင် သမီးပုလဲလည်ဆွဲကို စင်သီယာတို့ ကောင်းကောင်းမြင်မှာမဟုတ်ဘူး၊ ဒီကောင်မတွေကို ခုလို လုပ်လိုက်ရတာ သမီးတော့ သိပ်ပျော်တာပဲ၊ စင်သီယာဆိုတာ လည်ဆွဲကြည့်လိုက်၊ လက်ကောက်ကြည့်လိုက်၊ လက်စွပ်ကြည့်လိုက်နဲ့ ဣန္ဒြေတောင် မဆောင်နိုင်တော့ဘူး၊ ဖြစ်နေလိုက်တာလေ၊ ဖလော်ရာက ပိုပြီး သဲသေးတယ်၊ ဟင်း... ဟင်း... အလကားကောင်မ၊ ပစ္စည်းဆို သိပ်မက်တဲ့ကောင်မ'

သူ့မေမေကလည်း အားရစွာဖြင့် ပြုံးသည်...။

'အိမ်ကျရင် သမီးဖေဖေကိုလဲ ဒီအကြောင်းပြန်ပြောပြဦးနော်'

မစန္ဒာလွင်သည် ကြည်နူးကျေနပ်စွာ ပြုံးလိုက်သည်။

■ *ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၈ ခုနှစ်၊ ဧပြီလ။*

# စာဆိုတော်ကြီး ဆရာငှက်ရိုးနှင့် ကိုယ်တွေ့ဝတ္ထုဆန်း

## [ ၁ ]

အိမ်း... ဘာကလိုလိုနဲ့ နတ်တော်လတောင် ရောက်တော့မှာပါကလား။ နတ်တော်လတွင် ဘာပန်းများပွင့်ကြသည်ဆိုပဲ။ ဖတ်စာအုပ်ထဲကစာတွေ ခေါင်းထဲမရှိတော့ပါဘူး။ ရှိနေတာက သားကျွေးမှု၊ မယား ကျွေးမှု၊ မဗိန်မ ကလေးဒါဇင်ဝက်မွေးပြီးချိန်ကျမှပဲ ကျုပ်ဆိုတဲ့ငှက်ရိုး ခများ လက္ခဏာရေးသုံးပါးကို သတိဆွဲမိပေတော့တယ်။ ငြီးစီစီဖြစ်လာ သည်ဆိုတော့ ဦးနှောက်က တယ်ပြီးမနုပျိုတော့ဘူး။ ကလောင်ထမ်းပြီး ပရိယေသန ဝမ်းကျောင်းလာတာ နှစ်အစိတ်ကျော်လာပြီ။ တစ်ခါလာ မိန်းမမျက်နှာ၊ တစ်ခါလာလည်း အမိမျက်နှာ၊ သင်းမျက်နှာ။ ပန်းကလေး လိုလန်းဆန်းနေရမယ့် ကျွန်ုပ်စာဆိုတော်ကြီးငှက်ရိုးမှာ နေထိကြာ ကြွေရိကာ သေမိမှာတောင်စိုးရပါရဲ့...။

http://www.cherrythitsar.org



အစကတော့ ကျုပ်ငှက်ရိုးက သူတစ်ပါးထက် ထူးအောင် နဖူးမှာချိတပ်ပြီး ရေးခဲ့ပေသပေါ့။ သဟာပေမယ့် ဘဇာကြောင့်ရယ် မသိဘူး။ လှေထိုးသားတွေ၊ ဖောင်သမားတွေဆီ မသွားချင်တော့ဘူး။ မသွားချင်လို့ဖြစ်ဖြစ်၊ ပသို့ဖြစ်ဖြစ် ဝတ္ထုဘုတ်အုပ်ရေးမှာကတော့ ရေးရမှာပဲ…။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

ရွှေဥဒေါင်းရဲ့ ရတနာပုံ သုံးတွဲကို ဗိန်မက ကုန်အောင်ဖတ်ပြီး မျက်ရည်ကျတယ်။ ခင်စိန်ကြည်ကို သနားလို့တဲ့၊ ကလေးကိုလည်း သနားလို့တဲ့။ အခါတွင်းမှာ ကျုပ်မိန်းမက ဝတ္ထုဘုတ်အုပ်တွေ ပြန်ဖတ်တဲ့ အလုပ်ပဲ လုပ်နေတယ်။ ပီမိုးနင်းရဲ့ ချစ်ပန်းနွယ်တို့၊ ဘာတို့ဖတ်တော့ တာပဲ။ ဒီဆရာတွေက ကျုပ်နဲ့ဆိုရင် အတော်စောစော ရေးခဲ့တဲ့ ဆရာ တွေ...။

ကျုပ်က တစ်မူထူးထူးခြားခြား ရေးချင်တယ်လေ...။

ဟုတ်ပြီ၊ ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုများလိုပဲ ကွန့်သထက်ကွန့်မှ၊ ကိုယ်တွေ့အချစ်ဝတ္ထုဆန်းဆိုတဲ့နာမည်ကို မျက်နှာဖုံးမှာ ဆယ့်ရှစ်ပွိုင့် ဂရိတ်စာလုံးနဲ့ ရိုက်ထည့်ပေးမယ်။ ပြီးတော့ ခေတ်ကာလသား၊ ကာလ သမီးကြိုက် ရွှတတလေးလည်း ထည့်မှ၊ ရှပိုးဆိုတာ ပြောတော့လွယ် တယ်၊ လက်တွေ့က စိတ်အိုက်စရာပဲ။ ဗိန်မက ဘာစကားညာစကား ကွိကျီကွိကျီ ပြောခဲ့ဖူးတာမဟုတ်ဘူး။ စိတ်ကူးသက်သက်နဲ့ဆို စာက နေလောင်ထားတဲ့ တာယာဖိနပ်လိုဖြစ်နေမှာ...။

http://www.cherrythitsar.org



ပြီးတော့ ကလောင်နာမည်။ ကျုပ်ရှေ့က ဆရာကြီးတွေလည်း အမျိုးသမီးနာမည်နဲ့ ရေးနေကြတာပဲ။ ခင်တုတ်တဲ့။ ခေမာရီနဲ့ ဘာနဲ့။ ကျုပ်မိန်းမက ညောင်ကညွတ်မှာ ချက်မြှုပ်တယ်။ အခါလည်သမီး လောက်စပြီး ဇာဂရုရွာမှာနေ။ အဲဒီကနေ မူလတန်းကျောင်းသူအရွယ် ကျတော့ ငမော့တော့ရွာကိုပြောင်း။ နောက်တစ်ခါ ဖွတ်တိုးကုန်းရွာမှာ ဟိုက်စကူးကျောင်းသူဘဝနဲ့နေ။ ကျုပ်နဲ့အိမ်ထောင်ကျတော့ သူ့မိဘတွေ က ပြက္ခရွေရွာကို ပြောင်းလာပြီးပြီ။ စိတ်ကူးတာက ဗိန်မရဲ့နာမည်ရှေ့မှာ ရတနာပုံ ဗိန်မ၊ ဗိန်မ(မန်း)… အဲသလို ကလောင်နာမည်ပေးပြီး ကျုပ်က ရေးရရင် ကောင်းမလား…။

ဒါမှမဟုတ် ခုတလော ဒဂုံတက္ကသိုလ်ကဏ္ဍထဲက နာမည် ထွက်စပြုတဲ့ တက်လူလေးတွေရဲ့ ကလောင်နာမည်မျိုး ကင်ပွန်းတပ်ရ မလားပေါ့။ နင့်လူ၊ ရှင့်မောင်၊ ဂျော်ဂျော်ဂျောင် ဆန်းဆန်းသစ်သစ် လေးတွေ။ သုတိသာယာလည်းရှိပ့ါ။ ဇော်စိုးဗျက်တဲ့။ အင်မတန် ဥရောပ ဆန်ပ့ါ။ ကွန်ဇာဗျိုင်းတဲ့။ ကချင်လိုလို၊ လီဆောကောင်မလေးလိုလို ဇောထန်မောညီဖြယ်တဲ့။ အင်မတန်လှပတဲ့ကလေးမ။ နာမည်ပြောတာ ပါ။ ဖူးတဲ့၊ ဂျက်တဲ့၊ ဂျေးတဲ့။ ဒီတော့ ငှက်ရိုးဆိုတဲ့ ကလောင်နာမည် တစ်ခေတ်ဆွေး ကလောင်နာမည်ဖြစ်နေပြီ။ ကျုပ်ဇာတိနာမည် ထည့် မလား စိတ်ကူးတယ်၊ အမေတို့က ထမင်းခြောက်ပုလဲပုတီးလုပ်တဲ့ရွာမှာ ကျုပ်ကိုမွေးခဲ့တာ။ ပုလဲပုတီးကုန်းငှက်ရိုးလို့ ရေးရရင် ကောင်းမလား၊ ထွေရာလေးပါးငါးပါး စဉ်းစားတွေးခေါ်ပြီး ငှက်ရိုးဆိုတာပဲ ကောင်းပါ တယ်လို့ ဆုံးဖြတ်ချက်တစ်ရပ် ချလိုက်ပါတော့တယ်…။

* * * * *

http://www.cherrythitsar.org

## [ ၃ ]

အချစ်။ စကားလုံး တစ်လုံးနှစ်လုံးမို့ပဲ တော်တော်ခက်လည်း ခက်တဲ့ဟာ။ ဒီအရွယ်ကြီးကျကာမှ ကျုပ်ရင်ခုန်သံမြန်ဖို့ ခက်နေတယ်။ ပြောင်သတ္တဝါ အပျိုမရဲ့အလှကို ခံစားလို့မရသလို ဗိန်မကို ကျုပ်မြင်နေတယ်။ နှင်းဆီပွင့်နဲ့လည်း တင်စားမရ၊ နတ်မိမယ်နဲ့လည်း ဥပမာပေးမရနဲ့။ မဂ္ဂဇင်းတွေ၊ သတင်းစာတွေထဲမှာလည်း စာရေးဆရာငှက်ရိုးရဲ့ ကိုယ်တွေ့အချစ်ဝတ္ထုဆန်း ထွက်တော့မည်။ ရှေ့လမျှော်ပါ။ နှစ်ကျပ်တန် ဝတ္ထုကြီး၊ စရိတ်ငြိမ်းပို့ပေးမည်လို့ ကြော်ငြာပြီးပြီ...။

ခုထိလည်း တစ်လုံးမှ မစရသေးဘူး...။

ဇာတ်လိုက်မင်းသားနဲ့ မင်းသမီးနာမည်တွေကို သာ စာရွက်ပေါ် မှာ ရေးချလို့ပြီးသေးတယ်၊ အစလေး ရေးကြည့်ပါတယ်...။

"ကွန်ဗင့်ကျောင်းသူ မေရီဘတုတ်သည် လေသာပြတင်းပေါက်မှ ငေးမျှော်ကာ 'ဩော်... လောက.. လောက... တွေ့ရပုံ

http://www.cherrythitsar.org



ဖူးစာကံက ဆန်းကြယ်လှပါကလားနော်'ဟု တစ်ကိုယ်တည်း ရေရွတ်ပြီး သကာလ အရှေ့ဥဒည်းမှ ထွက်ပေါ်လတ္တံ့သော ဒေါင်းယာဉ်ပျံကို ရှုလျက် ရှိလေသတည်း...။"

ရေးပြီးမှဖတ်၊ ဖတ်ပြီးတော့ မကြိုက်ဘူး။ ဒါနဲ့ ဂျစ်ဆိုခြစ်ပစ် လိုက်ရာ ခေတ်တုံးစ ပုံစံနည်း ဖြစ်နေပြီထင်တယ်။ သစ်မှ၊ ဆန်းမှ၊ ထွင်မှ၊ မဖြစ်သေးပါဘူး။ အချစ်စိတ်ရယ်လို့ အပ်ဖျားလောက်တောင် မရှိတော့တဲ့ ကျုပ်ငှက်ရိုးမှာက ကဗျာမဆန်တဲ့ အတွေးချည်းဝင်နေတယ်။ မင်းသမီးကို စိတ်ကူးနဲ့မြင်ကြည့်တယ်။ နိုင်ငံခြားမင်းသမီးရော၊ မြန်မာ မင်းသမီးရော စုံပြီ။ စိတ်ထဲကတော့ ငူတူတူပဲ။ တယ်လည်းခက်ပါ ကလား။ အနုပညာစိတ်များဟာ သိမ်မွေ့ပါပေ့၊ နူးညံ့ပါပေ့...။

'ဒီမယ်ငှက်ရိုး၊ စိတ်ကူးဆိုတာ တကယ့်ဥစ္စာမရှိဘဲ ဘယ်လာ အသက်ဝင်ပါ့မလဲ'

ကျုပ်တို့ ရေးဖော်ရေးဘက် စာရေးဆရာက ပြောပြတယ်။ အယ်ဒီတာက ဒါပေါ့တဲ့။ ကြယ်တံဆိပ် ဘီယာယစ်သံနဲ့ ထောက်ခံ တယ်။

'မင်းရေးမှာက အချစ်ဝတ္ထုဆန်း၊ မင်းမှာအချစ်ရှိလား'

စာရေးဆရာက နှုတ်ခမ်းမွေးသရင်း မေးသဗျ။ ကျုပ်က ခဏ နေပြီးမှ...

'မပြောတတ်တော့ဘူး'

'ငါ့လခွီးတာမှပဲ ငှက်ရိုးရာ'

စိတ်ပျက်သံနဲ့ အယ်ဒီတာက ဘဲခေါင်းကို တကြွပ်ကြွပ် ဝါးရင်း...

http://www.cherrythitsar.org



'ငှက်ရိုးပြောတာ ဟုတ်နိုင်တယ်၊ အချစ်ရှိဖို့ဆိုတာ ခင်ဗျားတို့ ကျုပ်တို့အရွယ်မှာ ဘယ်လာလွယ်ပါ့မလဲ၊ အထူးသဖြင့်ပေါ့ဗျာ၊ ရသမျှ တစ်ပြားမကျန် အပ်ရတယ်၊ ချက်ကျွေးတာ စားရတယ်၊ အချိန်မလင့်ခင် အိမ်ပြန်ရတယ်၊ တစ်ခါတလေ သောက်မိစားမိရင် ဗိန်မငြူစူသမျှ ငုံ့ခံ ရတယ်၊ ဗိန်မက နေ့တွက်နဲ့ပေးတာ သုံးရတယ်ဆိုတဲ့ ငှက်ရိုးရဲ့ယောကျ်ား အာဝေဏိကငါးပါးအရတော့ အချစ်မရှိနိုင်တာ သေချာတယ်ဗျ'

ကျုပ် တဟားဟား ရယ်တော့တာပဲ၊ ဟုတ်နေတာကိုး။

အယ်ဒီတာက...

'အချစ်ဆိုတာဟာ ဆားငန်ရည်ပဲ ငှက်ရိုး၊ သောက်လေ ငတ် မပြေ၊ တော်ပြီဆိုခဏ၊ ထန်းရေသမား အမူးပြေတော့ အပင်ဆီမော့ ကြည့်သလိုပေါ့၊ ဆားငန်ရည်ကို လက်ခုပ်နဲ့သောက်၊ ငြီးငွေ့ရင် ဖန်ခွက်၊ ပြီးတော့ အုန်းမှုတ်ခွက်၊ နောက် ဝါးကျည်တောက်၊ ဒါပဲ စဉ်းစားကြည့်'

ဟုတ်သလိုလိုတော့ ရှိသားပဲ။ ကျုပ်ရေးခဲ့တဲ့ အချစ်ဝတ္ထုတွေ ပြန်စဉ်းစားကြည့်တယ်။ ဗိန်မက ထမင်းစားဖို့ခေါ်ရင် ကိုငှက်ရိုး ထမင်း စားမယ်တဲ့။ မဂ္ဂဇင်းထဲက မင်္ဂင်ဒီပနီ ဖတ်နေတုန်းမို့ပါဟလို့ ကျုပ်က ပြောတယ်။ ဗိန်မက မျက်စောင်းခဲ၊ အံခဲပြီး 'တော်ပါ၊ ရေကူးဝတ်စုံနဲ့ အင်္ဂလိပ်မပုံတွေ ကြည့်နေပြီးတော့များ၊ လာမစားရင် ရှင့်ဘာသာရှင် နူးခပ်စားတော့တဲ့၊ အဲဒီလိုစကားပြောတွေကို ကျုပ်က အသွင်ပြောင်း ခဲ့ရတာ။ ဒါလင်ရေ၊ ဒင်နာပြင်ပြီးပြီလေလို့ မင်းသားကိုပြော၊ မင်းဓာတ်ပုံ လေး ကြည့်နေတုန်းမို့ပါကွယ်လို့ မင်းသမီးကိုဖြေ၊ လာပါ ဒါလင်ရယ် ဒါလင်နဲ့ လက်ဆုံမစားရရင် ခင်စားမရဘူး၊ ခင့်ဓာတ်ပုံကြည့်မယ့်အစား ခင့်မျက်နှာကြည့်ပြီး စားပေါ့နော်လို့ မင်းသမီးက မင်းသားလက်ကို ဆွဲခေါ်ပြီးပြော၊ ထပ်သရီး၊ အပြင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း...။

http://www.cherrythitsar.org



'ရွှေအတုံးအခဲကို နားတောင်း၊ လက်ကောက်၊ ဆွဲကြိုး လုပ်သလိုပေါ့'

စာရေးဆရာက ဖြန့်ဒီ အဆီပြန်တဲ့မျက်နှာနှင့် မှတ်ချက်နှိုင်းတယ်၊ ဟုတ်ပါလေ့ဗျာလို့ ကျုပ် ထောက်ခံမိတယ်၊ ကုန်ကြမ်းယူကုန်ချောပေးတဲ့၊ ကြားဖူးတယ်မဟုတ်လား ငှက်ရိုးတဲ့၊ အယ်ဒီတာစကား မှန်လိုက်လေဗျာ၊ ဒါပေမယ့်...

'ဒါပေမယ့်လို့ ဒီလိုရှိတယ်လေ ဆရာတို့ရဲ့၊ ကျွန်တော့်ရင်ထဲမှာချစ်တတ်တဲ့ အသည်းနှလုံးရှိပါတော့မလား၊ ကျွဲပခုံး အသားမာတက်နေပြီပဲ'

အယ်ဒီတာက တဟားဟားရယ်ရော၊ ဖြစ်ရလေတဲ့ဗျာ။ ဘီယာ နောက်တစ်ပုလင်းငှဲ့ရင်း...

'နားကင်းနဲ့ သိကြားမင်းမှာတောင် အချစ်ဆိုတာ ပေးမကုန်ယူမခန်း ငှက်ရိုးရဲ့' တဲ့...။

စာရေးဆရာက ပလေယာစီးကရက် သံဘူးဖွင့်ပြီး...

'တောဟောင်းထဲက မပြောင်းဘဲနဲ့ သားကောင်မရတာ ညည်းသလိုပါပဲလား' တဲ့...၊ မာန်ပြန်ရော။

အယ်ဒီတာက စီးကရက်မီးညှိရင်း ပြုံးတယ်။ ပြီးမှ...

'အရင်းမရှိ အချည်းနှီး'တဲ့...။

ဟုတ်ပ၊ ကိုင်း ရေးလည်းရေးမှ...။

ငါဟဲ့ ငှက်ရိုး။ အချစ်ဝတ္ထုဆန်းအတွက် အရင်းအနှီးနဲ့ ကိုယ်တွေ့ရှာဖွေရတာပ...။

* * * * *

# [ ၄ ]

'ညီမလေးနာမည်က ဒေစီတဲ့လားကွယ်'

ကျုပ်အသံက ပကတိညြသြ။ ဒါပေမယ့် ကရုဏာသံဖြစ်ဖို့ ကျုပ်က နှာခေါင်းသံနဲ့ ညက်ညက်လေး မေးရတာပေါ့။ ခမျာလေး ခမျာမှာ မျက်တောင်လေး တဖျပ်ဖျပ်ခတ်ပြီး...

'ဟုတ်ပါတယ် ကိုကို'

အံ့မယ်လေး... ချိုလိုက်တဲ့ အသံလေး။

'ညာမျှားပြောတာလား ညီမရယ်... ဟင်'

ဟင်... ဆိုတာကို ရင်ခေါင်းသံနဲ့သာ ဟင်လိုက်ရရင် ဒေစီ လန့်မယ်။ မီးနေခန်းထဲ နွားဝင်တယ်ဆိုတဲ့ ဓာတ်ပြားထဲကလို ဖြစ်သွားမယ်လေ။ ဒီတော့ အသံလေးဖျော့ပြီး ဟင်မေး မေးရတာပေါ့။

ဒေစီက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် ထပ်လုပ်ပြီး...

'ကိုကို့ ကိုလား၊ ညီမလေးက ညာရက်မှာလား'

http://www.cherrythitsar.org



ဩော်… သာယာပါပေ့။ ချိုမြိန်ပါပေ့။ အင်မတန်လှတဲ့ ကလေးမလေး။ ဖြူဖြူချောချော၊ မပိန်မဝ၊ အင်မတန်မှလည်း လူမှုရေး သိတတ်ပါရဲ့။ ကျုပ်ကို သူတွေ့ပြီဆိုရင် ပျာယာခတ်နေတာပဲ။ ကိုကို ဘာစားမလဲ၊ ကိုကို့မျက်နှာညှိုးလို့ပါလား၊ ကိုကို့လက်ဖဝါးတွေ အေးစက်နေပါလား၊ နေမကောင်းဘူးလားဟင်တဲ့…။

ဒူလာပါဒရက်က ကျုပ်မှာ စချင်ပြီလေ။ ခြေဖဝါးအေး၊ လက်ဖဝါးအေး။ ဒူးကိုက်ချင်သလိုလို၊ ဆီးပူချင်သလိုလို၊ ဇက်ကြောတွေကလည်း တက်တယ်လေ။ ဒါပေမယ့် ဘဲကင်စားရအောင်၊ မှိုနဲ့ မျှစ်ကြော်စားရအောင်လို့ ကျုပ်ကပြော၊ နည်းနည်းစား။ သူက ငွေထုတ်ပေးမယ်ကြံရင် ကျုပ်က လက်ကိုဆွဲပြီးဟန့်။ ခမျာ သနားစရာ၊ လစာလေးက ဘာရတာမှတ်လို့၊ နွမ်းလည်း နွမ်းရှာတယ်၊ စိတ်ကောင်းနှလုံးကောင်းကတော့ တော်လေးဝနီးပါးပါ။

'ကိုကို အိမ်ကို ခဏခဏ မလာပါနဲ့လားရှင်'

'အလို ဘာကြောင့်'

'ညီမလေးက အကြောင်းထူးမဟုတ်ဘူး ကိုကိုရဲ့၊ ကိုကိုက ဂုဏ်နဲ့၊ ဒြပ်နဲ့ သိက္ခာနဲ့ဆိုတော့ အားနာတယ်'

အိုခနဲ မြည်တဲ့အထိ ကျုပ်အံ့သြရပါရဲ့။ ကျုပ်ကို ငဲ့ညှာလိုက်ပုံများ။ ဒီမိန်းကလေးထက် အညှာတာ၊ အကြင်နာ၊ အမြော်အမြင်ရှိတဲ့သူ ကမ္ဘာမှာမရှိနိုင်တော့ဘူး။ အထူးသဖြင့်ကတော့ အိမ်ကဗိန်မနှင့် မကွာပေဘူးလား။ ကြည့်၊ ယှဉ်ကြည့်၊ နှိုင်းကြည့်…။

အဟောဝတ၊ ချမ်းသာစွ၊ သုခံ၊ ဟုတ်ပေစွ…။

* * * * *

## [ ၅ ]

ရှင်က ဘယ်နှစ်ရက်ရှိပြီလဲ အိမ်ပြန်မလာတာ၊ ဘာအချိုးချိုးတာလဲလို့ လန်ခြားပေါ်က ကျုပ်ဆင်းလာလာချင်း ဘုမေးမေးတယ်။ ဂင်ဇာဟိုတယ်က ဝယ်လာတဲ့ ခေါက်ဆွဲထုပ်တွေကို ကျုပ်က သမီးအလတ်ကို လှမ်းပေးရင်း...

'ပုံနှိပ်တိုက်မှာ စာရေးနေတာပေါ့ဟ၊ စာအုပ်ကုမ္ပဏီက ထွက်ချင်လှပြီတဲ့၊ ကိုယ်စားလှယ်စာအုပ်ဆိုင်တွေက တမေးတည်းမေးနေတော့ ငါဖိရေးနေရတာ'

ဗိန်မက တစ်သက်လုံး မညာဖူးတဲ့ကျုပ်ကို ယုံသွားပုံရပါတယ်။ အိတ်ထဲက ငွေငါးဆယ်လှမ်းပေးတော့ ဒါပဲလားတဲ့။ လုံးချင်းတစ်အုပ်အတွက် ကျုပ်က လေးရာ့ငါးဆယ်ရတယ်။ တစ်ပြားမကျန် မိုက်မိုက်မဲမဲ အပ်ဖူးတဲ့ ကျုပ်ရဲ့မကောင်းတဲ့အကျင့်ကြောင့် ခက်နေတယ်။

'အေး... ကုမ္ပဏီက ဘိုင်စကုပ်ထဲ ငွေသွန်ထည့်နေရလို့

http://www.cherrythitsar.org



ဖွဲ့ပေးပါရစေတဲ့၊ သနားပါတယ်ကွာ၊ ဒီတစ်အုပ်ပါ၊ နောက်ဟာတွေဆို တစ်လုံးတစ်ခဲ ပေးပါ့မယ်လို့ တောင်းပန်လို့’

ကျုပ်ဖြီးတာ ယုံသွားဟန်တူတယ်။တကယ်တော့ ဒီငါးဆယ်က သူရိယမဂ္ဂဇင်း၊ ဟံသာဝတီမဂ္ဂဇင်း၊ မဂ္ဂဇင်း ပေါက်စန၊ ဝတ္ထုမဂ္ဂဇင်း၊ ဘာမဂ္ဂဇင်းတွေမှာ တောက်တိုမည်ရ ရေးလို့ရတဲ့ စာမူခ။ လုံးချင်း ဥာဏ်ပူဇော်ခကတော့ တစ်ဝက်သာသာ ချောသွားပြီ။

‘ရွှေဒင်္ဂါးအပြားနှစ်ဆယ်ဝယ်မလို့ ကျုပ်က စိတ်ကူးထားတာ ခုပုံ ခေါင်းကွဲရင်ခက်ပြီ’ တဲ့...။

ဗိန်မက ညည်းတယ်။ ပိုတာကျတော့ အထည်သုံးလေးငါးအုပ် ပိုတင်မလား တွက်ထားတာလို့ ဆက်ပြောတယ်...။

ကျုပ်ကတော့...

‘နောက်အုပ်ကျမှ ဝယ်ပေါ့ကွာ၊ ငါ လေးငါးရက်စာ ရေးပေးစရာ ကျန်သေးတယ်၊ ပြီးရင် ဆက်ရေးမယ်၊ ကုမ္ပဏီမှာသွားပြီးရေးရတာ ဥာဏ်လဲရှင်၊ ရေးလဲရေးဖြစ်တယ်၊ နောက်ရေးမယ့်ဝတ္ထုက ရာဇဝင်ဝတ္ထု ဆိုတော့ ဘားနဒ်ပိဋကတ်တိုက်ကို နှစ်ပတ်သုံးပတ် သွားဖတ်ရဦးမှာ’

ရှင်တော်တော် ကြိုးစားနေတာပဲ။ အညောင်းလည်း မိမယ်နော် တဲ့။

တစ်သက်လုံး ဒီတစ်ခါပဲ ကြားဖူးတဲ့စကား...။

* * * * *

http://www.cherrythitsar.org

# [ ၆ ]

ဒေစီ့ကို ဒီအတိုင်း လက်ပိုက်ကြည့်မနေရက်တော့ဘူး။ ဝံသာနု ရက္ခိတဆိုတဲ့ တရားအတိုင်း ကျုပ်စောင့်ရှောက် စောင်မကြည့်ရှုမှ ဖြစ်မယ်။ ဒါနှင့် မျက်နှာချေ၊ ဆံညှပ်၊ ဖဲကြိုးကနေ ကုန်ခြောက်ပါ တင်တဲ့ဆိုင်မှာ ကူညီပေးလိုက်တယ်...။

အိုလေ... ခမျာမှာ ကျေးဇူးတွေတင်လို့ ကိုကို့ကို ဒီဘဝ မမေ့ပါဘူးတဲ့။ အိမ်လေးဘာလေးပါ ပြင်ပေး။ အဝတ်အစားလည်း လိုတော့ ရိုးကုမ္ပဏီကိုသွား။ ဗိုလ်ချုပ်ဈေးသွား။ နို့မဟုတ်ရင် ဒေစီ မျက်နှာငယ်မယ်။ ကျုပ်နဲ့ ဟိုတယ်အတူသွား။ ဘိုင်စကုပ် အတူကြည့်။ ဘိုးစိန်ပွဲကြည့်တဲ့အခါ ထည်လဲဖြစ်မှ သင့်မယ်လေ...။

သူက ဘာမှမတောင်းရှာပါဘူး၊ အင်မတန်မှ အားနာတာ။ တစ်ကိုက်ကို သုံးမတ်နဲ့နှစ်ပြားကြီးတောင်ကျတဲ့ စိန်ကတ္တီပါဆိုရင် ကိုင်သာကြည့်၊ သဘောကျတာ မပူဆာဘူး။ ဘယ်နှစ်ဝတ်စာ ဖြတ်မလဲ၊ ဖြတ်လေ ဆို့တီလို့ ကျုပ်ကပြောတော့ ခေါင်းလေးခါရှာတယ်...။

http://www.cherrythitsar.org



ဟင်း… ကိုကိုကလည်း အတင်းကို ဝယ်ပေးနေတော့တာပဲ။ ညီမလေး စိတ်ညစ်လာပြီတဲ့။ ဝက်သားအချိန် အစိတ်သုံးဆယ်ဖိုးလောက် ကုန်မှာတဲ့။ ဇွတ်ဝယ်ပေးတော့ လေးထည်ပဲလက်ခံရှာတယ်…။

ကျုပ် တစ်ခါတလေ သူ့အိမ်ရောက်သွားတဲ့အခါ ထမင်း အတင်းခူး။ ချက်ချင်း ဈေးသွားချက်။ ဟင်းသုံးလေးမျိုး။ ဒီအထဲက ငါးသေတ္တာဘူး၊ အသားဘူး၊ ကြက်ဥပါ မကျက်တကျက်ကြော်၊ ကိုကို စားနော်၊ ကိုကိုပင်ပန်းတယ်၊ ပိန်တယ်၊ အားရှိအောင် ခုထက်ဝလာအောင် စားနော်၊ ကုန်အောင်မစားရင် ညီမလေး ငိုပစ်မှာပဲ ဒါလင်တဲ့၊ စိတ် ကောင်းကလည်း အဲသလိုရှိတာ…။

နေကုန်နေတဲ့နေ့ဆို ညစာအတင်းကျွေးပြီးမှ ပြန်လွှတ်တယ်။ ကျုပ်ပြန်တဲ့အချိန်က သက်ကြီးခေါင်းချချိန်။ လန်ခြားကူစောင့်ပေးတယ်။ လန်ခြားပေါ်ရောက်လို့ လက်ပြနှုတ်ဆက်ပြီးမှ ဒေဝီပြန်ရှာတယ်။ မပြန် စေချင်တဲ့အကြည့်ရွဲရွဲကလေး အသည်းနှလုံးထဲမှာ စွဲမိပါရဲ့…။

ဩော်… အချစ် အချစ်။ စာရေးဆရာနဲ့ အယ်ဒီတာသူငယ်ချင်း နှစ်ယောက်ရဲ့ စကားမှန်ပါပေ့။ ပညာဥာဏ်နဲ့ ပြည့်စုံကြပါဘိ…။

အစက လောကကြီးသုံးပါးမှာ ပျော်စရာနတ္ထိ။ အသူရကာယ် ဘုံမှာ ဗိန်မနဲ့နေရသလိုဖြစ်နေတော့ ကျုပ်ငှက်ရိုးဘဝဟာ သဲကန္တာရ၊ ဆဟာရ သဲကန္တာရ၊ ခုကျတော့ သဲကန္တာရကြီးထဲမှာ အာသာဝတီ နွယ်နီနတ်ပန်းပင်လာလို့ ပွင့်ရှာပေတယ်…။

* * * * *

http://www.cherrythitsar.org

# [ ၇ ]

'သူငယ်ချင်းတို့စကားက ဟုတ်မှန်ပါပေ့ဗျာ'

ရေးဖော်စာရေးဆရာက ခေါင်းကိုမနည်းထောင်ပြီးတော့မှ အဟတ်ဟတ်တဲ့။ လောကအကြောင်း ခုမှသိတဲ့ အထူ၊ အနံ့ကြီးနံ့ခဲ့ရ သလားဆိုတဲ့ လှောင်ရယ် ရယ်သံ။ အဟီးဟီးလို့ ကျုပ်က ဝန်ခံသံနဲ့ ပြန်ရယ်လိုက်တယ်။ အယ်ဒီတာမင်းက အဟင်းဟင်းတဲ့။ ငါတို့ပြောတာ မင်းအခုမှ ကိုယ်တွေ့သိရပြီ မဟုတ်လားဆိုတဲ့ ရယ်သံလေ...။

'ဒေစီက တော်တော်လှတဲ့ကောင်မလေးပဲ ငှက်ရိုးရဲ့'

စာရေးဆရာက ချီးကျူးတယ်။ ကျုပ်က အင်းလို့ပဲ ပြောလိုက်တယ်။ ထီးရိုးရှည်ရှည်ပြဲရာကျမှာမို့ တိတ်တိတ်နေလိုက်ရတယ်...။

'ဖောင်က တော်တော်လာတာပဲ'

အယ်ဒီတာက ချီးကျူးပေမယ့် ကျုပ်တစ်မျိုးဖြစ်သွားတယ်။ သူတို့မျက်လုံးကြီးတွေရဲ့ တိုက်စားတဲ့ဒဏ်ကို နမြောဝန်တိုသွားတယ်...။

http://www.cherrythitsar.org



'သမီးရည်းစားမကတဲ့အချစ်ကို စာဖွဲ့တော့မလား ငှက်ရိုး'

ကျုပ် ခေါင်းညိတ်ပြီး ဘီယာတစ်ကျိုက် သောက်လိုက်တယ်။ ပြီးမှ...

'အချစ်စစ် အချစ်မှန်ကို ကျုပ်တွေ့ပြီ'

နှစ်ယောက်စလုံးက လက်ခုပ်တီးတယ်။ မူးနေကြလို့ လက်ခုပ် သံက ဗျတ်ဗျတ်ပဲ မြည်တယ်...။

'ဒေစီက အသက်ဘယ်လောက်လဲ ဆရာငှက်ရိုး'

စာရေးဆရာက မေးတယ်...။

'ခုလာမယ့် တန်ခူးကျမှ နှစ်ဆယ့်နှစ်နှစ်ပြည့်မယ်'

'ဒွေးချိုးလေးတိုး ခမောင်ရင်က လေးဆယ့်ရှစ်၊ ထက်ဝက်ချိုး နှစ်ဆယ့်လေး၊ လေးတိုး နှစ်ဆယ့်ရှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်ငယ်လဲ ကိစ္စမရှိပါဘူး'

စာရေးဆရာတွေက တွက်ပြီး ရယ်တယ်။

'လေးဆယ့်ရှစ်ဆိုတော့ ငါးဆယ်တွင်းပဲ' တဲ့...

အယ်ဒီတာက သံဝေဂသံတွေနဲ့ပြောတော့ ကျုပ်က ကျောတွန့် သွားပြီး...

'ဟာဗျာ၊ ဘဝဟာ အသက်မဟုတ်ဘူးဗျ၊ ငါးဆယ်ဆိုတာ ဘာရှိသေးတာမှတ်လို့၊ ကျုပ်အဘွားဆို တစ်ရာ့သုံးနှစ်အထိ နေသွားတာ၊ သွားမကျိုးဘူး'

ဒေစီတို့ တစ်အိမ်သားလုံးကို ဘုရားဖူးဖို့စီစဉ်ရင်း ကျုပ် တွေးပျော်နေတယ်။ ပဲခူးဘုရားစုံ ဖူးမယ်။ ညကျတော့ ဘုရားပွဲမှာ ဇာတ်ကြည့်ကြမယ်။ သုံးရက်နေမယ်။ နေစရာ၊ ထိုင်စရာ၊ တည်းစရာ တွေ ကျုပ် ပျာယာခတ်ပြီး စီစဉ်။ တယ်လဲ ပျော်စရာကောင်းတဲ့

http://www.cherrythitsar.org



လူ့ဘုံပဲ။ ပဲခူးဘုရားစုံ ဖူးကြ၊ စားကြ၊ သောက်ကြ၊ ပွဲကြည့်ကြ၊ အဲဒီမှာ ကိုကို ဖြန်ဒီလေးဘာလေး သောက်ချင်သောက်လေ။ ဒါလင် မဆူပါဘူး။ ကိုကို ပင်ပန်းလွန်းလို့ပါတဲ့။ လိမ္မာပုံ၊ လိမ္မာပုံ...။

ကျုပ်က ဗိန်မဆီမှာ အကျယ်ချုပ်ခံနေရသလို နေခဲ့ရတာ။ ထန်းရေချို တစ်မြူသောက်မိရင် ခြေဆောင့်ရော။ ကာလသား ထင်နေ သလား မသိဘူး။ အသက်မှမထောက်၊ ဘုရားတရားဖက်ရမယ့်အရွယ်ကို မသိယောင်ဆောင်နေတယ်၊ ဘာတယ်နဲ့ သောင်းကျန်းရော။ ထမင်းစား ကောင်းအောင် ထန်းလျက်ဦးရည်ကို အကြမ်းပန်းကန်နဲ့ တစ်ဝက်ထည့် သောက်ရင် ဟဲ့... နင်တို့အဖေကို ထမင်းခူးပေးလိုက်ကြ၊ ငါအနံ့ခံရင် ခေါင်းကိုက်တယ် တဲ့...။

ကွာပ့်၊ ကွာပ့်၊ ဒေစီက နားလည်တယ်လေ။ ကျုပ်က ရီတီတီ ဖြစ်လာတော့...

'ကိုကို့'

မူးသံလေးနဲ့ခေါ်တာ ပိုလို့ ချိုမွှေးသေးရဲ့...။

'ဗျာဗျ'

'ဒါလင့်ကို တကယ်ချစ်လားဟင်'

'ရင်ခွဲပြီး အသည်းကို မီးကင်ပြရပါတယ် ဒေစီလေးရယ်...'

နီတျာတျာမျက်နှာပေါ်မှာ မျက်နှာချေတွေက အသားအရောင် ပါပဲ။ ပြင်သစ်ရေမွှေးလေးက နှာခေါင်းဝမှာ ဝဲနေတယ်။ ပွဲကို သူနဲ့ကျုပ် နှစ်ယောက်ပဲ မလိုက်သွားဘူး။ တစ်အိမ်လုံးမှာ ဒေစီနဲ့ကျုပ်ပဲ ရှိကြတယ်။ အောက်လင်းမီးအရောင်က ဒေစီ့ကိုယ်ပေါ်မှာ လရောင်လိုကျနေတယ်။ လှပပေါ့ဗျာ...။

http://www.cherrythitsar.org



သင်ဖြူးဖျာပေါ်မှာ ကျုံ့ကျုံ့လေးထိုင်နေရာက တိုင်ကိုမှီပြီး…

'ကိုကိုရေ'

'ဗျေ…'

အဟင့်ဟင့်… ဗျေတဲ့'

'ကိုကိုဆိုဗျာ၊ ကိုကိုရေဆိုတာ ဗျာမဟုတ်တော့ဘူး၊ ဗျေပေါ့'

'ဒါဆို'

ဆို… ဆိုတဲ့ အသံကလေးကဗျာ သာပါ့။ ခတ်စက်ထဲက စန္ဒရားသံ၊ ဟွန်းတယောဆွဲသံထက် အဆတစ်ရာမကပါပဲ။ မျက်နက်လေးထောင့်ကပ် ကျုပ်ကို ကြည့်နေတယ်။ ဒေဝစ္စရာပါပဲ။ ကြည့်ရင်း ခိခိတဲ့။ ခေါမလ နတ်သမီး ဝေနဒေဝီရဲ့ ရယ်သံတောင် သူ့ကိုမမီမှာ သေချာတယ်…။

'ဒါဆို၊ ကိုကိုရာ…'

'ဗျာ'

'ကိုကိုရ'

'ဗျ…'

'ကိုကိုရယ်'

'ဗျယ်…'

'ကိုကို့'

'ဗျို့…'

'ကိုကိုရဲ့'

'ဗျယ့်…'

ကျုပ်တော်တော်လေး ထွေပေမယ့် ခုပြောနေတုန်းတော့ ပြောနေတုန်းပဲ။ အသံခဏစဲတာနဲ့ ကိုယ် ကလက်တက်တက် ပြောနေ၊

http://www.cherrythitsar.org



ဆိုနေတာတွေကို ဘေးဘီက ကြားမှာစိုးတာမျိုး၊ ရင်ထဲဖြစ်လာတယ်။ ပြီးတော့ တစ်နေရာတည်း ထိုင်နေတာကြာလို့ ခါးရိုးထဲက အောင့်သလို၊ ကိုက်သလို ဒူလာသဏ္ဍာ်တ ပြလာတယ်...။

'ဘာတွေ တွေးနေတာလဲ ကိုကို'

ငိုင်တွေတွေ ဖြစ်သွားတာကြောင့် ဒေစီမေးတယ်...။

'ဘာမှ မတွေးပါဖူးကွယ်'

'သိပါဖူး၊ အိမ်ကိုလွမ်းနေလားလို့'

'မဟုတ်ပါဘူး အသက်လေးရယ်၊ ခုလို အတူနေရတဲ့အချိန်တွေ ကုန်သွားမှာစိုးလို့ ညနတ်သမီးရေ မြန်မြန်မသွားပါနဲ့လို့ တိုင်တည်နေတာ'

သူကျေနပ်သွားတယ်။ လှလှပပ ပြုံးပြီး...

'ဒေစီကပိုပြီး လွမ်းတတ်အောင် ချစ်တတ်တာပါ ကိုကိုရယ်'

သက်ပြင်းလေးချပြီး ပြောရှာတယ်။ ဆောင်းတွင်းကြီး မိုးရွာချရင် တစ်အိမ်လုံးရွဲပြီ။ အိုင်ယာလန်ထီတောင် ထိုးမလို့၊ ထီပေါက်ရင် အိမ်ကို သွပ်မိုးမလို့လို့ ဝမ်းပန်းတနည်းပြောတယ်။ အမယ်လေး... အသက်ကလေးရယ်၊ ဒါများ ထီထိုးစရာလား၊ ကိုကိုငှက်ရိုး မိုးပေးပါ့မယ်၊ စိတ်အေးတော့လို့ ပြောပြီး သူ့ကျောလေးကို သပ်ပေးနေမိတယ်...။

* * * * *

## [ ၈ ]

ရက်စက်ပါပေ့ အသက်ဖူးလေး ညီမလေးဒေစီ ဒါလင်ရယ်လို့ ကျုပ်မူးသံနှင့် ညည်းမိတယ်...။

အိမ်ကို သွပ်မိုးပေးပြီး လေးငါးခါ ဆုံခွင့်ရခဲ့သေးတယ်။ ဂရင်းဟိုတယ်မှာတစ်ခါ၊ စီနီရာမာဘိုင်စကုတ်ရုံမှာ တစ်ခါ။ စိတ်တော့ထင့်သား၊ တွေတွေမှိုင်းမှိုင်း။ နှုတ်ရှင်နှုတ်သွက်သူကလေးက အတတ။ ကျုပ်နှင့် အတူနေချင်လို့ မရှင်ပျတာပဲလို့ ထင်ခဲ့တာ...။

ခုကျတော့...။

တောက်...။

အာခေါင်ပွန်းလု၊ လျှာပြတ်လု တောက်ခနဲခေါက်မိတယ်...။

သုံးလေးလခရီးတာမှာ သံယောဇဉ် ရစ်ပတ်နှောင်ဖွဲ့ခဲ့တာတွေကိုမှ သင်းမထောက်မညှာ။ မရွှေဒေစီ အပလီမ။ လင်နောက် လိုက်ပြေးပြီတဲ့။ သူညီမလေးက ပြောတာမယုံလို့ စုံစမ်းတော့ ဟုတ်တယ်တဲ့။

http://www.cherrythitsar.org



ကျုပ်ဗျာ နှလုံးသားတစ်ခုလုံးကို လမ်းကြိတ်စက် အနင်းခံလိုက်သလား ခံစားရတယ်။ ကြိမ်မီးအုံးတဲ့ နှလုံးဆီကို စာရေးပုံက...

*ဦးငှက်ရိုးရှင့်...*

မဖြစ်နိုင်တာတွေကို စိတ်ကူးမရှုးပါနှင့်၊ ဆက်နှောင့်ယှက်ရင် ကျွန်မတို့လင်မယား ဂါတ်တိုင်မယ်...။

*(ပုံ) မောင်ဗာလ၊ မဒေဝီ။*

အယ်ဒီတာမင်းနှင့်စာရေးဆရာက နှစ်သိမ့်ကြပေမယ့်လည်း ကျုပ်မပြေဘူး။ နေမထိထိုင်မသာ ခွေရိယိုင်ကာ ဖြေမချိမ့်နိုင်စွာနှင့် သေအထိ မပြိုင်သာအောင် ရှုံးရတော့တဲ့ အချစ်ပဲပါပဲဗျာလို့ ကျုပ်ပြောဆို မိတယ်...။

'ငှက်ရိုး'

စားပွဲကို နဖူးထိထားတဲ့သူငယ်ချင်း အယ်ဒီတာက ခေါ်တယ်။

'ပြောပါဗျာ'

ခေါင်းတော့ မထူချင်တော့ဘူး။ အချစ်မူးတာရော၊ ပြန်ဒီမူးတာ ရော၊ ခေါင်းထဲမှာ စုံစီနဖာ ဖြစ်နေတယ်...။

'အဲဒါ အချစ်မဟုတ်သေးဘူး'

'အံမယ်လေး... အယ်ဒီတာမင်းရယ်၊ ဒီလောက်တောင် ရင်နှစ်ခြမ်းပြန်းခနဲ ကွဲလုမတတ်ဖြစ်နေတာကိုတောင် အချစ်မဟုတ်သေး ဘူးတဲ့၊ ဟုတ်များဟုတ်ရင် ယမမင်းဒယ်အိုးထဲ အလျှော်ခံဖို့ပဲ ကျန်တော့ တယ်'

ဟုတ်တယ်ငှက်ရိုး၊ အခုဥစ္စာ အချစ်မဟုတ်ဘူး။ အကြိုက်၊ အင်္ဂလိပ်လိုဆိုရရင် လိုက်၊ တပ်မက်စွဲလမ်းတာ၊ အချစ်ဆိုတာထပ်ရှာ။ ဒေဝီအကြောင်းကတော့ မင်းသိမှာပါ။ သူ့အဖို့ကတော့ ဘာထူးမှာလဲ။

http://www.cherrythitsar.org



ဒီမယ် စိတ်ချရအောင်တော့ မစ္စတာအကောင်းဆေးတိုက်ကို သွားပြဦး တဲ့…။

ကျုပ်ခေါင်းကို ဆတ်ခနဲမော့ပြီး…

'ဗျာ… ဘာဖြစ်လို့ပြရမှာလဲ'

စာရေးဆရာက ဆက်ပြောပေမယ့် မျက်နှာရှု့တယ်။ နဖူးကို လက်ဖဝါးနဲ့ ဖြန်းခနဲရိုက်ပြီး…

'မင်းကွာ၊ ဒီလောက်ထုံရသလား၊ နတ်သမီးလူထွက်ဆိုတော့ စိတ်မချရလို့ ပြောတာပေါ့ဟ'

အံမယ်လေး ဘုရား… ဘုရား ကယ်တော်မူပါ။ ဒါကြောင့် ထင်ပါရဲ့ အင်း…။

တစ်လအတွင်း ကော်ပီပြီးအောင်ရေးပြီး ကုမ္ပဏီက ပြန်အလာ မှာ အယ်ဒီတာဆီဝင်တော့…

'တမြန်နေ့က မောင့်ရင်ကိုယ်တွေ့ အချစ်ဝတ္ထုဆန်းကို ဖတ် ပြီးပြီ၊ ကလောင်စွမ်းက ထက်ပ့ါဗျာ၊ အသက်ကို ဝင်နေတာပဲ'

လက်ဆွဲနှုတ်ဆက်တယ်။ ချီးကျူးကြပါတယ်။ စာတွေလည်း လာပေါ့…။

'ဒီဝတ္ထုရေးဖြစ်တာ အမြတ်ပဲ'

သူငယ်ချင်းအယ်ဒီတာမင်းကို ဘာမှမပြောတော့ပါဘူး။ အမြတ်တဲ့… ထွီ။ စိန်ကတ္တီပါဖိုး၊ ကတ္တီပါဖိနပ်၊ ဖဲထဘီ၊ ပဒုမ္မာ ပိတ်အုပ်၊ ပုသိမ်ထီး၊ အိမ်တော်ရာဖိနပ်၊ ချိတ်ထဘီ၊ ခေါက်ဆွဲဖိုး၊ ဘိုင်စကုတ်ဖိုး၊ မော်တော်ကားစင်းလုံးငှားခ၊ ရထားလုံးငှားခ၊ လန်ခြား ငှားခ၊ ပိုးကြေး ပန်းကြေး၊ စရိတ်အစုံကို နေ့စဉ် ဒိုင်ယာရီ စာအုပ်ထဲကထုတ်ပြီး မနေ့က ပေါင်းကြည့်တာ လေးရာ့ငါးဆယ့်နှစ်ကျပ်

http://www.cherrythitsar.org



ခြောက်မူး။ ကိုယ်တွေ့ အချစ်ဝတ္ထုဆန်း ဥဘဏ်ပူဇော်ခထက် နှစ်ကျပ်နဲ့ ခြောက်မူး ပိုတောင်ပိုနေတယ်...။

ရှုံးတာမသိရှာဘူး...။

ဒါထက်ရှုံးတာက မျက်မှန်နက်ကြုတ်တပ်ထားတဲ့ အယ်ဒီတာ မသိတာ၊ မနေ့က ဗိန်မက ဒိုင်ယာရီတွေ့သွားလို့ ကျုပ်အနားကိုကပ်၊ ဇာခြင်ထောင် ဆတ်ခနဲမတင်ပြီး...

'ဟဲ့...ငှက်ရိုး၊ ငရုတ်သီးညှော် ရှောင်နေတာ သွေးစုနာလေး ဘာလေးနဲ့ထိ၊ ခုထွက်၊ ငရုတ်သီးညှော် တစ်ဝသွားရှူ၊ ဒီမှာကြည့်စမ်း နင့်ဒိုင်ယာရီ၊ ငါက အထည်ဆိုင် ဖတ်သီဖတ်သီထွက်ရ၊ နင်ကတော့ ဒေစီတွေ၊ အေစီတွေနဲ့ သေချင်းဆိုး၊ ဟင်း... ခေါင်းဖြူနေတာတောင်၊ ရေးချင်ဦး ကိုယ်တွေ့အချစ်ဝတ္ထုဆန်း၊ ဖုံး၊ ခွပ်၊ ဂွပ်၊ အင့်၊ အံမယ်လေးဗျ'

'ငါက အဟုတ်မှတ်တယ်၊ ဘားနဒ်ပိဋကတ်တိုက်မှာ ပေဖတ်ရ သလေး၊ ပုရပိုက်ဖတ်ရသလေးနဲ့၊ ပလီစိချောက်ချက်စကားတွေ၊ အံမယ် လေးလေး... သူမို့ ကိုယ်စောင့်နတ်မှ မရှက်နိုင်၊ ရေးမှတ်ထားသတဲ့၊ ဟင်... ငါနဲ့ မင်္ဂလာဆောင်ရက်ကျတော့ မေ့တာကိုဝန်မခံဘူး၊ ပဋ္ဌိစ္စ သမုပ္ပာဒ်ကို အရကျက်နေလို့ပါ ဘာပါနဲ့'

သေပါပြီဗျို့၊ အရပ်ကတို့ရဲ့။ ဗိန်မ လည်ပင်းကို သူ့ဆင်ခြေ ဖဝါးကြီးနှင့် နင်းသတ်နေပါတယ်ဗျို့။ ဆရာတော်ဦးခမ္မိကဆီ ပြေး လျှောက်ပေးကြပါခင်ဗျ၊ ခွပ်၊ အုန်း၊ ခွပ်၊ အီး၊ အင့်...။

နှစ်ကျပ်ခြောက်ပဲ ရှုံးတယ်တဲ့။ ငှက်ရိုးလည်လှုပြီလား၊ မှတ်ပြီ လား၊ မသတီစရာ ပင်နီဆီလင်ထိုးဖိုးပါ ငါ အဆစ်ပေးနေရတယ်ဟဲ့ ငှက်ရိုး။ ဒုတ်၊ ဟွတ်၊ အားအီး၊ အံမယ်လေးဗျ၊ ဗိန်မ ကျုပ်ကို

http://www.cherrythitsar.org



ရှင်မတောင်သနပ်ခါးတုံးနဲ့ ထုနေပါတယ်ဗျို့၊ ကြည့်မနေကြပါနဲ့၊ အရှင်ကြီး၊ အရှင်ကလေး၊ ရွာတော်ရှင်၊ ကိုးမြို့ရှင်တို့ဗျို့...။

စာအုပ်ကုန်သည် နယ်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား...။

ကျွန်တော်များ နှစ်ပါးကြည် ဝတ္ထုတိုက်ကြီး၏ ပင်တိုင်စာရေးဆရာကြီး ဆရာငှက်ရိုး၏ ကိုယ်တွေ့အချစ်ဝတ္ထုဆန်း ဒုတိယတွဲနှင့် တတိယတွဲ အသီးသီးတို့ကို အဖိုးနှုန်းနှစ်ကျပ်အစား နှစ်ကျပ်ခြောက်ပဲသို့ တိုးမြှင့်လိုက်ပါသော်လည်း စာမျက်နှာမလျော့ပါကြောင်း၊ ဆရာငှက်ရိုး ကလောင်စွမ်း ပြထားပါကြောင်း...။

အမှာစာများကို ချက်ချင်းပေးပို့နိုင်ပါကြောင်း...။

ခုနစ်ရက်အတွင်း အကြောင်းမပြန်ပါက ယခင်စောင်ရေ အတိုင်း ပေးပို့ပါမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဗွီပီပီနှင့် ပို့ပေးမည်။ အဖိုးနှုန်း... တစ်အုပ်လျှင် နှစ်ကျပ် ခြောက်ပဲ...။ ။

*ဒေါ်ဗိန်မ*
*စာအုပ်ရှင်*
*နှစ်ပါးကြည်ဝတ္ထုကုမ္ပဏီ*
*ရန်ကုန်မြို့။*

■ *အိပ်မက်ဖူးမဂ္ဂဇင်း၊ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ။*

http://www.cherrythitsar.org

# ကိုကို့သမီးတွေကို ပြောထားနော်... ဒါပဲ

## [ ၁ ]

တစ်ဆယ့်ခြောက်နှစ်မြောက် မင်္ဂလာနေ့မတိုင်မီ လေးငါးရက် အလိုတွင် ခင်က ကျွန်တော့်ကို ဆံပင်သွားဖြတ်လိုက်မယ်နော်ဟု ပြော မေး မေးသည်။ သဘောပေါ့ဟု ကျွန်တော်ပြောလိုက်သည်။ မောင် လိုက်ပို့ပေးလေဟု တောင်းဆို၍ ဆူးလေဘုရားလမ်း အလှပြင်ဆိုင်သို့ လိုက်ပို့ပေးရသည်။ ထိုနောက် ကျွန်တော်ရုံးသို့သွားသည်။ ခင်သည် ဆံပင်ဖြတ်ပြီးလျှင် ဗိုလ်ချုပ်ဈေးထဲက သူ့သူငယ်ချင်းဆိုင်တွေသို့ သွားသည်။ သူ့အတွက်နှင့် သူ့သမီးတွေအတွက် လက်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေး၊ ခေါင်းလျှော်ရည်ပုလင်း၊ ရေမွှေးပုလင်း၊ နံ့သာဖြန်း ပုလင်းနှင့် အလှအပ တိုလီတိုစတွေ ဝယ်ဦးမည်။ အထည်စတွေ ဝယ်ဦးမည်...။

http://www.cherrythitsar.org



ထို့နောက် ဗိုလ်ချုပ်ဈေးသစ်နှင့် စိန်ဂွန်းဈေးသစ်သို့ သွားမည်။ အတူပါသွားသော တတိယသမီးနှင့် စတုတ္ထသားအတွက် အဝတ်အထည် အသုံးအဆောင်တွေ ဝယ်ပေးမည်။ ထို့နောက် ခင်သည် ကော်ပိုရေးရှင်း၊ ရုံးတိုင်းလိုလိုတွင်ရှိနေသော သူ့သူငယ်ချင်း အမျိုးသမီးတွေဆီသို့သွား မည်။ နေ့လယ်လောက်တွင် လွတ်လပ်ရေးလမ်းနှင့်ပန်းဆိုးတန်းရှိ အမျိုးတွေအိမ် သို့သွားမည်။ ရောက်တတ်ရာရာ စကားတွေပြောမည်။ မဂ္ဂဇင်းထဲက ရုပ်ပြောင်တွေအကြောင်း၊ သမိန်ပေါသွပ်အကြောင်း၊ ဘရုစကွီအကြောင်း ပြောကြမည်။ နဂါးဗုက်နှင့် စကားနက်သိုင်းဝတ္ထုအကြောင်း၊ အတွဲအမှတ် ရှစ်ဆယ့်ကိုးကို မကြိုက်သော်လည်း အတွဲအမှတ် တစ်ရာ့တစ်ကို သဘောကျကြောင်း၊ မင်းသမီး၏ ဆယ့်နှစ်ကြိုးသိုင်းအစွမ်းကို သဘောကျကြောင်း ပြောမည်။ ပြောရင်းဆိုရင်း အသုပ်စားမည်၊ အအေးသောက်မည်။ ထို့နောက် ဂုဏ် သို့မဟုတ် ပပဝင်းရုံတွင် ရုပ်ရှင် သွားကြည့်ကြမည်။ ညနေရုံးဆင်းလျှင် ကျွန်တော်လာကြိုရမည့်နေရာကို ဖုန်းဆက်ပြီး ပြောထားလိမ့်မည်။ ကျွန်တော် အစည်းအဝေးထိုင်နေပါက ကျွန်တော်၏ ကိုယ်ရေးအရာရှိကဲ့သို့ဖြစ်နေသူ မောင်မြင့်ငြိမ်းကို မှာထားပေလိမ့်မည်။

* * * * *

# [ ၂ ]

'မောင် ဘယ့်နှယ်လဲ၊ ဒီဆံပင်ပုံ'

ကားမောင်းရင်း ကျွန်တော် ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ ခင်၏ရှည်လျားနက်မှောင်သော ဆံပင်တို့သည် အလှပြင်ဆိုင်တွင် ဖြတ်တောက်ခြင်း ခံခဲ့ရချေပြီ။ ကုပ်ဝဲသာသာထက် အနည်းငယ်ပို၍ရှည်သော ဆံပင်ပုံ။ နားထင်နှင့် နောက်ဘက်တွင် ခပ်ဖွဖွ။ ခင့်မျက်နှာနှင့် လိုက်ဖက်သော ဆံပင်ပုံဟု ကျွန်တော်သိသော်လည်း အဖြတ်ခံရသော ဆံပင်တွေကိုယ်စား ဝမ်းနည်းမိသည်။

'လှပါတယ်'

လှိုက်လှဲစိတ်ပါစွာ ပြောခြင်းနှင့်တူအောင် ပြောရသည်။ ခင်ပြုံး၏။ ခင်သည် အရပ်မြင့်သည်။ သေးသွယ်သောသူတို့ထက် အရွယ်တင်သည်။ ဖြူသောအသားအရေကြောင့် မည်သည့်အရောင်ကို ဝတ်ဝတ်၊

http://www.cherrythitsar.org



လိုက်ဖက်သည်။ ခင်၏အသက်သည် လေးဆယ်နားသို့ သီသီဝဲ့နေပေပြီ။ ကလေးလေးယောက်၏ မိခင်။ အနေအထိုင်၊ အစားအသောက်နှင့် ပြုပြု ပြင်ပြင်ရှိသောကြောင့်လားမသိ။ ဆယ်နှစ်သာသာလျော့သော အသက် အရွယ်ဟု ထင်ကြေးပေးခံရသည်။ မျက်လုံးထောင့်ဘက်တွင် အရေး အကြောင်း မပြေးသေး။ ပါးရေတွန့်မည့် လက္ခဏာမတင်သေး။ ခင်၏ အလှအပတို့သည် ပျို့မျစ်ဆဲ...။

သို့ရာတွင် ခင်သည် သူ့ကိုယ်သူ ကြောင့်ကြလွန်းသည်ဟု ကျွန်တော်ထင်သည်။ လွန်ခဲ့သောသုံးလေးလက ဆံပင်ဖြူတစ်ပင် ကျွန်တော်တွေ့၍ နုတ်ပေးပြီး ပြလိုက်သည်။ ခင် မျက်နှာမကောင်း။ ရှိသေးလားဟု ဆံပင်ဖြူရှာခိုင်းသည်။ မရှိ။ ခင်သည် ဆံပင်ဖြူကိုယူကာ မီးခြစ် ခြစ်သည်။ ဆံပင်ဖြူကို မီးရှို့ပစ်သည်။ စိတ်နာသောမျက်နှာထား ကို ကျွန်တော်အကဲခတ်၍ရသည်။

'မေမေက ဆံပင်တိုလိုက်မှ ပိုလှလာတာ'

သမီးကြီးစိမ်းစိမ်းက ပြောသည်။ အမှန်အတိုင်းပြောသလား၊ မအေကျေနပ်အောင် အလိုက်အထိုက်ပြောသလားတော့ ကျွန်တော်မသိ။ သမီးအတွက် အထည်စတစ်စကို သူ့အတွက်ဝယ်လာသည့်ထဲမှ ပိုပေး လိုက်သည်ကိုကား ကျွန်တော် သတိပြုမိသည်။

'မေမေနဲ့လိုက်တဲ့ လက်သည်းဆိုးဆေးက စတော်ဘယ်ရီ အရောင် မဟုတ်ဘူး၊ ခရမ်းပြာ'

ဒုတိယသမီးအတွက် ဝယ်လာသော ခရမ်းပြာရောင် လက်သည်းဆိုးဆေးကို ခင်ကယူကာ၊ စတော်ဘယ်ရီရောင်ကို သမီး သင်းသင်းအတွက် ပေးလိုက်သည်ကို ကျွန်တော်မြင်လိုက်သည်။ စတော် ဘယ်ရီရောင်ကို ကျွန်တော်သဘောကျသောစကား ပျက်သွားလေသည်။

http://www.cherrythitsar.org



'မေမေက ခင်သန်းနုထက်ရော၊ ဆွေဇင်ထိုက်ထက်ရော၊ ခင်သီတာထွန်းထက်ရော လှတယ်'

တတိယသမီး အုန်းအုန်းက အမေ့အကြိုက် ပြောတတ်သည်။ ပြောတတ်မှန်းသိသော်လည်း ခင်သည် အုန်းအုန်းကိုလှမ်းပွေ့ကာ မြှောက်မနေပါနဲ့၊ သမီးမှာတာ ဂျင်းစကတ်နှစ်ထည်၊ မေမေဝယ်ပေးတာ သုံးထည်ဟု ရယ်မောပြီး ပြောသည်။

* * * * *

# [ ၃ ]

တစ်ဆယ့်ခုနစ်နှစ်မြောက် သမီးကြီး၏မွေးနေ့ပွဲတွင် မိတ်ဆွေအပေါင်းအသင်းတွေက ခင်နှင့်သမီးကြီးစိမ်းစိမ်းတို့ကို ညီအစ်မလားဟု နောက်ကြ၊ ပြောင်ကြသည်။ ခင်သည် ရယ်မောကာနေသည်။ အငယ်ဆုံးသားအတွက်ကို ကျွန်တော်က ပခုံးဖက်ပြီး ကျွန်တော်တို့က မြေးအဘိုးလေဟု နောက်သည်။ ခင်သည် အများနည်းတူ ရယ်ရယ်မောမောသာ နေရသည်။ ကျွန်တော့်ပြက်လုံးကို သဘောကျဟန်မရှိ။

'ကျွန်တော်က ခင့်ထက် အိုစာနာနိုင်တယ်၊ ဆံပင်ဖြူတွေ ကျွန်တော့်မှာ များများလာပြီဗျ'

သူငယ်ချင်းတွေကို ကျွန်တော်ပြောသောအခါ ခင်က...

'ဆံပင်ဖြူ သက်သေထားပေမယ့် ခင်ကတော့ စိတ်ချမှာ မဟုတ်ဘူး မောင်ရေ့'

http://www.cherrythitsar.org



ကျွန်တော့်ကို ဝိုင်းကြည့်ကြရင်း ခင့်အပြောကြောင့် ရယ်ကြသည်။ ကျွန်တော့်ရုံးမှ မိတ်ဆွေတွေ၊ ကျွန်တော့်တပည့်တပန်းတွေ၊ ကျွန်တော့်လက်အောက်အမှုထမ်း၊ အရာထမ်းတွေကပါ ရယ်မောကြသည်။ ကျွန်တော်နှင့် အရင်းနှီးဆုံး ကြီးမြင့်အေးက...

'ဒေါ်ခင်သန်းငြိမ်းပြောတာ တကယ်ပြောသင့်တဲ့ စကားပဲဗျ'

ကျွန်တော်ကိုယ်တိုင် အများနည်းတူ ရယ်၍သာ နေရသည်။ စိတ်မလုံ...။

* * * * *

http://www.cherrythitsar.org

# [ ၄ ]

'ခင်'

ခြံထဲသို့ဆင်း၍ လမ်းလျှောက်ရင်း နှင်းဆီပင်ပေါက်တွေ ပျိုးနေသောခင့်ကို ကျွန်တော်ခေါ်လိုက်သည်။ ခင်က ကျွန်တော့်ကို ထိုင်နေရင်း မော့ကြည့်သည်။

'ဘာလဲမောင်၊ ထမင်းစားလို့ကောင်းရဲ့လား'

ကျွန်တော် ခေါင်းညိတ်ကာ...

'ခင်နဲ့အတူတူစားရင် ပိုပြီးစားကောင်းမှာ သေချာပါတယ်'

ခက်ရင်းခွဖြင့် မြေညှိရင်း ခင်ပြုံးသည်။ 'မောင်နည်းနည်းပိုပြီ လို့ထင်တယ်၊ နည်းနည်းတော့ ပိုပြီးပြောတယ်မဟုတ်လား' ဟု နောက် ပြောင်သံဖြင့် ခင်မေးသည်။ ကျွန်တော်ပြုံးလိုက်သည်။ ထို့နောက်...

'ခင့်ကို မေးစရာရှိလို့'

ခင်က ခက်ရင်းခွကို စိုက်ခင်းပေါ်သို့ချပြီး မျက်နှာချင်းဆိုင် ရပ်သည်။

http://www.cherrythitsar.org


'အထူးအဆန်းကြီး၊ ဘာမေးမလို့လဲ'

ကျွန်တော်ပြောပြီးမှ ခပ်ဆဆဖြစ်နေမိသည်။ ရှက်စရာကောင်းနေမလား၊ ကလက်ကလံများဖြစ်နေမလား၊ ခင့်အနေနဲ့ သောစရာများဖြစ်နေမလားဟု ကျွန်တော်တွေးနေမိသည်။ ပြောပြီးပြီပဲလေဟု အောက်မေ့ကာ...။

'ဩော်... တခြားမဟုတ်ပါဘူး၊ အချစ်ဆိုတာ ဘာလဲဟင်... ခင်'

ခင့်မျက်လုံးအစုံသည် ဝိုင်းသွားသည်။ မျက်ခုံးနှစ်ဖက်ကို အတန်ကြာကြာပင့်ထားသည်။ ခပ်ဟဟာဖြစ်သွားသော ခင့်နှုတ်ခမ်းကို ကျွန်တော်စောင့်နေ၏။ ခင်၏အကြည့်သည် အံ့အားတသင့် ရှိနေသည်။

'သားတို့၊ သမီးတို့ ဒီအရွယ်ရောက်မှပဲ မောင်မေးဖို့ သတိရသလား ဟင်...'

ကျွန်တော့်မျက်နှာ နီသွားမှာသေချာသည်။ ကျွန်တော့်တွင် ရှက်အမ်းအမ်းဖြစ်သွားသည်ကို ခင်မြင်မှာ...။

'ခင် ခုအချိန်မှာ ဘယ်လိုဖြေမလဲလို့ မောင်သိချင်လို့'

ခင်က လက်ဖဝါးနှစ်ဖက်တွင် ပေကျံနေသော မြေဆွေးမြေသားတွေကို ပွတ်၍ခါကာ သန့်သည်။ နှင်းဆီခင်းဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး...

'အချစ်ဆိုတာ ခင်လုံလောက်အောင်တော့ စကားနဲ့မဖြေတတ်ပါဘူး မောင်ရယ်၊ ဒါပေမယ့် ခင် မောင်နဲ့ချစ်သူဖြစ်တဲ့အချိန်ကစပြီး ခုထိရော၊ နောက်ထိရော နေပြနေတာတွေအားလုံးဟာ အချစ်ပဲလေ၊ အချစ်ဆိုတာဟာ အဖြူပါပဲ၊ အဝါပဲလို့တော့ ခင် ပြောမှမပြောတတ်တာ'

http://www.cherrythitsar.org



ကျွန်တော်ကျေနပ်မှုရသည်အထိ ခင့်စကားတွေကို ကြားရလိမ့်မည်မထင်။ ခင်စကားမတတ်။ ကျွန်တော်သိသည်။ တခြားစကားတွေ မဆိုတတ်သည်ကို မပြောလိုသော်လည်း သည်စကားကိုတော့ ခင် ပြောတတ်စေချင်သည်။

'ခင် တစ်ခုခုပြောကြည့်လေ၊ အချစ်ဆိုတာ ဘာပါပဲလို့ ပြောလဲ ရပါတယ်'

ခင်က ခပ်တိုးတိုးရယ်သည်။

'မောင့်ဘာသာ မောင်ပြောလေ၊ မောင်ပြောတဲ့စကားကို ခင်သဘောတူပြီးသားပဲဟာ'

ကျွန်တော် ပြုံးလိုက်၏။

'ဘယ်ဟုတ်ပါ့မလဲ ခင်ရာ၊ ခင် ဖြေချင်သလိုဖြေပေါ့'

ခင်က တွေ၍နေ၏။ ခဏနေမှ...

'အချစ်ဆိုတာ အချစ်ပေါ့မောင်ရဲ့'

ဖြေပြီးတော့ ခင်ရယ်လေသည်။ ကျွန်တော်ပါ ရော၍ရယ်မိသည်။ ဟာ... ခင်ကလဲဟု ပြောသော်လည်း ခင်က ဖြေမှမဖြေတတ်တာဟု ယုံကြည်မြတ်နိုးသောအကြည့်ဖြင့် ကြည့်ပြီးပြောသည်။ ထိုနောက်...

'မောင်ဘာဖြစ်လာတာလဲ၊ ခုမှမေးလို့ ဘာလို့'

ခင့်အသောသည် ကျွန်တော့်ကို ဟန်ဆောင်အရယ်မျိုးဖြင့်သာ ရယ်စေနိုင်လေ၏...။

* * * * *

http://www.cherrythitsar.org

# [ ၅ ]

မိုးရာသီအကုန်တွင် ကြွေတတ်သော သစ်တော၏အစပ်သို့ ရောက်လာသည်။ ရင့်လွန်းသောအစိမ်းကို တောအုပ်၏အတွင်းပိုင်းနှင့် တောင်နှာမောင်း၏ အမြင့်ပိုင်းတွင် တွေ့ရသည်။ ပင်ခြေတစ်လျှောက် တွင် ဝါသောအဆင်းဖြင့် ကံကုန်လဲလျောင်းနေသော သစ်ရွက်တို့သည် ရွှေနှင့်ကြေးဝါ ခင်းထားသကဲ့သို့ ရှိသည်။ တောင်ခြေအရှေ့ သစ်ပင်ပါးရာနေရာတွင် တစ်ဖက်မှ ကောင်းကင်ပြာကို မြင်ရသည်။

'ကိုကို့ကို မြိုင်သိပ်အားနာတယ်၊ ဒီနှစ်ပါ ကျောင်းဆက်တက်ရရင် ကိုကိုကျောင်းထားပေးတာ နှစ်နှစ်၊ ကျောင်းစရိတ်အပြင် မုန့်ဖိုး စာအုပ်ဖိုး၊ အဝတ်အစားဖိုး အစစအရာရာဆိုတော့ မြိုင်အားနာတယ်'

ကျွန်တော် ခေါင်းခါလိုက်သည်။ မြိုင် စိတ်သက်သာရာရအောင် ပြုံးလိုက်သည်။ ကားတံခါးကို ဖွင့်လိုက်သည်။ လေအေးသည် လယ်ကွင်းနှင့်တောဘက်မှ စီးလာဟန်တူ၏။ သစ်ဝါး အငွေ့အသက် ဝင်နေသည်။

http://www.cherrythitsar.org



'မြင့်ပညာရေးအတွက်ပဲ၊ မြင့်အတွက် လိုအပ်ချက်တစ်ခုပဲ လေ၊ အစိုးရဝန်ထမ်းအလုပ်ကို မြင့်တစ်သက်လုံး လုပ်သွားမှာပဲ မဟုတ် လား၊ ရုံးလုပ်ငန်းနဲ့ ကျွမ်းကျင်လုပ်ငန်းက တူမှမတူတာ၊ မြင့်ဘွဲ့မရရင် ပြန်တမ်းဝင်အရာရှိဖြစ်ဖို့ကျတော့ ဘွဲ့ကြောင့်ခက်မယ်၊ ဝိဇ္ဇာမှာ အောင်ချက်အကောင်းဆုံးဖြစ်အောင် မြင့်ကြိုးစား၊ ရှေ့နှစ်ခါဆိုရင် မဟာဝိဇ္ဇာ တက်ရမယ်လေ၊ ဒါဆို ရာထူးတက်လမ်းကျတော့ ပူပန်စရာ မလိုတော့ဘူး၊ ဒါကြောင့်ပါ'

'ကိုကို့စေတနာကို မြင့်သိပါတယ်'

မြင့်၏မျက်လုံးအစုံသည် စိတ်ငယ်သူ၏မျက်လုံးဟု ကျွန်တော် ခံစားရသည်။ မြင့်သည် တံခါးတွင်ကျောမှီပြီး ကျွန်တော့်ဘက်သို့ ကိုယ်တစောင်းလှည့်ကာ ထိုင်သည်။ မြင့်ကို…

'အားနာတာတွေ ဘာတွေကို ဘေးချိတ်လိုက်ပါ၊ အရေးကြီးတာက ဒီနှစ်က နောက်ဆုံးနှစ်၊ မြင့်ဆက်တက်၊ စာမေးပွဲမှာ ပထမရစေချင်တယ်၊ မြင့်အဲသလိုအောင်ရင် မြင့်မေမေလဲ ဝမ်းသာမှာပဲ၊ သားအမိနှစ်ယောက်တည်းမို့လို့ အားငယ်နေတဲ့ မြင့်မေမေ အားတက်လာမယ်၊ တစ်ချိန်ချိန်မှာ ငါ့သမီးဖြင့် အရာရှိအရာခံ ဖြစ်လာတော့မှာပဲလို့ ဝမ်းသာအားရဖြစ်လာမယ်လေ၊ ဟုတ်တယ်မဟုတ်လား'

မြင့်ခေါင်းညိတ်သည်။ ကျွန်တော့်ကို ကြည့်နေသည်။

'ကိုကို့တာဝန်တွေက များလှပါတယ်၊ ကိုကို့အိမ်ထောင်က နည်းတဲ့တာဝန်မှ မဟုတ်တာ၊ အကုန်အကျတွေ များလွန်းတဲ့ကြားက မြင့်ကပါ တာဝန်တစ်ခုဖြစ်နေလို့ပါ'

'ဒါတွေ မြင့် မစဉ်းစားပါနဲ့လေ…'

မြင့်သည် အဝေးသို့ ငေးနေ၏။ သူ့ကို ကျွန်တော်ကြည့်သည်။

http://www.cherrythitsar.org



မြိုင်၏ ဝင်းသောအသားအရေသည် ဆောင်းဦးစ အရှေ့နေ ထန်းတဖျား အမြင့်မှလာသော နေရောင်ပြန်တွင် စိုပြည်ကာ လဲ့နေ၏။ ထူထဲနက်မှောင်သော မျက်ခုံးနှစ်ဖက်သည် မဆက်တဆက်။ နှာတံပေါ်လွင်သော မြိုင့်မျက်နှာသည် အမြဲမြင်နေစေချင်သည့် မျက်နှာမျိုး။

'ကောင်းပါပြီကိုကို၊ ကိုကိုဖြစ်စေချင်တဲ့အတိုင်း ပထမတကာထက် ပထမထွက်အောင် ကြိုးစားပါ့မယ့်'

'မြိုင်က ကိုကို့စကားကို နားထောင်သားပဲ'

မြိုင်ပြုံးလေသည်။ မြိုင်က ကျောမှီထားရာမှ ခွာသည်။ ကားတံခါးကိုဖွင့်ကာ အောက်သို့ဆင်းသည်။ ကျွန်တော်ကပါ ဆင်းလိုက်သည်။ မြိုင့်ထံမှ ရှေနယ်ရေမွှေးရနံ့သည် ကျွန်တော့်ဘက်သို့ ဝေ့ဝေ့လာ၏။ မြိုင်သည် အရှေ့ဘက်သို့ လျှောက်သွားသည်။ အချိုးပြေပြေပြစ်စွာ ပြည့်တင်းသော မြိုင့်အလှကို ကျွန်တော် တစ်ခဏငေးမိသည်။ အပြာ၊ အဖြူနှင့် အနက်တြိဂံကွက်တုံးများဖြင့် ပျော့ပျောင်းသောထဘီ။ အဖြူခံတွင် ချောကလက်ရောင်၊ အစိမ်းရောင်၊ လေးညှင်းပွင့်ခြယ်ထားသော အမျိုးသမီးဝတ် ရှပ်အင်္ကျီ၊ အင်္ကျီစကို အပြင်ထုတ်၍ ဝတ်ထားသည်။ မြိုင်သည် ဆံပင်ဖားလျားချထား၏။ ဆံစသည် လက်ပြင်နှင့်ပခုံးတစ်ဝိုက်တွင် လွင့်လူပ်လိုက် ကျလိုက်နှင့်။ အင်ပင်အောက်သို့ ရောက်သောအခါ အရှေ့ဘက်သို့ ကြည့်နေ၏။ မြိုင်ရပ်နေရာသို့ ကျွန်တော်သွားသည်။ သစ်ရွက်ခြောက်များကို နင်းမိသောအသံသည် သတိပြုမိစေနိုင်လောက်သည်အထိ အသံကျယ်နေသည်။

'မြိုင်...'

'ဘာပြောမလို့လဲ ကိုကို'

ခေါင်းကို ငိုက်ငိုက်ထားပြီး ပြောသည်။

http://www.cherrythitsar.org



'မြိုင့်ကို ကူညီနေသမျှတွေအားလုံး ကိုကို ရိုးရိုးသားသား ကူညီနေတာလို့ မြိုင် နားလည်အသိအမှတ်ပြုတယ် မဟုတ်လား'

မြိုင်သည် မျက်လုံးကိုပင့်၍ကြည့်၏။ လဲ့သော မျက်လုံးအစုံ။ မြိုင် သည်လိုကြည့်တိုင်း ကျွန်တော် ရင်နည်းနည်းခုန်သည်။ မြိုင်၏ အကြည့်သည် အစွမ်းထက်သောအရာဟု ကျွန်တော်ခံစားရ၏။ သူ၏ မျက်လုံးအစုံနှင့်အတူ ဆေးသားပါးပါးတင်လေ့ရှိသော နှုတ်ခမ်းသည် တန်ခိုးထက်မြက်သည်ဟုလည်း ခံစားရသည်။ မြိုင့်ကို သံယောဇဉ် တွယ်ခြင်း၏အစသည် အပြောလိမ္မာခြင်းနှင့် အသံချိုသာခြင်းတို့က စခဲ့သည်။ ကျွန်တော့်ရုံးသို့ မြိုင်ရောက်စက ဆယ်တန်းအောင်ကာစ။ မြိုင်သည် လူမှုဆက်ဆံရေး ဝင်ဆံ့သောကြောင့် အမှုထမ်းသက် တစ်နှစ် မပြည့်မီ တစ်ရုံးလုံးနှင့် ခင်ခင်မင်မင် ရှိလာသည်။ အသွားအလာ ဖျတ်လတ်သည်။ ချေချေငံငံ ပြောတတ်၊ ဆိုတတ်သည်။ မိန်းကလေး တချို့တွင် ရှိတတ်သော အတင်းအဖျင်းစကား မပြောတတ်။ မသင့်မမြတ် ဖြစ်သူချင်းကို ရင်ကြားစေ့ပေးတတ်သည်။ ရုံးအလုပ်ချိန်တွင် မဂ္ဂဇင်းဖတ်၊ ကာတွန်းဖတ်ခြင်းမရှိ။ အလုပ်ပါးသောအခါတွင် ပုံစံမျဉ်းတွေဆွဲ၍ နေတတ်သည်။ အလုပ်ကြိုးစားသည်။ တခြားသူတွေ တစ်ပတ်တစ်လစာ အလုပ်ကို သုံးလေးရက်အတွင်းပြီးအောင် ဆောင်ရွက်တတ်သည်။ မြိုင် နှင့် မသင့်သူ၊ မခင်သူ၊ မလိုလားသူဟူ၍ မရှိ။ လူကြီးပိုင်းကအစ ညစောင့်အထိ မြိုင့်ကို ခင်မင်ကြသည်။ မြိုင်နှင့် အခင်မင်ဆုံးသူမှာ ကျွန်တော်။ နှစ်နှစ်မပြည့်မီ မြိုင့်ဘဝကို ကျွန်တော် သိခွင့်ရလာသည်။ မြိုင့်တွင် ဖခင်မရှိ။ မိခင်မုဆိုးမနှင့် နေရသည်။ မွေးချင်းမရှိ။ မိခင်က ကုန်ခြောက်ဆိုင်တည်ထားသည်။ လုပ်သားကောလိပ်သို့ မြိုင်ဆက်တက် ရေး ခက်လာသည်ကို ကျွန်တော်သိ၍ သူ့ပညာရေးအတွက် ကူညီခဲ့

http://www.cherrythitsar.org



သည်။ မြိုင်သည် ဆယ်တန်းတွင် ခ စာရင်းဖြင့် သုံးကြိမ်အောင်ပြီးမှ က စာရင်းဖြင့် အောင်လာခဲ့သည်။ ရှစ်တန်းတုန်းက တစ်ကြိမ်ကျခဲ့ သည်။ ငါးတန်းနှစ်တုန်းက မကျန်းမာ၍ တစ်နှစ်နောက်ကျခဲ့သည်။ ရုံးသို့ဝင်စက မြိုင့်အသက်သည် နှစ်ဆယ့်သုံးနှစ်ကျော် လေးနှစ်အတွင်း။ အခုမြိုင့်အသက် နှစ်ဆယ့်ခုနစ်။

'ကိုကို့ကို ကမ္ဘာပေါ်မှာ မြိုင်အယုံကြည်ဆုံးပါ'

သူ့လေသံသည် ချိုနေ၏...။

'ပတ်ဝန်းကျင်ကတော့ နားလည်မယ်မဟုတ်ဘူးနော် မြိုင်'

'ကိုကို့ကို မြိုင်လေ အစ်ကိုအရင်းလို ခင်တယ်'

ကျွန်တော်အကြားချင်ဆုံး စကားတွေထဲမှ တစ်ခွန်းအပါအဝင်။

'ကိုကိုလဲ ဒီလိုပါပဲ'

'မြိုင့်ဘဝမှာ မေမေရယ်၊ ကိုကိုရယ် ဒါပဲရှိပါတယ်'

မြိုင်၏ ပြည့်ဝိုင်းသောမျက်နှာကို သူကြည့်သည်။

'တစ်ခုတော့ ပြောချင်တာရှိတယ်၊ ကိုကို... ကိုကိုကြိုက် မလား၊ မကြိုက်မလားတော့ မသိဖူး'

'ပြောပါမြိုင်'

မြိုင်သည် တွေ၍နေ၏။ ရွက်ကြွေတွေကို ငုံ့ကြည့်သည်။ ထိုနောက် သက်ပြင်းရှည်တစ်ချက်ချသည်။ ထိုနောက် ကျွန်တော်နှင့် မျက်လုံးချင်းဆိုင်သည်။

'ဩော်... တခြားမဟုတ်ပါဘူး၊ မြိုင့်ကို ခုလို နှစ်ရှည်လများ ကူညီနေတာတွေကို မမခင်သိလား'

ကျွန်တော်ခေါင်းခါသည်။ မြိုင် မျက်နှာမထားတတ်။ ကညင် ပင်တွေဆီသို့ တစ်ချက်ငေးသည်။

http://www.cherrythitsar.org



'အသိပေးထားရင်ကော ကိုကို'

'မလိုဘူးထင်တယ်မြိုင်၊ ကိုကိုသုံးခွင့်ရှိတဲ့ငွေထဲက မြိုင့်ကို ကူညီတာပဲ၊ တစ်နေ့ကို လက်ဖက်ရည်ခြောက်ခွက်၊ စီးကရက်နှစ်ဘူး သောက်မယ့်အစား လက်ဖက်ရည်လေးခွက်နဲ့ စီးကရက်တစ်ဘူးခွဲစာ ကိုကိုလျှော့ခဲ့တယ်၊ အဝတ်အစား တစ်နှစ်ကို ဆယ့်ငါးထည်၊ အထည် နှစ်ဆယ်ဝတ်မယ့်အစား ထက်ဝက်မက လျှော့ဝတ်ခဲ့တယ်၊ ကိုကို့ မိတ်ဆွေတွေဆီကို သုံးခေါက်သွားမယ့်နေရာမှာ တစ်ခေါက်ပဲသွားတယ်၊ ဓာတ်ဆီဂါလံချွေတာတယ်၊ အဲသလိုထဲက ငွေစုစုထားပြီး မြိုင့်ကို ကူညီတာပဲ၊ ပြောလိုက်ရင် ခင်ကမိန်းမလေ မြိုင်၊ တစ်မျိုးထင်သွားရင် အကုန်ရှုပ်ကုန်မယ်၊ အဲဒါကြောင့် မပြောခဲ့တာပါ'

'တစ်ချိန်မသိ၊ တစ်ချိန်သိခဲ့ရင် ကောင်းပါ့မလားကိုကို'

'ကိုကိုတို့နှစ်ယောက်ပဲ သိတဲ့ကိစ္စ၊ ဘယ်သူက သူ့ကိုသွား ပြောမှာလဲ'

'မြိုင် တစ်ခါတစ်ခါ လိပ်ပြာမသန့်ချင်ဘူး'

သစ်ပင် ပင်စည်ကို ကျွန်တော်လက်ထောက်ကာ…

'လိပ်ပြာမသန့်ရအောင် ကိုကိုက ဘာမျှော်လင့်ချက်နဲ့ ခုလို ကူညီနေတယ်လို့ မြိုင်သံသယရှိလို့လဲ'

မြိုင့်မျက်နှာ ညှိုးကျသွားသည်။ ခေါင်းခါသည်။ ကျွန်တော်ကို စေ့စေ့ကြည့်ပြီး…

'မြိုင့်စကားက အဲ့ဒီအဓိပ္ပာယ် ကောက်စရာဖြစ်သွားတယ် ဆိုရင် တောင်းပန်ပါတယ် ကိုကိုရယ်'

အသံသည် ဖျော့တော့လှ၏။ မြိုင်စိတ်ထိခိုက်သွားသည်ဟု ကျွန်တော် နားလည်လိုက်သည်။ တစ်စုံတစ်ရာပြောမည့်အခိုက် မြိုင်က

http://www.cherrythitsar.org


သစ်ပင်ကိုထောက်ထားသော ကျွန်တော့်လက်ကောက်ဝတ်ကိုကိုင်ကာ…

'ဘာသံသယမှ မဝင်ပါဘူး၊ ကိုကိုရဲ့ အဖြူစင်ဆုံးမေတ္တာကို မြိုင်နားလည်ပြီးသားပါ၊ ကိုကို့ကိစ္စမှန်သမျှကို ကိုကို့အိမ်သူ သိထားသင့် တယ်လို့ မြိုင်တွေးမိလို့ပါ၊ ဒီသဘောနဲ့ ပြောတာပါ'

'တစ်ခါတစ်ရံမှာ ရိုးရိုးသားသားနဲ့ နေကြတဲ့သူတွေရဲ့ အတွင်း သဘောကို နားမလည်တဲ့သူတွေကြောင့် အနေအထားတွေ ပျက်သွားနိုင် တယ်လေ၊ ပတ်ဝန်းကျင်ဆိုတာ တစ်မျိုးပဲ၊ ပြီးတော့ ခင်က စိတ်ကောင်း နှလုံးကောင်းရှိပါတယ်၊ နားလည်မှုလဲ ရှိပါတယ်၊ အလွန်အကျွံ ဝန်တိုမှု မျိုးလဲ ကင်းပါတယ်၊ ဒါပေမယ့် ခင့်မှာ အတိုင်းအတာတစ်ခုအထိသာ ခွင့်ပြုနိုင်တဲ့ သတ်မှတ်ချက် ရှိလိမ့်မယ်လေ၊ အဲဒါကို ကိုကို ဘယ်လို လုပ်ပြီး မှန်းဆတွက်ချက်လို့ရပါ့မလဲ၊ အဆင်မသင့်လို ယုန်ထင် ကြောင်ထင် ထင်စရာဖြစ်လာရင် ကိုကိုတို့နှစ်ယောက်စလုံးရဲ့ အဖြူစင် ဆုံး အဆောက်အအုံကြီးက ပြိုကျသွားလိမ့်မယ်၊ တစ်ယောက်နဲ့ တစ် ယောက် နှုတ်ဆက်ဖို့တောင် အခက်အခဲတွေ ပေါ်လာရင်ကော…'

မြိုင်သည် ကျွန်တော့်လက်ကောက်ဝတ်ကို တင်းနေအောင် ဆုပ်ထား၏။

ကျွန်တော့်ကို မျက်တောင်မခတ်ကြည့်သည်။ မြိုင့်မျက်နက် ထဲတွင် သစ်တောရိပ်၊ ကောင်းကင်ရိပ်တွေ ထင်နေ၏။ အနီးဆုံး ထင်နေသည်မှာ ကျွန်တော့်မျက်နှာရိပ်…။

'ကိုကိုရယ် အားနာတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ တစ်ချိန် ကျရင် မြိုင် တတ်နိုင်တဲ့အခါကျရင် မြိုင်က လုပ်ကျွေးပြုစုသမှုပြုရမှာ မေမေရယ်၊ ကိုကိုရယ် ဒါပဲရှိပါတယ်'

ဆောင်းလေပြည်ကြောင့်လားမသိ။ ရင်ထဲမှာ စိမ့်သွားလေ၏။

* * * * *

http://www.cherrythitsar.org

# [ ၆ ]

'ဖေဖေ့ကို မနေ့ညနေတုန်းက ကမာရွတ်မီးပွိုင့်နားမှာ သမီး လှမ်းတွေ့လိုက်ပါတယ်'

သမီးကြီးက ထမင်းဝိုင်းတွင် ကျွန်တော့်ကို နောက်သလို ပြောင်သလိုပြောသည်။ ခင်က ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော် လိမ်ရကောင်းနိုး၊ မလိမ်ရကောင်းနိုး စဉ်းစားသည်။ ထမင်းတစ်ဝါးစာ ထက် ပို၍မကြာသောအချိန်တွင်...

'ဖေဖေ့မိတ်ဆွေ ညွှန်ချုပ်ရဲ့တူမလေးကို လမ်းကြုံလို့ ရန်ကုန် ဘက် လိုက်ချင်တယ်ဆိုတာနဲ့ ခေါ်လာတာ'

သမီးကြီးက ရယ်သည်။

'သမီးပြောတဲ့စကားထဲမှာ အဲဒီအကြောင်းအရာအထိ မပါသေး ပါဘူးဖေဖေ'

သားသမီးတွေနှင့်အတူ ခင်ကပါပြုံးသည်။ သားက ဖေဖေ့

http://www.cherrythitsar.org



ရည်းစားမဟုတ်ရင် ပြီးရောပေါ့ဟု မနောက်တတ် နောက်တတ်ဖြင့် ပြောသည်။ အားလုံးက ရယ်စရာမောစရာ သဘောထားပြီး ပြောသော်လည်း ကျွန်တော့်စိတ်ထဲတွင် အနေရခက်သည်။

'သမီးတို့က နောက်တာအရေးမကြီးဘူး၊ တော်ကြာ မေမေက အဟုတ်ထင်ပြီး ဖေဖေ့ကို စိတ်ဆိုးနေပါဦးမယ်'

ခင်က မဲ့ပြုံးပြုံးသည်။

'မဆိုးပေါင်ရှင်၊ သားသမီးတွေက အားကိုးရတဲ့အရွယ်ရောက် တောင်ရောက်နေပြီ၊ မောင်နောက်တစ်ယောက်ယူသွားရင် ချက်ပြုတ် ကျွေးမွေးရတာတွေ၊ လျှော်ဖွပ်ပေးရတာတွေ သက်တောင်သက်သာသွား တယ်လို့ မှတ်မှာပါ၊ သတင်းစာထဲကနေ မောင့်ကိုလက်ခံထားသူအား ပြန်ပို့ပေးလျှင် အရေးယူမည်လို့ ကြော်ငြာလိုက်မှာ'

ခင်သည် ပြက်လုံးတစ်ခုအနေဖြင့်သာ ပြောသည်ဟု ကျွန်တော် နားလည်သည်။

'အဲသလို သဘောထားမှန်းသိလို့ ခုထိ မောင်မဖောက်ပြားခဲ့ တာပေါ့ ခင်ရ၊ မောင် သားသမီးတွေနဲ့ ခင့်ကို အချစ်ဆုံးပဲ'

သမီးငယ်နှင့်သားက တဟားဟားရယ်သည်။ သားက ဖေဖေ့ အာလူးက တကယ်ရှိုးတာပဲ၊ ရယ်ရတယ်ဟု ပြောသည်။ ခင်သည် သားသမီးတွေနှင့်အတူ ရယ်သည်။ ကျွန်တော်ပါ ရောနှောပြီး ရယ်နေ လိုက်ရသည်။ မြို့င့်ကို အိမ်တိုင်ရာရောက် သွားကြိုသောပထမနေ့တွင် တက္ကသိုလ်ကျောင်းသူဖြစ်နေသော သမီးကြီးက လှမ်းမြင်သွားသည်ဟု ခင်မသိ...။

* * * * *

## [ ၇ ]

မြိုင် သဘောကျဆုံးက ဆောင်းရာသီပဲ ကိုကိုဟု မြိုင်ကပြော သည်။ ကားထဲက လေအေးစက်ကို ကျွန်တော် လှမ်းပိတ်လိုက်သည်။ မှန်တွေကိုချလိုက်သည်။ မြိုင်က မှန်တံခါးဖွင့်သည်။ ကားထဲသို့ ဆောင်း လေဝင်လာသည်။ ဆောင်းရာသီကို မိုးရာသီလောက် ကျွန်တော် သဘော မကျသော်လည်း...

'မြိုင်နဲ့ကိုကိုနဲ့ အတူတူပဲ'

'ကိုကို အကြိုက်ဆုံးပန်းက ဘာလဲဟင်'

နှင်းဆီဖြူကို မြိုင် အမြဲတမ်းလိုလို ပန်တတ်သည်ကို သတိရ၍...

'နှင်းဆီ'

'ဘာရောင်ကိုလဲ'

'အဖြူ'

'မြိုင့်လိုပဲ'

http://www.cherrythitsar.org


'ပြီးတော့ ရုပ်ရှင်ရုံဆိုရင် ဂုဏ်ရယ်၊ ပပဝင်းရယ်၊ သမ္မတရယ်'

မြိုင်က ရယ်နေသည်။ ကြည့်ခဲ့ဖူးသော ရုံသုံးရုံ...။

'မြန်မာထမင်းဆိုင်ဆိုရင် ဦးဝိစာရလမ်း အရှေ့လမ်းချိုးထဲက လှ၊ ဟိုတယ်ဆိုရင် ကန်တော်ကြီး၊ ဒါ ကိုကို့အကြိုက်ပါ'

မြိုင်နှင့်အတူ စားနေကျနေရာတွေ...။

'ဘယ်သူ့သီချင်းကို ကိုကိုအကြိုက်ဆုံးလဲဟင်'

'ကိုင်ဇာ၊ မေဆွိ'

'အအေးဆိုင်ဆိုရင်ကော ကိုကို'

'ကိုတင်အုန်း အအေးဆိုင်'

'လက်ဖက်ရည်ဆိုင်ကကော'

'မြေနီကုန်းက ရွှေလမင်း'

'ကိုကိုက မြိုင့်အကြိုက်တွေချည်း တမင်ပြောနေတာနဲ့ တူပါတယ်'

ကျွန်တော်ခေါင်းခါလိုက်သည်။ မဟုတ်ပါဘူး၊ တကယ်ပြောတာပါမြိုင်ဟု ကျွန်တော်ပြောသောအခါ မြိုင်က ကျွန်တော့်ပခုံးကို အသာအယာလှမ်းထုသည်။ ကားကို အရှိန်ပြင်းပြင်းမောင်းမှ သဘောကျသောကြောင့် စက်ရှိန်မြှင့်လိုက်ရင်း ဒီနေ့ကိုကိုတို့ ဘယ်သွားကြမလဲဟု မေးလိုက်သည်။ အလယ်မျဉ်းဝါနှစ်ကြောင်းသည် လက်ဝဲဘက်တွင် တရိပ်ရိပ်။ မီးတိုင်နှင့် ရှေ့မှကားများကို ဗိုးခနဲ၊ ဗိုးခနဲနေအောင် ကျွန်တော်ကျော်တက်လိုက်သည်။ မြိုင်က ကက်ဆက်ခွေကို စက်ထဲသို့ ထိုးသွင်းလိုက်၏။ အက်ဘာအဖွဲ့၏ နောက်ဆုံးပေါ်သီချင်းသံသည် မြူးကြွစွာ...။

'အောင်စာရင်း ဘယ်နေ့ထွက်မှာလဲဟင်'

မြိုင်က အံ့သြစွာကြည့်ပြီး...

http://www.cherrythitsar.org



'ကိုကိုကလဲ အောင်စာရင်းထွက်ပြီးလို့ မြိုင်ပဲ ပထမနဲ့အောင်၊ မဟာတန်းကြီးပဲ တက်ခွင့်ရခဲ့ပြီပဲ'

ကျွန်တော်ခေါင်းခါသည်။

'အဲဒီအောင်စာရင်း မဟုတ်ဘူး၊ မြိုင့်ကို ချဉ်းကပ်နေတဲ့ ဟိုကောင်လေးအတွက် ထုတ်ပေးရမယ့် အောင်စာရင်း'

မြိုင်က ဟက်ဟက်ပက်ပက်ရယ်သည်။ ပြတင်းပေါင်တွင် တံတောင်တင်ပြီး...

'မနေ့က အောင်စာရင်းထုတ်ပေးလိုက်တယ်'

စကား ခဏဖြတ်လိုက်၏။ ကျွန်တော်စိတ်ထင့်သည်။ မလိုသော စိတ်ကလေးတစ်စိတ် ပေါ်လာသည်ဟု ကိုယ့်ကိုကိုယ် သိသည်။ မသင့်တာပဲဟု မကောင်းစိတ်ကို ရုပ်သိမ်းလိုက်စဉ်...

'သူ ကျတယ်ကိုကို၊ မဖြစ်နိုင်ဘူးလို့ မြိုင် အဖြေပေးလိုက်တယ်'

'သနားပါတယ်၊ သူ မြိုင့်ကို တကယ်ချစ်တာ'

မြိုင် နှုတ်ခမ်းစူသည်။ စိတ်ကောက်သော မျက်နှာထားသည် ကားရှေ့မှန်ထဲမှ တူရူသို့သာ ကြည့်နေ၏။

'မြိုင်'

ချော့သံဖြင့် ခေါ်သည်ဟု မြိုင်သိသည်။ သိနေကျ...။

'မြိုင် ဘာဖြစ်သွားတာလဲ'

မြိုင်မဖြေ။ ကျွန်တော် ခပ်တိုးတိုးရယ်နေသောအခါ မြိုင် မျက်စောင်းထိုးသည်။ မသိယောင်ပြုကာ ကျွန်တော် ရယ်မြဲရယ်နေလိုက်၏။

'ဘာရယ်တာလဲ ကိုကို'

http://www.cherrythitsar.org


'ဘာမှမဟုတ်ပါဘူး၊ သဘောကျလို့ပါ'

'သူများစိတ်ထိခိုက်မှ သဘောကျတတ်တယ် ဆိုပါတော့'

ကျွန်တော် ခေါင်းခါကာ မဟုတ်ပါဘူး၊ ကောင်လေးအတွက် စိတ်မကောင်းလို့ပါဟု ပြောလိုက်သည်။

'ဒီမယ်ကိုကို'

အရှိန်လျှော့လိုက်သည့်ခဏတွင် ကျွန်တော် တကြည့် ကြည့်လိုက်၏။ မြိုင်က မျက်နှာတည်တည်ထားပြီး...

'မြိုင့်အချစ်ဆုံး နှစ်ယောက်ပဲရှိတယ်၊ မေမေနဲ့ကိုကို၊ တခြားသူအတွက် နေရာမရှိဘူးသိလား...'

* * * * *

http://www.cherrythitsar.org

# [ ၈ ]

မိတ်ဆွေတစ်ယောက်ဆီမှ ငွေနှစ်သောင်းကို လေးလဆိုင်းဖြင့် ကျွန်တော်ယူကာ မြိုင့်မိခင်၏ဆိုင်ကို ပြင်ပေးပြီး ပစ္စည်းတွေထပ်တင်ပေးလိုက်သည်။ မြိုင်နှင့်မြိုင့်မိခင်က အားနာသည်။ စီးပွားရေးအဆင်ပြေအောင် စီစဉ်ပေးရန်တာဝန် ကျွန်တော့်မှာရှိသည်ဟု သဘောရသည်။ နိုင်ငံခြားသို့ ကျွန်တော် သုံးလကျော်ခရီးထွက်ပြီး ပြန်အလာတွင် ဝယ်ခြမ်းလာသောပစ္စည်းတွေထဲမှ တစ်ခုကို စာရင်းဖျောက်လိုက်ပြီး မိတ်ဆွေ၏ငွေကို ပြန်ဆပ်ပေးလိုက်သည်။

'ကိုကို့ ကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး'

မြိုင့်စကားကို ကျွန်တော်ခေါင်းခါလိုက်သည်။ မြိုင့်မိခင်က အားနာလွန်း၍ ဘာစကားမျှပြောမထွက်...။

'တစ်ခုပဲ မြိုင်ဝမ်းနည်းတယ်'

http://www.cherrythitsar.org


'ဘာလဲမြိုင်'

'ကိုကိုပြန်လာတုန်းက လေဆိပ်မှာ လာကြိုခွင့်မရတာ'

သူစိတ်မကောင်းဖြစ်မည်ကို ကျွန်တော် စာနာနားလည်သည်။

'တစ်မျိုးတွေ ထင်စရာဖြစ်လာရင် မြိုင်သိက္ခာကျမှာစိုးလို့ပါ'

'သိပါတယ် ကိုကိုရယ်'

'ကိုကို့ကို ကျေးဇူးစကားတွေ မပြောနဲ့တော့မြိုင်၊ ပြောစရာလူတွေမဟုတ်လို့၊ ပြောသံကြားရရင် သူတစိမ်းဆံတယ်လို့ ကိုကိုခံစားရလို့'

မြိုင် ခေါင်းညိတ်လိုက်သည်။

'ဒါထက်မြိုင်၊ စိတ်မရှိနဲ့နော်'

မြိုင်ပြုံး၏။ ခေါင်းညိတ်ပြီး…

'ရပါတယ်ကိုကို ပြောပါ'

'မြိုင်အခု အသက်နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုး၊ အိမ်စီးပွားရေးလဲ ပြေလည်တန်သလောက် ပြေလည်ပြီ၊ မြိုင်လဲ အရာရှိပေါက်စဖြစ်ပြီ၊ ဒီတော့…'

ကျွန်တော့်စကား ခဏနားထားခိုက်တွင် ဒီတော့ ဘာဖြစ်လဲ ကိုကိုဟု ကမန်းကတန်းမေးသည်။

'အိမ်ထောင်ပြုသင့်ပြီ'

မြိုင်မျက်နှာပျက်သွားသည်။ စိတ်ဆိုးသောလက္ခဏာမဟုတ်။ ဝမ်းနည်းသော မျက်နှာနေ မျက်နှာထား…။

'မြိုင့်ဘဝမှာ နှစ်ယောက်ပဲရှိတယ်၊ ဘယ်သူနဲ့ ဘယ်သူပါပဲလို့ မြိုင်ခဏခဏ ထပ်ပြောစရာ လိုပါသေးသလားကိုကို၊ ဘာဖြစ်လို့ အိမ်ထောင်ပြုခိုင်းနေရတာလဲ၊ အဲဒါတော့ ကိုကိုဖြေပါ'

http://www.cherrythitsar.org



ကျွန်တော့်တွင် တိကျသောအဖြေမရှိ။ အမေး၏အဓိပ္ပာယ်မှာ ချစ်သူရှိနေပြီလား၊ ကိုကို့ကို သံယောဇဉ်ရှိမှ ရှိသေးရဲ့လားဟု ဖြစ်ပေလိမ့်မည်။ ကျွန်တော်အမှန်အတိုင်း မဆိုဝံ့။ ထို့ကြောင့်...

'မဟုတ်ပါဘူး၊ မိန်းကလေးဆိုတာ အချိန်အခါနဲ့ အိမ်ထောင်ပြုသင့်တဲ့အရွယ်မှာ ပြုဖို့ဝတ္တရားရှိတယ်၊ အချိန်လင့်ရင် မကောင်းဘူး'

မြိုင် ခေါင်းခါသည်။

'အပျိုကြီးဘဝနဲ့ပဲ နေတော့မယ်၊ ပူပန်စရာမှ မရှိတာ'

'ကိုကိုကိုယ်တိုင် သင့်လျော်မယ့်သူ ရှာဖွေပေးပြီး အိမ်ထောင်ချပေးဖို့တောင် စိတ်ကူးတယ်၊ ဒေါ်ဒေါ်နဲ့လဲ အဲဒီအကြောင်းပြောမလို့ ကြံနေတာကြာပြီ'

မြိုင့်အကြည့်သည် ခပ်မာချင်ချင်။ ခေါင်းကိုယမ်းကာ...

'ဆိုပါဦး၊ ဘယ်သူ့ ဘယ်သူတွေကိုများ ကိုကိုစာရင်း ကောက်ထားလို့လဲ'

'မော်တော်ယာဉ်ဌာနက ကိုသန်းမြင့်ဝေနဲ့ ဆိုရင်ကော'

မြိုင်က ဟက်ဟက်ပက်ပက်ရယ်သည်။

'ဂျပန် နပန်းသမားကြီးလို ပေါင်ချိန်နှစ်ရာလောက်ရှိတဲ့ ဖိုးဝရုပ်ကြီး'

'စာရင်းအင်းဌာနက မောင်တင်ဝင်းနဲ့ကော၊ သူက မဟာစီးပွား ရေးဘွဲ့နှစ်ထပ်'

'အရပ်က ခုနစ်ပေလောက်၊ ကပ်စေးကလဲ နည်းသေး'

'စီမံကိန်းဌာနက စိုးမြင့်ဇော်က ရိုးလဲရိုး၊ အေးလဲအေး၊ တစ်ဦးတည်းသောသား၊ သိန်းနှစ်ဆယ်လောက် ချမ်းသာတယ်၊ သူ့ကိုကော'

'ကိုကိုက ဒါပဲသိတာကိုး၊ ဖဲသမား၊ ခွက်ပုန်း'

http://www.cherrythitsar.org



'ဒါဖြင့်...'

တော်ပါတော့ ကိုကိုရယ်၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ ချစ်လဲမချစ်နိုင်ဘူး၊ ယူလဲမယူနိုင်ဘူးဟု ခါးသီးပြတ်တောက်သော လေသံဖြင့်ပြောသည်။

'မြိုင့်မှာ ချစ်တဲ့သူ တစ်ယောက်ပဲရှိတယ်၊ မြိုင် စိတ်ကူးခဲ့တဲ့သူ၊ သူ့မှာ မြိုင်သဘောကျတဲ့အချက်တွေ အပြည့်အစုံ ရှိတယ်၊ ဒါပေမယ့်...'

မြိုင်စကားမဆက်။ ဘယ်သူလဲ မြိုင်ဟု ကျွန်တော်မေးသည်။

'အိပ်မက်ထဲမှာပဲ သူပျောက်သွားခဲ့ပြီ ကိုကို'

မြိုင့်စကားလုံးတွေက ကျွန်တော့်ရင်ကို အလွှားလွှားမွှန်းသကဲ့သို့ ရှိလေသည်။ ကျွန်တော်သိသည်။ မသိအောင်ပြုရသော တာဝန် သည် ကြီးလေးလွန်းလေ၏။ သို့သော် မသိအောင် နေနိုင်ခဲ့သည်။

* * * * *

# [ ၉ ]

အင်းလျားလေးဘက်မှ အသွားတွင် ကျွန်တော်နှင့်မြိုင့်ကို ဒုတိယသမီး သင်းသင်းက လှမ်းမြင်သွားဟန် တူ၏။ မြိုင့်ကို အိမ်သို့ လိုက်ပို့ပြီး ချက်ချင်းမပြန်ဖြစ်။ မြိုင့်မိခင်က ကျွန်တော်ကြိုက်တတ်သော ဟင်းချက်ထားသည်ဟု ပြော၍ ညစာ စားခဲ့ရသည်။ စားပြီးပြီးချင်း ပြန်လျှင် အိမ်သို့ရောက်ရောက်ချင်း ထမင်းမစားနိုင်မှာ သေချာသည်။ နာရီဝက်လောက် အစာကြေအောင် နေနေရသည်။ အိမ်ရောက်သောအခါ ထမင်းဝိုင်း ပြင်ကာစ။ ထမင်းစားပြီးနောက် သားအတွတ်က အီးတီ ဗီဒီယိုကြည့်မည်ဟုဆိုကာ မျက်နှာချင်းဆိုင်အိမ်သို့ သွားသည်။ အခွေငှား လာပြီး ဗီဒီယိုကြည့်နေစဉ် သင်းသင်းက...

'ဖေဖေ့ကားပေါ်မှာ တွေ့လိုက်တဲ့ အမျိုးသမီးက မြိုင်မဟုတ်လား'

ငြင်း၍မဖြစ်...။

http://www.cherrythitsar.org


'ဟုတ်တယ်၊ သူ့အမေ နေမကောင်းလို့ ဆေးတိုက်ပို့ရမှာမို့ အကူအညီတောင်းတာနဲ့ ဖေဖေလိုက်ပို့တာ'

ခင်က ပြုံးစိစိမျက်နှာနှင့်…။

'သမီးမေးတာ တိုတိုလေး၊ အဖေကြီးက အရှည်ကြီး ရှင်းပြနေရတယ်'

ခင့်စကားသည် ထော့တော့…။

'မြိုင်က အိမ်ထောင်နဲ့လား မောင်'

'သူ့ကိုယ်ရေးကိုယ်တာတွေ မောင်မသိဘူး ခင်'

မြိုင့်ကို ခင်နှင့်တကွ သားတွေ၊ သမီးတွေက ကျန်ခဲ့သည့် ဌာနကထိန်ပွဲတွင် မြင်ဖူးခဲ့ကြသည်။ မိတ်ဆက်မပေး၍ မကောင်းသောကြောင့် မိတ်ဆက်ပေးခဲ့ရသည်။ ခင်၏ အသိအချို့ မနှစ်က ကျွန်တော့်ရုံးသို့ ပြောင်းလာသည်မှစ၍ ကျွန်တော်နှင့်မြိုင် သတိကြီးစွာ နေခဲ့ကြရသည်။

'မြိုင်က ချောတယ်နော်'

သမီးကြီးစိမ်းစိမ်းက အတို့အထောင်မေးခွန်းမျိုး မေးပြောပြော၏။

'အသားလဲ လှတယ်၊ ကိုယ်လုံးကိုယ်ထည်ကလဲ မယ်စကြဝဠာပဲ'

သင်းသင်းက မှတ်ချက်ချသည်။ ကလေးမလေးက အီးတီကို မြင်မြင်ချင်း လန့်အော်သောအခန်းကို ကျွန်တော် လှမ်းကြည့်နေလိုက်သည်။ အစ်ကိုဖြစ်သူက နှမ၏ပါးစပ်ကို လက်ဖဝါးဖြင့် ဖိပိတ်သောပြကွက်သို့အရောက်တွင်…

'မြိုင်က ကြည့်ရတာ ရိုးရိုးလေး'

http://www.cherrythitsar.org



အခိပ္ပာယ်တွေ များစွာထွက်သော အပြော။ ခင့်အပြောသည် ကျွန်တော့်ကို မျက်နှာပျက်သွားစေနိုင်လောက်၏။ ကျွန်တော် ဣန္ဒြေဆည် ၍သာ နေနေရလေ၏။

* * * * *

http://www.cherrythitsar.org

# [ ၁၀ ]

'မြိုင့်ကို ညီအစ်မသုံးယောက်စလုံးက ကြည့်တာ တစ်မျိုးပါပဲ ကိုကို၊ မြိုင်တိုင်တာ မဟုတ်ဘူးနော်၊ ကိုကို့သမီးတွေက မြိုင့်ကို အထင်များ မှားနေကြသလား မသိဘူးနော်'

'ဟုတ်မယ် မထင်ပါဘူး'

သုံးလေးရက်က ကိစ္စ။ အိမ်မှာ ပြောသံ၊ ဆိုသံ မကြားရ...။

'မြိုင်လေ မျက်ရည်တောင် ကျချင်တယ်'

'သူတို့က မြိုင့်ကို အထင်မှားတဲ့စကား တစ်ခွန်းမှမပြောဖူး ပါဘူး၊ ခင်ကလဲ ဘာမှမပြောဖူးပါဘူး'

မြိုင်သည် ညှိုးငယ်စွာဖြင့် ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော် မြိုင့်ကို ချစ်နေသည်ဟု ကျွန်တော့်ကိုယ် ကျွန်တော်သာ ဝန်ခံမိသည်။ မြိုင်သည်လည်း ထိုနည်းတူဟု ကျွန်တော်နားလည်သည်။

* * * * *

http://www.cherrythitsar.org

# [ ၁၁ ]

သမီးကြီးဘွဲ့ယူသည့်နေ့က ခင်၏မျက်နှာသည် ဂုဏ်ယူမျက်နှာ၊ အလှဆုံးမျက်နှာ၊ အတင့်တယ်ဆုံးမျက်နှာ။ ဘဝနှင့်အိမ်ထောင်ရေးကို ကျေနပ်အားရသောအမူအရာနှင့် ရှိလေသည်။ စိုက်ခဲ့သော၊ ပျိုးခဲ့သောပန်းပင်တို့၏ သီးစပွင့်စကို တစိမ့်စိမ့်ကြည့်ကာ ဝမ်းမြောက်နေပုံ။ ညနေပိုင်းသို့ရောက်သောအခါ နေမကောင်း၍ ခွင့်ယူထားသော မြိုင့်ထံသို့ ကျွန်တော်သွားသည်။ မုန့်နှင့်ဆေးတွေဝယ်ပြီး မြိုင့်ကို အားပေး စကားတွေ ဆိုရသည်။

'သက်သာပါတယ် ကိုကိုရယ်'

'ရုံးကိစ္စတွေ၊ ဘာတွေ စိတ်ညစ်စရာ ဘာမှမတွေးနဲ့ မြိုင်'

'မတွေးပါဘူး၊ မြိုင် ကိုကို့ကိုမြင်ရင် အားရှိပါတယ်၊ စိမ်းမနက်က ဘွဲ့ယူပြီးပြီနော် ကိုကို'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

http://www.cherrythitsar.org



'သူတို့မြိုင့်ကို တဖြည်းဖြည်းတော့ နားလည်လာမှာပါနော်'
ဒုတိယ ခေါင်းအညိတ်တွင်...

'မြိုင်လေ မမခင်ကိုပါတွေ့ပြီး အစအဆုံး အကုန်ပြောပြလိုက်ချင်တယ်၊ ခုထိ ကိုကိုနဲ့မြိုင် သန့်ရှင်းစွာနဲ့ ချစ်ခင်တဲ့အကြောင်း သက်သေ ထူချင်လို့'

တတိယမြောက် ခေါင်းညိတ်ပြီးမှ ကောင်းပါတယ်၊ ဒါပေမယ့် မသင့်လို့ ဆက်ပြီးမစဉ်းစားပါနဲ့ မြိုင်ရယ်၊ ကိုကို့စကားကို နားထောင် ပါဟု ပြောလိုက်ရသည်။

* * * * *

## [ ၁၂ ]

ခင်နှင့်သမီးတို့က ရုံးသို့ မကြာခဏ လာလာနေတတ်သည်။ ခင်သည် မြိုင်နှင့် အတူသွား၊ အတူလာသော သတင်းတွေကို ကြားပေလိမ့်မည်။ အချိန်တွေက လနှင့်၊ နှစ်နှင့် ကြာလာသည်။ ကျွန်တော်နှင့်မြိုင့် အခြေအနေကို ပတ်ဝန်းကျင်က အမျိုးမျိုးတွက်ကြပေလိမ့်မည်။ အဖြေ ထုတ်ရ ခက်ကြပေလိမ့်မည်။ အတွေးအဆ ခက်ခဲပေလိမ့်မည်။

* * * * *

## [ ၁၃ ]

**မြိုင့်မျက်နှာသည် နီရဲနေ၏။ ရုံးဆင်းအောင်ပင် မစောင့်နိုင်။ ကျွန်တော်ဆီကို လာပြောရန်မကောင်း။ မြိုသိပ်ထားရန် မစွမ်းဟန်တူ၏။ အခန်းထဲသို့ ဝင်လာပြီး စာရွက်တစ်ရွက်ကိုခေါက်လျက် လာပေးသည်။ အခန်းထဲမှ ချက်ချင်းထွက်သွား၏။ ဖြန့်ဖတ်သောအခါ...**

**ကိုကို...**

*ကိုကို့သမီးကြီးနဲ့ အလတ်မက မြိုင့်စားပွဲနားက ဖြည်းဖြည်း ဖြတ်လျှောက်ရင်း 'သိပ် အတင့်ရဲလွန်းတာပဲ၊ ကြောင်တောင်ကြီး၊ မေမေမို့လို့ပေါ့၊ ပေါတင်ကြီး၊ ပါးဆွဲရိုက်ဖို့ကောင်းတယ်'တဲ့။ မြိုင် ကြားလောက်အောင်ပြောပြီး လှည့်ကြည့်သွားတယ်၊ မြိုင်ရှက်တယ်၊ မနေ့က ကိုကိုချစ်ခွင့်တောင်းလို့၊ လက်ထပ်ပါ့မယ်ဆိုတဲ့စကားကို ကြားလို့ အပျော်ကြီးပျော်ခဲ့တာတွေ လွင့်ထွက်သွားတယ်။ မြိုင် နေ့ဝက် ခွင့်ယူသွား တယ်။ ကိုကို ဒီနေ့ညနေ လာမတွေ့ပါနဲ့။ မနက်ရုံးလာကြို*

http://www.cherrythitsar.org



*ရင်းနဲ့မှ မြို့ဆီဝင်လာပါ။ အရှက်ရော၊ သိက္ခာနဲ့ရော အရင်းတည်ပြီး ချစ်ရတဲ့ အချစ်စစ်၊ အချစ်မှန်ပါ ကိုကို။ ကိုကို မြို့ကိုစွန့်ပစ်ရက်ရင် စွန့်ပစ်လိုက်ပါ။ ဒါမှမဟုတ်ရင် ကိုကို့သမီးတွေကို ပြောထား နော်…ဒါ…*

အစည်းအဝေးသွားရအောင်ဟု ညွှန်ချုပ်က လှမ်းပြောသည်။ ရင်ထဲမှာထိတ်သွားသည်။ စာကို ဆုံးအောင်မဖတ်။ ပြန်ခေါက်ပြီး တိုက်ပုံ အတွင်းအိတ်ထဲသို့ ကမန်းကတန်းထည့်လိုက်ရသည်။ ဖိုင်တွဲနှင့် ကား သော့ကို ကောက်ယူလိုက်သည်။ ပြဿနာကြောင့် ခေါင်းထဲမှာ ထူပူနေ သည်။

မီးပြင်းတိုက်ထားသောအရာကို ရင်ထဲသို့ ထည့်ထားရသည်ဟု အောက်မေ့၏။

* * * * *

http://www.cherrythitsar.org

# [ ၁၄ ]

ရုံးသွားကာနီးတွင် သတိရ၍ မြင့်စာကို ရှာသည်။ မတွေ့။ ထိုအချိန်တွင် ခင်က...

'ခင် ဆံပင်သွားပြင်မှာကို သမီးတွေက နောက်နေတယ်၊ လှချင်လွန်းတယ်တဲ့၊ ပြောပုံလေ...'

သမီးသုံးယောက်က အိမ်ခန်းထဲသို့ ဝင်လာသည်။ မျက်နှာတွေ က တစ်မျိုး။ အကဲခတ်မရ။ ထိုစဉ် ခင်က...

'အဲသလို ပြောတာတော့ ဘယ်ကောင်းမလဲနော်'

အပြစ်ယူစိတ်ဆိုးပြီး ပြောသံမဟုတ်။

ခင့်မျက်နှာသည် ရယ်ကျဲကျဲ။

'နောက်ကို အဲသလိုပြောတာမျိုး ခင်မကြားချင်ဘူး၊ ကိုကို့ သမီးတွေကို ပြောထားနော်... ဒါပဲ'။ ။

*■ ပန်မဂ္ဂဇင်း၊ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ။*

# မမှာသောက အင်းဝရာစာ

[ ၁ ]

တင်ထွန်းရောက်လာပုံကြောင့် ကျွန်တော်စိတ်ထင့်သွားသည်။ သူ့မျက်နှာ မရွှင်မပျ။ ဧည့်ခန်းထဲတွင် ထိုင်နေကြသော အမေနှင့်အဖေတို့ မမြင်အောင် မေးတစ်ချက်ဆတ်ပြသည်။ အပြင်သွားရအောင်ဟူသော အဓိပ္ပာယ်။ အမေ့ဆီမှ လက်ဖက်ရည်ဖိုး ငွေငါးကျပ်တောင်းပြီး အိမ်ထဲမှ အထွက်တွင်...

‘ခင်စောမွန် မှာလိုက်လို့’

သူ့ကို ကျွန်တော်...

‘ဘာတဲ့လဲ’

‘မင်းက သူ့ကို မွေးသက္ကရာဇ်ပေးလိုက်တယ် မဟုတ်လား’

ကျွန်တော် ခေါင်းညိတ်သည်။

‘သူ့အစ်မတွေရော၊ အမေတွေရော အဲဒါကို ကြည့်ကြတယ်တဲ့’

http://www.cherrythitsar.org



'အင်း'

'မင်းက ဗုဒ္ဓဟူး၊ သူက အင်္ဂါ၊ နေ့ချင်းမတည့်ဘူးတဲ့၊ ပြီးတော့ မင်းက လူနက္ခတ်၊ သူက ဘီလူးနက္ခတ်ဆိုလားပဲ၊ အိမ်ထောင်ဖက်အနေနဲ့ အုန်းတောင်မညှိုးခင် ကွဲမယ်တဲ့၊ တစ်ယောက်ယောက် ပျက်စီးနိုင်တယ် ဆိုလားလဲ ဗေဒင်ဆရာက ဟောသတဲ့၊ အဲဒါ...'

တင်ထွန်းစကားမဆက်။ ဆေးပေါ့လိပ်ကို မီးညှိသည်။ ဆေးလိပ်ကိုသာ သောက်နေ၏။ လမ်းသာလျှောက်နေ၏။ စကားစကို မဆက်။ ကျွန်တော့်ပူပန်စိတ်က တရိပ်ရိပ်တက်လာ၏။

'သဘောက ဘာတဲ့လဲ'

ကျွန်တော့်အမေးကို ချက်ချင်းမဖြေ။ ဆီမလူးသော ဆံပင်တွေ ကို လက်ချောင်းဖြင့် ဖြီးသပ် သပ်သည်။

'နေ့နံမတည့်လို့ လူကြီးချင်း စကားပြောဖို့ဆိုတာ မဖြစ်နိုင် တော့ဘူးတဲ့'

နှလုံးသွေးကြောထဲသို့ မိုးကြိုးသွားတွေ ပစ်ဆင်းကာ ဝင်လာ သကဲ့သို့ ခံစားရသည်။ တုန်လှုပ်စေသောသတင်း။

'ခင်စောမွန်ကိုယ်တိုင် ပြောတာလား တင်ထွန်း'

'အင်း'

တင်ထွန်း၏မျက်နှာသည် နီနေ၏။

'သူ ငါ့ကို တွေ့ဖို့ကောင်းတယ်'

'တွေ့မှာပါ၊ ရှင်းပြမှာပါ ဝင်းလတ်'

'သူ ဒါတွေယုံသလားကွာ၊ သူကသိပ္ပံ၊ ငါကဝိဇ္ဇာ၊ ယုံချင်ယုံ ငါကယုံရမှာ'

တင်ထွန်း မဲ့ပြုံးပြုံး၏။ လွယ်လွယ်နဲ့မြန်မြန်အောင်နိုင်တဲ့

http://www.cherrythitsar.org



ဘာသာတွဲကို ကိုယ့်ဘာသာ ကိုယ်ယူတာ၊ ယုံတာမယုံတာနဲ့ ဘာဆိုင်လဲ၊ ဒီလိုဆို အနုစာပေ ငါယူတာ ငါယုံလို့လား၊ ကျက်လို့၊ မှတ်လို့၊ တွက်လို့ လွယ်တဲ့ဘာသာတွဲ ယူကြတာဟု ပြောသည်။

'ငါ အခု သူ့ဆီသွားချင်တယ် တင်ထွန်း'

ကျွန်တော့်ကို လက်ကာပြီး တားသည်။ ခေါင်းခါကာ...

'သူ မှာလိုက်တယ်၊ အိမ်ကိုတော့ လာမတွေ့ပါနဲ့တဲ့၊ သူ့အိမ်က သူ့ကို ပြောထားလို့တဲ့၊ ဒီကိစ္စကို သူ့အဘိုးရော၊ အဘွားရော၊ အဒေါ်ရော၊ ဦးလေးရော၊ အစ်မတွေရော၊ အစ်ကိုတွေရော သိကြလို့တဲ့၊ အားလုံးက မဖြစ်နိုင်ဘူးလို့ သူ့ကို ပြောကြတယ်တဲ့၊ ဗေဒင်ဆရာတွေ တစ်ဒါဇင် လောက်စီ သွားမေးကြည့်ကြပြီးပြီတဲ့၊ ဟိန္ဒူဗေဒင်၊ တရုတ်ဗေဒင်၊ မြန်မာဗေဒင်၊ ရှမ်းဗေဒင်၊ ပထန်ဗေဒင်၊ ပန်းသေးဗေဒင်၊ ကြွေဗေဒင်၊ ရွှေးဗေဒင်၊ ဖဲဗေဒင် စုံပြီတဲ့၊ ဒီနှစ်ယောက်ယူရင် ဒုက္ခဖြစ်မယ်လို့ ဟောထားပြီးတာ သူ့အိမ်၊ သူ့ဆွေမျိုး သိကြပြီးပြီတဲ့'

အဲဒါမှ ဒုက္ခအစစ်ဟု ကျွန်တော် ညည်းမိ၏။

'သူ သိပ်ယုံနေလား တင်ထွန်း'

'မင်းကို ကျီစားတဲ့စကား သူပြောနေတာမှ မဟုတ်တာ'

'ငါမှားတယ်၊ မွေးသက္ကရာဇ်ပေးမိတာ အကြီးအကျယ် ပြဿနာပဲ၊ ဒီလိုမှန်းသိရင် တစ်ရက်တိုး၊ တစ်ရက်ဆုတ် ပေးလိုက်ရင် ပြီးပြီ၊ မထင်ဘူးလေကွာ၊ ရိုးရိုးတောင်းတယ်ပဲထင်တာ'

'သူ့ အမေက တောင်းတာဆို'

ကျွန်တော် ခေါင်းညိတ်သည်။ နောင်တကြောင့် ကိုယ့်ကိုယ်ကို ဒေါသဖြစ်နေ၏။

'ငါ အရိပ်အကဲ သိဖို့ကောင်းတယ်'

http://www.cherrythitsar.org



တင်ထွန်းက ဆေးလိပ်သာ ဖွာနေ၏။

'မှန်ရာပြောတဲ့ဒဏ် ငါခံရပြီ တင်ထွန်း'

တင်ထွန်း သက်ပြင်းချ၏။

'ငါတို့ ကွဲပြီထင်တယ်နော် တင်ထွန်း'

တင်ထွန်းမဖြေ။ မဖြေလျက် နေနေသည်မှာပင် အဖြေဖြစ်နေလေ၏။

'ငါ ဗုဒ္ဓဟူးသား မဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဘာနေ့သားဖြစ်ရဖြစ်ရ ဗုဒ္ဓဟူးသားသာမဟုတ်ရင် ဒီပြဿနာ ပေါ်မှာမဟုတ်ဘူး၊ သူ့အမေကသာ သူ့ကို တနင်္လာနေ့မွေး၊ ဗုဒ္ဓဟူးနေ့မွေး၊ အင်္ဂါမဟုတ်ရင် ပြီးနေပြီ၊ ပြဿနာပဲ၊ အိမ်ကို ငါဘယ်လို ပြောရမှန်းတောင်မသိဘူး၊ ပြည်က ဦးလေးတို့ကို သူနဲ့ငါ စေ့စပ်စကားပြောတဲ့နေ့ ဆင်းလာဖို့ ပြောတောင်ပြောထားပြီးပြီ'

ကျွန်တော်သည် ကျွန်တော် ပျောက်လုလုဖြစ်နေ၏။ နေ့နံဇာတာခွင်သည် အသည်းနှလုံးကို ဖောက်ခွဲရန် ချိန်ရွယ်လျက်ရှိလေ၏။

* * * * *

http://www.cherrythitsar.org

# [ ၂ ]

ခင်စောမွန်၏ မျက်လုံးအစုံမှာ မျက်ရည်တွေ ဝေ့နေ၏။

ကျွန်တော် သူ့ကို မကြည့်ရက်။ စာသင်ခန်းပြတင်း၏ အပြင်သို့ငေး၍သာနေမိ၏။ နည်းပြတန်းအချိန်ကုန်သွား၍ စာသင်ခန်းနှင့် စင်္ကြံတစ်လျှောက်တွင် အသွားအလာမရှိ။ ကျောင်းသည် တိတ်ဆိတ်နေ၏။ မိုးရာသီကုန်ကာနီးသော်လည်း ရွာအားမလျော့။ မိုးဖွဲ့တွေကို ကျွန်တော်မြင်နေသည်။ မိုးစက်ထိသဖြင့် လှုပ်သွားသောသစ်ရွက်တွေကို ကျွန်တော်ကြည့်နေမိ၏။ ရင်ထဲမှာ အေးမြခြင်းမရှိ၊ ခင်စောမွန်ကို ကျွန်တော်ခွဲရတော့မည်။ ချစ်သူကို ဆုံးရှုံးရတော့မည့် ပူပန်မီးသည် ကိုယ်တွင်း၌ တညီးညီး လောင်ကျွမ်းလျက်ရှိ၏။

'ခင်စောမွန့်မေတ္တာကိုတော့ မောင်သိပါတယ်နော်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'မွေးနေ့ရက်စွဲနဲ့ ဇာတာခွင်ကို မှားပြီးပေးတာလို့ လူကြီးတွေကို ပြောရင်ကောဟင်'

http://www.cherrythitsar.org



သူခေါင်းခါသည်။

'ခင်စောမွန်သိနေတာကို မောင်ပြင်လို့မှ မရနိုင်တော့တာ'

'သိပ်ယုံလား'

'ခင်စောမွန်ဒုက္ခရောက်မှာထက် မောင်ဒုက္ခရောက်မှာကို ပိုစိုးရိမ်လို့ပါ'

'ဒါဖြင့် ဝေးပြီပေါ့'

ကျွန်တော့်ကို သူ ဝမ်းနည်းစွာကြည့်လေသည်။

'ကံကြမ္မာကဝေးဖို့ ဖန်တီးတာကိုး မောင်ရယ်'

ကျွန်တော် သူတွေးသလို မတွေး။ သူအနှောင်အဖွဲ့မိသလို မမိ။ သူ့လို မယုံသော်လည်း သူမယုံလျက် နေမည်မဟုတ်…။

'တကယ့်ကို လမ်းဆုံးကိုရောက်ကြပြီလား အချစ်ရယ်'

ကျွန်တော့်အမေးကို သူခေါင်းညိတ်ဖြေပြီး တစ်ချက်ရှိုက်သည်။ ရှိုက်သံသည် ဘဝချင်း ခြားနားစေခဲ့ပြီ။ တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးစွာဖြင့် ခွဲခဲ့ကြရသည်။ ချစ်မြတ်နိုးခြင်းသည် ချစ်မြတ်နိုးခြင်းသာဖြစ်သည်။ ခွဲခဲ့ရခြင်းသည် ခွဲခဲ့ရခြင်းသာ ဖြစ်ချေ၏။

* * * * *

http://www.cherrythitsar.org

## [ ၃ ]

တင်ထွန်းက ကျွန်တော့်ကိုကြည့်ကာ မျက်ခုံးပင့်သည်။ ဗေဒင်စာအုပ်တွေ မနည်းပါလားဟဟု အံ့ဩစွာပြောပြီး ပြုံး၏။ ငါ ဇာတာတောင် ဖွဲ့တတ်နေပြီဟု ကျွန်တော်ပြောလိုက်၏။ ဒါဆို ခင်စောမွန် ဒုတိယ သမီးကလေးရဲ့မွေးစာရင်း ငါသွားယူထားမယ်၊ တြိစက္ကဇာတာမင်းဖွဲ့ပေးပေါ့ ဟု ရယ်စရာပြောသည်။ ပြောသောအခါ ခင်စောမွန်ကို ကျွန်တော် ပို၍သတိရသည်။ တစ်ယောက်နှင့်တစ်ယောက် လမ်းခွဲခဲ့ကြသည်မှာ ရှစ်နှစ်ကာလ တိုင်ခဲ့ပေပြီ။ လူချင်းမဆုံဖြစ်တော့။ ခင်စောမွန်သည် ကော့သောင်သို့ ခင်ပွန်းသည်နှင့်အတူ လိုက်သွားသည်။ ကျွန်တော်က စက်မှုဌာနတစ်ခုတွင် အလုပ်ဝင်သည်။ တင်ထွန်းက စာရင်းကိုင်ရုံးတွင် အလုပ်ဝင်သည်။ တင်ထွန်းနှင့်ကျွန်တော် အဆက်အသွယ်မပြတ်။ နှစ်ဦးစလုံးက အိမ်ထောင်မကျကြသေး၍ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင် အတူထိုင်၊ ရုပ်ရှင်အတူ ကြည့်ဖြစ်ကြသည်။

http://www.cherrythitsar.org



'မင်း ခင်စောမွန်ကို အပြစ်တင်သေးလား'

'သူ့ အယူနဲ့သူပဲကွာ၊ အပြစ်မဆိုချင်တော့ပါဘူး'

တင်ထွန်းပြုံး၏။ ကျွန်တော်က…

'ပြဿနာစစချင်းတုန်းက ကဝါလမိုင်းဆရာကြီးကိုပဲ အပြစ်တင်ရမလား၊ မြန်မာပြည်ရှိသမျှ ဗေဒင်ဆရာရောင်စုံကိုပဲ အပြစ်လိုက်တင်ရမလားပေါ့၊ ခုတော့ စိတ်ငြိမ်အောင် ထားလို့ရပါပြီ၊ ဒီပညာက စိတ်ဝင်စားစရာတော့ အကောင်းသား၊ မင်းကို ခင်စောမွန်အမေက ပြောတဲ့စကားတွေ ငါပြန်စဉ်းစားပါတယ်၊ ခင်စောမွန်နဲ့ ပေးစားတဲ့သူက ရာဇဖွားဆိုတာကအစ၊ ဘယ်မှာဥစ် ဘယ်လောက်၊ တွင်းပြင်ကသစ် ဘယ်လောက်ဆိုတာပါ ငါမှတ်မိပါတယ်၊ သူတို့သမီး ကောင်းစားရေးကိုး'

* * * * *

http://www.cherrythitsar.org

# [ ၄ ]

တစ်ယောက်ကိုတစ်ယောက် ရဲရဲဝံ့ဝံ့ စကားမဆိုရဲကြ။ တင်ထွန်းက ကျွန်တော်နှင့် ခင်စောမွန်အကြားတွင် စကားဖန်တွေ ဆိုသည်။ အတော်ကြာမှ စကားတွေ ပြောကာဆိုကာ ရှိလာကြသည်။ မတွေ့ကြသည်မှာ ဆယ်နှစ်သာသာရှိပေပြီ။ ခင်စောမွန်တို့မိသားစုက ရန်ကုန်သို့ ပြောင်းလာကြသည်။ သူ့စကားအရ ခင်ပွန်းဖြစ်သူက နောက်အိမ်ထောင်ပြုသည့်အကြောင်း၊ ငွေကြေးထောက်ပံ့ခြင်းတော့ ရှိကြောင်း သိရသည်။ ကလေးလေးယောက် ရနေသည်ကိုလည်း သိရသည်။ အိမ်ထောင်ရေး သောကဗျာပါဒသံတွေကို ကြားရသည်။ ကျွန်တော်မပြောသာ။ တင်ထွန်းက ဘဝဆိုတာ ဒီလိုပေါ့လေ ဟူသော ရေးဂါထာကိုသာ ရွတ်လေ၏။

'အမေတို့၊ အဒေါ်တို့လဲ စိတ်မကောင်းကြဘူး၊ သူတို့စီမံတဲ့ အိမ်ထောင်ရေးမဟုတ်လား၊ သူက ခင်စောမွန်နဲ့ လက်မထပ်ခင်က သိပ်အေးသိပ်ရိုးတာ၊ ဆေးလိပ်လဲမသောက်၊ အေးလိုက်တာမှ ရေခဲက

http://www.cherrythitsar.org



အဘခေါ်ရမယ်၊ အိမ်ထောင်သက် လေးနှစ်လောက်လဲနေရော၊ လိုင်းပေါင်းစုံ၊ ပြဿနာမျိုးစုံ၊ ကမ္ဘာ့လူလည်ကြီးများအဖွဲ့ဖွဲ့ရင် မဟာဂရိတ်နာယကနေရာ ပေးထိုက်တယ်၊ ခင်စောမွန် ကံပေါ့လေ'

တင်ထွန်းက သူဘာနေ့သားလဲဟု မေး၏။ ခင်စောမွန်က…

'ဘာလုပ်မလို့လဲ'

ကျွန်တော့်ကို တင်ထွန်းက ကြည့်သည်။ ထိုနောက် ခင်စောမွန်ကို…

'သူ ဗေဒင်ကျကျနန တွက်တတ်တယ်၊ ဟောတာ ရာနှုန်းပြည့်မှန်တယ်၊ ကျွန်တော်ဌာနပြောင်းတာရော၊ ရာထူးတိုးတာရော၊ အိမ်ထောင်ကျတာရော နေ့စွဲနဲ့၊ အချိန်နဲ့ အတိအကျဟောတယ်၊ ဒီတော့ ခင်စောမွန်ခင်ပွန်းရဲ့အနေအထား ဘယ်လိုရှိမယ်ဆိုတာ သိ'

ခင်စောမွန်ကရယ်ပြီး လက်ကာတားသည်။ အမလေး…တော်ပါ၊ မယုံရေးချမယုံ၊ အပိုတွေ တွက်မနေနဲ့၊ လက်ညှောင်းမယ်၊ သူ့အကြောင်းသိပြီးသားဟု ရယ်သံဖြင့် ပြောသည်။

'မခင်စောမွန် မယုံဖူးလား'

'ယုံတဲ့သူတွေကို စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးတယ်၊ ကိုယ့်အယူအဆနဲ့ ကိုယ်ပေါ့လေ၊ မဟုတ်ဘူးလား…'

'ထားလိုက်ပါ၊ တခြားအကြောင်းတွေ ပြောကြရအောင်'

ကျွန်တော် အံ့ဩသည်။ ဆယ်နှစ်။ ထိုဆယ်နှစ်မတိုင်မီကသာ ထိုစကားကို သူပြောခဲ့သော် ကောင်းလေစွ…။

'ကျွန်တော်တော့ ကိုယ်တွေ့မို့ ယုံလိုက်တယ်ဗျ'

တင်ထွန်းက ပြောသည်။

'ကျွန်မကတော့ ကိုယ်တွေ့မို့ မယုံတော့ဘူးရှင့်…'

http://www.cherrythitsar.org



'ဒါဖြင့် မွှာသောက အင်းဝရာဇာ ဆိုတာလောက်ကိုရော' ခင်စောမွန်ရယ်၏။ ရယ်သံနှင့်...

'အမှန်က သီရိမွှာသောကမင်းကြီးဟာတဲ့ အင်းဝမှာ ရာဇာ ဘုရင်လာလုပ်ဖူးတယ်လို့ ပြောတာပါ'

ပြော၍အဆုံးတွင် ဟုတ်တယ်မဟုတ်လား ကိုဝင်းလတ်ဟု မေး၏။

ကျွန်တော် ရယ်၍သာ နေလိုက်၏။ မဖြေချင်။ ဖြေအားမရှိ။

အချည်းနှီး နှစ်များစွာကို နှမြောနောင်တရရန် မသင့်လျော်တော့။ ။

■ *ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၅ ခုနှစ်၊ မေလ။*

# ငှက်ရိုးနှင့်အပေါင်းပါများအတွက် ပညာပေးအစီအစဉ်

## [ ၁ ]

ကြားရဖန်များလာတော့ နားငြီးငွေ့လာရုံတင်မကဘူး၊ နားကြား ပြင်း ကတ်လာတာပေါ့ရှင့်။ သူတို့ သူငယ်ချင်းသုံးလေးဦး ဆုံကြပြီလား ဆိုရင် စားကြ၊ သောက်ကြဖို့ စီစဉ်ရော။ မိန်းမတွေက မြည်းစရာ ပြင်ဆင်ပေး၊ ကြော်လှော် ချက်ပြုတ်ပေးကြပေါ့။

မြည်းရင်း၊ သောက်ရင်း တစ်ခွက်လောက်ဝင်ပြီဆိုရင် ကျွန်မ ယောက်ျားက...

'ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့က အောင်သေအောင်သား စားတဲ့အနေနဲ့ ကျောင်းနှစ်ဆောင်ကြားက ကုက္ကိုပင်ကြီးအောက်မှာ သောက်ကြ၊ မူးကြ၊ ကကြတာတွေ သတိရသကွာ'

http://www.cherrythitsar.org



ကိုငှက်ရိုး စကားစတာနဲ့ ကြက်တောနဲ့ ဖိုးသာဘေးတို့က ဟုတ်ပဲ့ကွာ၊ အဲဒီတုန်းက ပထမဦးဆုံး များများစားစား သောက်ဖူးတာ၊ ဆယ်တန်းအောင်တော့ လူကြီးတွေက ပစားပေးတဲ့အချိန်ကိုးလို့ ပြောကြ ရော။ ကြက်တောက...

'ဖိုးသာဘေး၊ မင်း အဲဒီတုန်းက ဝမ်းနည်းဝမ်းသာ နေမှာပေါ့ နော်၊ မနေ့ကလို ရည်းစားက လင်နောက်လိုက်တယ်၊ ဒီနေ့ ဆယ်တန်း အောင်တယ်၊ ရင်ဘတ်စည်တီး ရယ်တယ်ဆိုတာ အဲဒါနေမှာပေါ့နော်'

ဖိုးသာဘေးက သူ့မိန်းမကို လှမ်းကြည့်ပြီး အဟီးတဲ့။ ကြက်တောရဲ့ မိန်းမ ဗိန်မက ကျွန်မကို လက်ကုပ်ပြီး...

'စပြီ... စပြီ၊ မြူနီစပါယ်မြောင်းလောက် အပ်ကြောင်း နက်နေတဲ့ ခတ်ပြားဟောင်း'

ကျွန်မက...

'ပြောပါစေ၊ သင်းတို့ လျှာအရသာခံလာတာ နှစ်အစိတ် သုံးဆယ်၊ ငါတို့ ပြန်တွယ်ရအောင်၊ အသာနေ ဉာဏ်ထုတ်ကြတာပေါ့'

ဟုတ်တယ်လို့ ဖိုးသာဘေးမိန်းမ မိအေးက ထောက်ခံတယ်။ ပုစွန်ကြော်ကို သံပရာရည် ဆမ်းပြီး အစိမ်းသုပ်သုပ်နေတဲ့ ကျွန်မက သူတို့မကြားအောင် လေသံနှိမ့်ပြီး...

'ယောက်ျားတွေဟာ အကျင့်ကိုတန်တယ်'

ဩော်... ကလေးတစ်ဒါဇင်မွေးပြီးမှ ညည်းသိတယ်ဆိုပါ တော့ မကျည်းတန်၊ ဟဲ...ဟဲ... လို့ ဗိန်မက ဟားတယ်လေ။ အမယ်... ညည်းကကော ဒါဇင်ဝက်လောက်ကို ရှောဘရားသားကုမ္ပဏီ ပို့ပို့ပစ်တော့ ပြောပေါ့လို့ မိအေးက ကျွန်မကိုယ်စား ဝင်တွယ်တယ်။

http://www.cherrythitsar.org



မီးဖိုချောင်ထဲမှာ ကျွန်မတို့ ကွိကျိကွိကျိပြောသံကို ထမင်းစားခန်းကနေ ကြားပုံရတယ်…။

'ငါတို့အတင်းတွေ ပြောနေကြတာလားဟေ့'တဲ့။ ကြက်တောက လှမ်းအော်မေးတယ်။ မိအေးက…

'အဖက်လုပ်ပြီး ပြောလောက်လို့လား'

သူတို့က ဝါးခနဲရယ်တယ်လေ။ ဗိန်မက ခရမ်းချဉ်သီးသုပ်နဲ့ မြင်းခွာရွက်သုပ် ပန်းကန်နှစ်ချပ်ကိုယူပြီး ထမင်းစားခန်းဆီ သွားတယ်။ ပြန်လာတော့…

'မကျည်းတန်၊ ညည်းယောကျ်ားက ငါ့ယောကျ်ားကြက်တောကို စပြီးချွန်နေတယ်၊ မင်း တက္ကသိုလ်မှာ စာသင်ပေးနေတဲ့ တပည့်လေးတွေထဲမှာ မင်း ရည်းစားဟောင်းရဲ့ သားသမီးတွေပါလာရင်၊ သိရင် ဘယ်လိုနေမလဲတဲ့၊ ကြက်တောက ဘာဖြေလဲသိလား၊ မင်းတို့ အမေလဲ ကြောက်ပါတယ်၊ မင်းတို့ကိုလဲ ကြောက်ပါတယ်လို့ ဆလံပေးမယ်တဲ့၊ ပေါက်ပေါက်ရှာရှာ'

မိအေးက တဟားဟားရယ်တယ်လေ။ အင်ဂျင်နီယာချုပ်ကြီးတွေ၊ ကထိကကြီးတွေ၊ ဆေးရုံအုပ်ဆရာဝန်ကြီးတွေ ဖြစ်လာတာ၊ ဘိုးအေဘဝရောက်လာတာတောင် ခုနစ်တန်းကျောင်းသားစိတ် မကုန်ကြသေးဘူး။ ကာလသား လူပျိုပေါက်တွေလို နေကြတယ်လို့ ကျွန်မ ပြောတော့ မိအေးက…

'အိုတယ်ဆိုတာ လူ၊ မျက်လုံး၊ အဲ… ယောကျ်ားတွေရဲ့ မျက်လုံးက ဘယ်အခါမှ မအိုဘူးတဲ့၊ ယောကျ်ားမျက်လုံးဆိုတာ မအိုဘူး၊ မှုန်ပဲမှုန်လာတာတဲ့'

http://www.cherrythitsar.org



ဗိန်မက တခိခိရယ်တယ်၊ ပြီးတော့…

'မျက်လုံးတင် မကပါဘူး၊ ပါးစပ်အရသာပါ ခံတာ၊ ဘယ်ရုပ်ရှင်မင်းသမီးက ဘယ်နားမှာ ပိုလှတယ်၊ ဘာညာနဲ့ ဝစီကံနဲ့ပြစ်မှားတယ်လေ၊ ချောချောလှလှတွေ့ရင် သမာဓိငမ်း ငမ်းတယ်၊ ငါအပျော်ဆုံးအလုပ်က ငါ့ယောကျ်ားရဲ့ မျက်လုံးကို ဖမ်းရတာ။ ဖြောင့်ဖြောင့်တောင့်တောင့်ကို သူက ခိုးအကြည့်၊ ငါက သူ့မျက်လုံးကိုမိအောင်ဖမ်း၊ ဟဲ့… မျက်လုံး၊ ပုစွန်မျက်လုံး ဖြစ်သွားချင်လား၊ ဘာလားနဲ့ စောင်းပြောလိုက်ရတာ'

ကျွန်မရယ်တာ အသံ အတော်ကျယ်နေတယ်။ ဗိန်မက ကတ်ကတ်သတ်သတ်ကို ပြောတတ်ပါရဲ့။ မိအေးက ငရုတ်ချိုချဉ်စပ်နေတာရပ်ပြီး…

'ဖွဲတစ်ဆုပ် မ နိုင်သေးရင်တောင် ဘာဖြစ်တယ်ဆိုလားပဲ၊ ဟုတ်မယ်'

'ဟုတ်လား၊ အဟုတ်ပဲလား မိအေး'

မိအေးက ဗိန်မမေးတာကို…

'ညည်းအသိပဲလေ'

ကျွန်မတို့သုံးယောက်သား ဟားခနဲ ရယ်လိုက်ကြတယ်။ သူယောင်မယ်တွေက ရယ်သံမောသံနဲ့ ငါတို့ကို ဖြားယောင်းနေတယ်ဟော့လို့ ကိုငှက်ရိုးက လှမ်းအော်ပြီး နောက်တယ်။ ဗိန်မက…

'ငါတို့ အမျိုးသမီးထုရဲ့ဘဝကို တစ်ခါတလေ လေးလေးနက်နက် စဉ်းစားကြည့်တယ်၊ ရင်နာတယ်'

ရင်နာရင် ပရုတ်ဆီလိမ်းပေး၊ ကြပ်ထုပ်ထိုးပေးလဲ သက်သာတယ်လို့ မိအေးက ဝင်နောက်တယ်။ ဗိန်မက ဟင်းခနဲရယ်ပြီး…

http://www.cherrythitsar.org



'ငါစကားကောင်း ပြောမလို့ပါ၊ ယောကျ်ားတွေကချည်း နေရာတိုင်း ကြီးစိုးနေတယ်၊ ငါတို့က သူတို့ဝေယျာဝစ္စ ဆောင်ရွက်ပေးရတဲ့ အလုပ်သမနဲ့ တူတယ်၊ အိမ်မှာ အဆုံးအဖြတ်ပေးလဲ သူတို့၊ လင်က အိမ်ဦးနတ်တဲ့၊ မယားကျတော့ ဘယ်လိုမှမခေါ်ဘူး'

အို အေး... သူတို့က အိမ်ဦးနတ်ဆိုရင် ငါတို့မိန်းမတွေက အိမ်ဦးနတ်ကတော်ပေါ့ ဗိန်မရဲ့လို့ ကျွန်မက သောလိုက်တယ်။ ဒါဖြင့် အိမ်ဦးနတ် ကနားစီးပေါ့နော်တဲ့။ မိအေးကပါ ဝင်ဟားတယ်။ ဗိန်မက ရယ်မောရင်းနဲ့...

'အိမ်မှာရော၊ နိုင်ငံမှာရော သူတို့အုပ်ချုပ်လာတာ အနှစ်သုံးလေးငါးထောင်ရှိပြီ၊ ငါတို့က နောက်လိုက်ဖြစ်နေတယ်၊ သံအမတ်တို့၊ ဝန်ကြီးချုပ်တို့၊ ဘာတို့ အမျိုးသမီးတစ်ယောက်တလေ ရှိတော့ရှိလာတယ်၊ နည်းတယ်၊ အကောင်းဆုံးက အမိအုပ်စိုးတဲ့ခေတ်ကို ပြန်ထူထောင်ဖို့လိုတယ်'

အေး... ဟုတ်တယ်၊ ဒါပေမယ့် အဲဒီကိစ္စ ငါ့ယောကျ်ားနဲ့ တိုင်ပင်ပါရစေဦး ဗိန်မရယ်လို့ မိအေးကပြောတယ်။ ဩော်... လင်ကြောက်မ၊ လကမတဲ့။ ဗိန်မက ပြောလိုက်တာလေ...။

'အမျိုးသမီးတွေကချည်း စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးမှာ ပြောင်းလဲတာဝန်ယူရင် ကမ္ဘာကြီးငြိမ်းချမ်းပြီ၊ ဟုတ်တယ်မဟုတ်လား မကျည်းတန်'

ကျွန်မက...

'ဒါပေါ့၊ ဒုံးပျံအစား လက်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေးပဲ ထုတ်ရတော့မယ်၊ ဘရာစီယာ၊ ပင်တီအားလုံး ဈေးချိုသွားမယ်၊ ဖောဖောသီသီ သုံးရမယ်၊ ဒါပေမယ့် ယောကျ်ားတွေက ဩဇာအာဏာအားလုံး

http://www.cherrythitsar.org



ငါတို့မိန်းမတွေ ချုပ်ကိုင်တာကို ခံနိုင်ပါ့မလား၊ နှစ်လေးငါးထောင် သူတို့က အပေါ်စီးက နေလာတာ’

အင်းလို့ မိအေးကပြောတယ်။ ဗိန်မက အတော်အရေးဆို ယူရမှာတဲ့…။

* * * * *

# [ ၂ ]

မြည်းစရာ၊ စားစရာစုံလို့ သူတို့နဲ့ တစ်စားပွဲတည်း ကျွန်မတို့ ထိုင်ကြတယ်။ သူတို့အတော် နှုတ်ရွှင်နေကြပြီလေ။ ကျွန်မယောကျ်ား ကိုငှက်ရိုးက…

'ကျောင်းသားဘဝတုန်းက ရည်းစားသက်စေ့ထားမလို့ဟာ တစ်ယောက်မှာ ဆုတ်ပြန် ဆန်ပြုတ်ပြီး တစ်ယောက်လိုခဲ့တာ တွေးမိတိုင်း ယူကျုံးမရဘူး'

ကျွန်မကို ကိုငှက်ရိုးပြောပြီး ရယ်တယ်။ ကိုကြက်တောက…

'ငါလဲ ခုနစ်နေ့စေ့တယ်၊ တနင်္ဂနွေသမီးဆို လေးယောက် တောင်'

ဖိုးသာဘေးက ဝီစကီနည်းနည်းငှဲ့ရင်းနဲ့…

'ငါက ရှစ်နေ့၊ ရာဟုသမီးပါ ပါတယ်'

ဘယ်စျေးနဲ့ တည့်လာခဲ့တာတွေလဲ ကိုဖိုးသာဘေးလို့ မိအေးက

http://www.cherrythitsar.org



သူ့လင်ကို ကလိလိုက်တယ်။ ရယ်သံတွေကြားထဲမှာ ဖိုးသာဘေး ဇက်ပု သွားတယ်လေ။ ပွဲဈေးမှာ ထင်တယ်။ နှုတ်ခမ်းနီ၊ ပါးနီ မျက်နှာချေ ထူထူလူးပြီး ဖောက်သည်စောင့်နေတာတွေလားလို့ ဗိန်မကပါ တီးပစ် ရော။ ကိုငှက်ရိုးက တဟဲဟဲရယ်ရင်းနဲ့...

'တည်လာသမျှဇာတ်က ဒီကျမှပဲ တစ်ချက်တည်းပျက်ရတော့ တယ်'

နေစမ်းပါဦး၊ ရှင်တို့က အရက်စုသောက်တာ၊ ငယ်ငယ်က ရည်းစားတွေအကြောင်းပြောဖို့ ယိုးမယ်ဖွဲ့ကြတာလားလို့ ကျွန်မမေးတော့ ကြက်တောက...

'စပ်မိလို့ ပြောတာပါ၊ ပြောချင်လွန်းလို့ မဟုတ်ရပေါင်ဗျာ'

'ငယ်ရည်းစားဆိုတာ ကျန်ခဲ့ပါပြီ'

ဖိုးသာဘေးက မချိုမချဉ်မျက်နှာနဲ့ ပြောတယ်။ ငယ်ကျိုးငယ်နာ တွေ ဆိုပါတော့လို့ ဗိန်မက နှက်တယ်။ ဖိုးသာဘေးက ရင်ဘတ်ကို လက်နဲ့ဖိပြီး သွားပါပြီဗျာတဲ့။

* * * * *

http://www.cherrythitsar.org

# [ ၃ ]

မခင်မြင့်တင်တဲ့။ ကြည်တဲ့။ ပြီးတော့ မြ၊ ရွှေ၊ စိန်၊ သန္တာ၊ နီလာတဲ့။ ဗျည်းကုန်၊ သရကုန်၊ မိန်းကလေးနာမည်တွေ။ တော်တော်လေး မူးလာကြတော့ ကျွန်မတို့ကို တယ်ဂရုမစိုက်တော့ဘူး။ စာပေကိစ္စ၊ ပြန်စာထဲက စကားလုံးတွေ ရွတ်လိုရွတ်၊ ဘယ်ပုံဘယ်ပုံ ချိန်းတွေ့ပုံ၊ ဘယ်လိုကွဲပုံတွေ မြိန်ရေရှက်ရေ ပြောနေကြတာပေါ့။

ကိုငှက်ရိုးက သူများထက်ပိုတယ်။ ခေါင်းမှာဆံပင်ဖြူတွေ များလာတာကို မေ့ထားပြီး ပြောလိုက်တာများ...

'အဲဒီတုန်းက ငါအတော်ခံစားလိုက်ရတာ၊ နောက် မိစမ်းနဲ့ ကြိုက်တော့ အဲဒီခံစားချက်တွေ ဘယ်ရောက်သွားမှန်းမသိဘူး၊ ဟီး... ဟီး...'

မိစမ်းနဲ့ကြိုက်နေရင်း မဂိုမလေးဆီ ရည်းစားစာပေးခိုင်းတာ လေ၊ ငါ့မှာ မိုးထဲလေထဲ စာသွားပေးရသေးတယ်တဲ့၊ ကြက်တောက ပြောပြီး ဟားတယ်။ ဖိုးသာဘောက...

http://www.cherrythitsar.org



'ငှက်ရိုးရာ၊ မင်းကတော့ လွန်လွန်းအားကြီးပါတယ်၊ မင်းနဲ့ မကျည်းတန်နဲ့ မင်္ဂလာမဆောင်ခင် တစ်ရက်အထိ တရုတ်မလေးဆီက အဖြေကို ဖုန်းထဲက လှမ်းတောင်းသေးတယ်'

အေးလေ၊ ဒါပေမယ့် မင်းတို့၊ ငါတို့အတွက် ဘ၀ခရီးဖော်လို့ ဘုရားသခင် ထမ်းပိုးတင်ပေးတာက သူတို့ပဲလို့ ကျွန်မတို့ဆီ မေးငေါ့ပြီး ဖြေဆေးတိုက်တယ်။ ကြက်တော ဖြေဆေးစကားအဆုံးမှာ ကိုငှက်ရိုး က...

'ဒါပေါ့... ဒါပေါ့၊ ဟိုဟာတွေက ကျန်ခဲ့ပါပြီ၊ အလကား သူတို့ကမှ ပတ္တမြား'

ကျွန်မက ဗိန်မကို ဇာတ်တိုက်ထားတဲ့အတိုင်း မျက်စပစ်လိုက်တယ်။ ဗိန်မက ကြက်ဥကြော်စားရင်း...

'သြော်... ဒါထက် မကျည်းတန်၊ ငါ ကျန်ခဲ့တဲ့ စနေက မိုလ်ချုပ်ဈေးသစ်သွားတော့ ပိန်တာရိုးနဲ့ တွေ့တယ်၊ သူပြောပြမှ ပုတုတစ်ယောက် ရန်ကုန် ပြန်ရောက်နေတာ သိရတယ်'

ကျွန်မက ဘယ်ပိန်တာရိုးလဲလို့ မသိတဲ့မျက်နှာနဲ့ မေးတော့ ဗိန်မက...

'ဘီအိုစီကောလိပ်မှာတုန်းက နင့်ကို ရည်းစားစာပေးတဲ့ ပိန်တာရိုးလေ'

'သြော်... ခု သူဘယ်မှာလဲ'

'သူ ညွန့်ကြားရေးမှူးချုပ်ရာထူးနဲ့ ရန်ကုန်ကို ပြန်ပြောင်းလာရတယ်တဲ့၊ သူက နင့်ကို အမှတ်တရမေးတယ်၊ သူ ခုထိ လူပျိုကြီးတဲ့၊ အရင်ကလို မပိန်တော့ဘူး၊ ၀အစ်နေတာပဲ၊ အိမ်ဖုန်း၊ ရုံးဖုန်းပေးလိုက်တာ၊ အိမ်မှာ ငါကျန်နေတယ်၊ နောက်နေ့မှ လှမ်းပြောမယ်'

http://www.cherrythitsar.org



ကျွန်မက မျက်နှာနေမျက်နှာထား ပြင်လိုက်တယ်။ ပုတုဆိုတာ နင့်ကို သဲကြီးမဲကြီး စကားလိုက်ပြောနေတဲ့ ပုတုမဟုတ်လား ဗိန်မလို့ မိအေးက ဝင်မေးတာပေါ့။ အိုအေ ညည်းကလဲ၊ ဒါကျတော့ မှတ်မှတ်ရရ လို့ ဗိန်မက အပျိုပေါက်အမူအရာနဲ့ ပြန်ပြောရော။ မိအေးက တခိခိ ရယ်ရင်း...

'နေပါဦး၊ ပုတုနဲ့တွဲပြီး ငါ့ဆီ စာတိုက်ကနေ ရည်းစားစာ တစ်ပတ်တစ်စောင် မှတ်ပုံတင်ပြီးပို့တာ ဘယ်သူ'

ကျွန်မက...

'မျက်မှန်တပ်ထားလို့ ငါတို့က လေးလုံး... လေးလုံး ပြောင် ခေါ်တာ နင်တကယ်မေ့နေလား'

မိအေးက အဲ... အဲဒီလေးလုံးနဲ့ ရွှေတိဂုံဘုရားမှာ တလော တုန်းက ဆုံသေးတယ်။ သူ့ခမျာ သနားစရာ၊ မုဆိုးဖိုဖြစ်နေတယ်။ သားသမီးကလဲ မကျန်ခဲ့ဘူးတဲ့၊ တိုင်းမန်နေဂျာဖြစ်နေပြီတဲ့လို့ ကသော ကမျော ဝင်ပြောပါရော...။

ဝ္ဂပ်တဲ့...။

ဖန်ခွက်ကို ဖိုးသာဘေးက ခပ်ဆောင့်ဆောင့် ချတယ်။ ကြက်တော စီးကရက်ကို အရမ်းဖွာလိုက်၊ မီးခိုးမှုတ်လိုက်နဲ့။ ကိုငှက်ရိုး က နှုတ်ခမ်းစူတူတူ။ ကျွန်မတို့သိလိုက်တာပေါ့။ ဗိန်မက...

'လေးလုံးက စာအရေးကောင်းတယ်၊ ချစ်လွန်လွန်းလို့ ဘုရား ရှိခိုးပြီးတိုင်း မေတ္တာပို့ပါတယ်ဆိုတာ ခုထိ မှတ်မိသေးတယ်'

မိအေးက သဘောတကျ ရယ်နေတယ်လေ။ ကျွန်မက ဟုတ် ပါရဲ့လို့။ ကျွန်မတို့သုံးယောက် စီကာပတ်ကုံး ပြောနေတဲ့အချိန်မှာ

http://www.cherrythitsar.org



ကိုယ်တော်ချောတွေက ငုတ်တုတ်။ မျက်နှာတွေကတော့ ကတ္တီပါအနက် စွပ်ထားသလားပဲ။ စိတ်ကူးတွေ ပိုပိုကောင်းလာလို့ ထင်ပါရဲ့။ ကျကျနန ဇာတ်မတိုက်ရသေးပဲနဲ့ အပေးအယူ အကွက်အခင်း စေ့နေတာ။ ပြောရင်း ပြောရင်း ကိုယ်စကားကိုယ် အဟုတ်လို့တောင် ကျွန်မတို့ ထင်ချင်လာ တယ်ရှင်...။

* * * * *

## [ ၄ ]

ခါတိုင်းလို ညဥ့်နက်သန်းခေါင်အထိ စားဝိုင်း၊ သောက်ဝိုင်း မကြာခဲ့ဘူး။ နေချိုချိန်မှာ လူစုခွဲကြတယ်။ ညှော်သည်တွေမရှိ။ ကလေးတွေ ရုပ်မြင်သံကြား ကြည့်နေချိန်ကျမှ...

'စာပေးဖူး၊ စကားလိုက်ပြောဖူးတဲ့ အကောင်တွေအကြောင်း ပြောရတာနဲ့ပဲ သိပ်ပင်ပန်းသွားသလား မကျည်းတန်'

ခုတင်ပေါ်မှာ လှဲနေတဲ့ကျွန်မကို ကိုငှက်ရိုးက ထေ့ပြုံးနဲ့ ရိ ပြောပြောတယ်။ ကျွန်မစိတ်ထဲက ရယ်မိတယ်။ ခုလောက်ဆို ဗိန်မနဲ့ မိအေးတို့ကိုလဲ သူတို့ယောက်ျားတွေက ကိုငှက်ရိုးပြောသလို တစ်ခုခု ပြောနေမှာ တွက်ပြီးသားပဲ...။

သူတို့အလှည့်ကျတော့...

'ဟင်း...' ရယ်ရတယ်နော်...။ ။

■ *သာရမဂ္ဂဇင်း၊ ၁၉၈၈ ခုနှစ်၊ မေလ။*

http://www.cherrythitsar.org

